# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်  ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၈]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။** (ယမကဝဂ္ဂ ဓမ္မပဒ)

## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် နည်းပညာနှင့်အရင်းအမြစ်များ ကူညီပေးရေးဆွေးနွေး

စာမျက်နှာ-၃

# နေရေးအတွက် စိတ်အေးရပြီ



ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ တန်ဖိုးနည်းဗိုလ်ဗထူးအိမ်ရာကို တွေ့ရစဉ်။

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ယခင်မြေနီလမ်းကလေးသည် လမျက်နှာပြင်ကဲ့သို့ ချိုင့်ခွက်များနှင့် ပြည့်နှက်မနေတော့။ ကွန်ကရစ်လမ်းမကြီးတစ်လျှောက် ရုံးသွားရုံးပြန်၊ ကျောင်းသွားကျောင်းပြန်သူတို့တဖွဲဖွဲဖြင့် အသစ်မွေးဖွားလာခဲ့ပြီ။ ထိုကွန်ကရစ်ပတ်လမ်း၏ အဆုံးတွင် မိုးဦးကျပေါက်ပွားသည့် မှိုပွင့်များကဲ့သို့ အဆောက်အအုံသစ်များကို မြင်တွေ့ရသည်။ ဆူဆူညံညံ လူငယ်အချို့ သီချင်းဆိုသံကိုလည်း ညနေပိုင်းအချိန်တို့တွင်ကြားရပြီး ထမင်းချိုင့်ချင်းရိုက်ခတ်ကာ အိမ်ပြန်လာကြသည့် အလုပ်သမတို့၏ ငြင်းခုံပြောဆိုသည်များသည် ယင်းလမ်းကလေးကို ပိုမိုအသက်ဝင်စေတော့သည်။

ထိုမြင်ကွင်းမှာ ရန်ကုန်မြို့ ရွှေပေါက်ကံမြို့ (၁၄) ရပ်ကွက်အတွင်းရှိ တန်ဖိုးနည်းအိမ်ရာတစ်ခု ဖြစ်ပြီး ငါးနှစ်အတွင်း လျင်မြန်သောအရှိန်အဟုန်ဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ရွှေပေါက်ကံမြို့ တန်ဖိုးနည်းအိမ်ရာကဲ့သို့ပင် နိုင်ငံတော်အစိုးရ၏ အိမ်ရာကဏ္ဍတွင် နှစ် ၂၀ ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၁ခုနှစ်မှ စတင်ခဲ့ရာ

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား

လက်ရှိအစိုးရလက်ထက်တွင် ဒီမိုကရေစီအုတ်မြစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။ ဒီမိုကရေစီ၏အနှစ်သာရနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံမှ တဖြည်းဖြည်းဖြေလျှော့မှုများဖြင့် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သည် ပြည်သူအုပ်ချုပ်သောစနစ်ပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က စက်တင်ဘာလကုန် ရေဒီယိုမိန့်ခွန်းတွင် "လာမယ့်ငါးနှစ်အတွင်းမှာ မြို့နယ်၊ မြို့ပြအုပ်ချုပ်ရေးများကို အစိုးရအုပ်ချုပ်ရေးကနေ ပြည်သူများကရွေးချယ်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းတဲ့ Township Council, City Council များအဖြစ် အသွင်ပြောင်းဖွဲ့စည်းနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖြည့်စွက်ပြင်ဆင်သွားဖို့ ရည်ရွယ်ထားပါတယ်။ ပြည်သူ့အုပ်ချုပ်ရေးယန္တရားဖြစ်မှသာလျှင် ပြည်သူများရဲ့လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာလည်းဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

လာမည့်အစိုးရလက်ထက်တွင် ဒီမိုကရေစီ၏အနှစ်သာရကို ပို၍ခိုင်မာရှင်သန်အောင် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ဒီမိုကရေစီသည် ဆင်းရဲသူအပေါင်းအား ဆင်းရဲခြင်းမှ လွတ်ကင်းအောင်လမ်းပြပေးနိုင်သော ဝါဒပင်ဖြစ်သည်ဟု ဒီမိုကရေစီပညာရှင်တို့ကဆိုထားသည်။ ဒီမိုကရေစီသည် လူတိုင်းလူတိုင်းအပြန်အလှန်လေးစားခြင်း၊ လူတိုင်း တန်းတူညီမျှ အခွင့်အရေးရှိခြင်း၊ လွတ်လပ်မျှတမှုရှိခြင်း၊ အများဆန္ဒနှင့်အညီ အုပ်ချုပ်စီမံလုပ်ကိုင်ဆောင်ရွက်ခြင်းတို့သည် ဒီမိုကရေစီ၏ သဘောပင်ဖြစ်၏။

ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုဆောင်ရွက်ခဲ့ရာတွင် အစိုးရအုပ်ချုပ်ရေးယန္တရားကိုလည်း အုပ်ချုပ်မှုကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရအဖြစ် အလေးထားဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်နှင့်အစိုးရများသာမက မြို့နယ်အဆင့်တွင်လည်း မြို့မိမြို့ဖများပါဝင်သော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးချယ်ဖွဲ့စည်းပြီးပြည်သူများပါဝင်သော အုပ်ချုပ်ရေးစနစ်ဖြစ်အောင် စတင်ပုံဖော်နိုင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာလည်း အုပ်ချုပ်ရေးယန္တရားကို ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူများ၏လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်မည့် ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားအဖြစ်သို့ စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းဖွင့်

**မိုင်းဆတ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဆင့်ပွားသင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**


" အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ "
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၁၃ ရက်နေ့ )
International Day for Disaster Reduction
" ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ် "
' Knowledge for Life '
DRR Working Group Myanmar


## ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ဆန္ဒမဲအောင်မြင်စွာပေးနိုင်ရေး ရှင်းလင်းဟောပြော

**နေပြည်တော် အောက်တိုဘာ ၇**

အားကစားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲအောင်မြင်စွာပေးနိုင်ရေးအတွက် ရှင်းလင်းဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာနစုပေါင်းခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲကို မှန်မှန်ကန်ကန်ပေးနိုင်ရေး၊ အမှားအယွင်းမရှိစေရေး၊ မိမိဆန္ဒမဲ ပယ်မဲမဖြစ်စေရေးတို့အတွက် ယခုလို ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေနှင့် မဲပေးရာတွင် မဲပေးရခြင်း၏ ရည်ရွယ်ချက် အကြောင်းအရာများကိုသိရှိရန်လိုအပ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်တို့၏ အသီးသီးမဲပေးရခြင်း အကြောင်းအရင်းများ သမ္မတရွေးချယ်ပုံအဆင့်ဆင့်မဲပေးနည်းများကို ရှင်းလင်းပြောကြား၍လည်းကောင်း၊ ဝန်ထမ်းများအနေနှင့် ဘယ်လိုမဲပေးရမယ်ဆိုသည့် ဝန်ထမ်းများ မိမိ၏ဆန္ဒမဲကို တိကျခိုင်လုံသော မဲဖြစ်စေရန်အတွက် မဲပေးပုံအဆင့်ဆင့်ကို Projector များဖြင့် ပြသရှင်းလင်း၍ လည်းကောင်း၊ ဝန်ထမ်းများ၏ ဆန္ဒမဲပယ်မဲဖြစ်စေနိုင်သည့် မဲပေးမှုမှားယွင်းမှုအချက်များအား Projector များဖြင့်လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား ဆန္ဒမဲပေးရန် အသိပညာပေးရုပ်သံများအား ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဂေါ်ဒန်ကျောက်တင်မော်တော်ယာဉ်ကြီးများ စည်းကမ်းမဲ့စွာရပ်နားနေ၍ အန္တရာယ်ရှိ

**ထင်သာမြင်သာပြုပြင်စရာ**



**သီပေါ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန်ဟဲကျေးရွာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဂေါ်ဒန်ကျောက်သတ္တုတွင်းမှ ဘိလပ်မြေပြုလုပ်ရာ တွင်လိုအပ်သော ဂေါ်ဒန်ကျောက်များကို ခြောက်ဘီး၊ ၁၂ ဘီး၊ ၂၂ ဘီး စသည့် ကုန်တင်မော်တော်ယာဉ်ကြီးများသည် ပြည်မဒေသမှ ကုန်စည်များကို မူဆယ်နှင့် တစ်ဖက်နိုင်ငံသို့ပို့ဆောင်ပြီး အပြန်ခရီးတွင် ဂေါ်ဒန်ကျောက်များကို တင်ဆောင်ရန် စည်းကမ်းမဲ့စွာရပ်နားထားသည့် ယာဉ်တန်းရှည်ကြီးကို မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီး မန်ဟဲကျေးရွာ၌ အောက်တိုဘာ ၆ ရက်က တွေ့ရှိခဲ့ရသည်။

"ကျွန်တော်တို့ကလည်း မော်တော်ယာဉ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ ယာဉ်မောင်းတစ်ဦးပါ၊ ဒါပေမယ့် အခုလို ယာဉ်ကြောအတိုင်းမဟုတ်ဘဲ ရပ်ချင်တိုင်းရပ်နေကြတာကတော့ စည်းကမ်းမဲ့လွန်းပါတယ်။ ထိန်းသိမ်းမယ့်သူလည်းမရှိတော့ ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေတာကြောင့် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းဖို့ လိုအပ်နေပါတယ်"ဟု ဒေသခံယာဉ်မောင်းတစ်ဦးက ပြောသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် နည်းပညာနှင့်အရင်းအမြစ်များ ကူညီပေးရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာ ဂေါတမ်မူခိုပါဒါယအား အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပူးတွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပပြီး ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် နည်းပညာနှင့်အရင်းအမြစ်များ ကူညီပေးရေး၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးဟံစိန်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတဦးညဏ်ထွန်းနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂေါတမ်မူခိုပါဒါယတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# တစ်နှစ် ဖိနပ်အရန်ပေါင်း ၁၀ သန်း ထုတ်လုပ်ပေးမည့် Adidas ဖိနပ်စက်ရုံဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

Myanmar Pou Chen Co., Ltd. ၏ Adidas ဖိနပ်စက်ရုံဖွင့်ပွဲကို ယမန်နေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး သာခုကန်စက်မှုဇုန်ရှိ အဆိုပါစက်ရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးနည်းဗျူဟာများထဲက ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ခြင်းနှင့် အထူးစီးပွားရေးစက်မှုဇုန်များ ထူထောင်ပြီး ပြည်တွင်း၊ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း နည်းဗျူဟာများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးစနစ်မှာ အဓိကမောင်းနှင်အားဖြစ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆက်လက်ရှင်သန်နိုင်ရန်နှင့် အရှည်တည်တံ့ဖွံ့ဖြိုးရန် စသည့် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်ပံ့ပိုးမှုများနှင့် ဖြေလျှော့ပေးမှုများကို ဆက်လက်ပြုလုပ်ပေးနေမှာဖြစ်သကဲ့သို့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၌ရှိသည့် အလုပ်သမားများ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများ မှန်ကန်စွာရရှိစေရန်၊ လူမှုစီးပွားကိစ္စရပ်များ အဆင်ပြေစေရန်၊ ပြောင်းလဲလာသည့် အလုပ်သမားဈေးကွက်နှင့်အညီ နည်းပညာကျွမ်းကျင်မှုများ ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် မဆုတ်မနစ်ဆက်လက်ကြိုးပမ်းအားထုတ်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံရှိ ထူးချွန်ဝန်ထမ်းများအား ဆုများချီးမြှင့်ပေးအပ်ကာ စက်ရုံအား စက်ခလုတ်နှိပ်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(အောက်ပုံ)** စက်ရုံအတွင်း လှည့်လည် ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ စက်မှုဇုန်တာဝန်ရှိသူများနှင့် Adidas ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

Myanmar Pou Chen Co., Ltd. ၏ မိခင်ကုမ္ပဏီသည် တရုတ်(တိုင်ပေ)တွင် တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံများတွင် စက်ရုံများတည်ဆောက်၍ ကမ္ဘာ့နာမည်ကြီး ဖိနပ် အမျိုးအစားများဖြစ်သည့် Adidas, Nike, Reebook, New Balance နှင့် Puma စသည့် Branded ဖိနပ်များကို ထုတ်လုပ်နေသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် စက်ရုံသည် ကမ္ဘာ့နာမည်ကြီး ဖိနပ်အမှတ်တံဆိပ်ဖြစ်သည့် Adidas ဖိနပ်များကို ထုတ်လုပ်ပေးမည်ဖြစ်ပြီး တစ်နှစ်လျှင် ဖိနပ်အရန်ပေါင်း ၁၀ သန်းကို ထုတ်လုပ်သွားမည်ဟု သိရှိရသည်။

ကုမ္ပဏီအနေဖြင့် အမေရိကန်ဒေါ်လာ ၇၅ သန်းခန့်ကို ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပြီး ကနဦးအနေဖြင့် အလုပ်သမား ၆၅၀ ခန့်နှင့် စတင်သွားမည်ဖြစ်ပြီး လုပ်ငန်းတိုးတက်မှုအခြေအနေအရ အလုပ်သမားတစ်သောင်းခန့် တိုးမြှင့်အလုပ်ခန့်သွားမည်ဟု သိရသည်။

**(သတင်းစဉ်)**



# သံအမတ်ကြီး ဦးကျော်စွာမင်း ဒိန်းမတ်ဘုရင်မထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၈**

ဒိန်းမတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကိုပင်ဟေဂင်မြို့၌ ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိ(သ်) ဘုရင်မထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ဒုတိယ အကြိမ် ထပ်မံထုတ်လွှင့်ခြင်းအား မြန်မာ့ရုပ်မြင်သံကြား လွှတ်တော်ရုပ်သံလိုင်းနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့တွင် အောက်တိုဘာ ၈ ရက်မှစပြီး နေ့စဉ် ည ၇ နာရီတွင် ပထမအကြိမ် ထုတ်လွှင့်ခဲ့သည့် ပါတီအစီအစဉ်အတိုင်း ထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူများအား လေးစားစွာဖြင့် ကြိုတင်အသိပေးတင်ပြအပ်ပါသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာဆွေးနွေးပွဲမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသည့် “ဒေသတွင်းတရားစီရင်ရေးဆိုင်ရာ ဆွေးနွေးပွဲ”သို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# စစ်ကိုင်း၊ ကချင်၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် အောက်တိုဘာ ၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဝါးခယ်မမြို့တွင် ၇ ဒသမ ၄၀လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ဒေးဒရဲမြို့နှင့် ခရမ်းမြို့တို့တွင် ၃ ဒသမ ၁၅ လက်မစီ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၂၈ လက်မ၊ ကျိုက်လတ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မာန်အောင်မြို့နှင့် လပွတ္တာမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီနှင့် ဆောမြို့တွင် ၁ ဒသမ ၆၀ လက်မတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**

# အီရတ်နိုင်ငံ၌ လေကြောင်းတိုက်ခိုက်မှုများ ရုရှားပြုလုပ်လာဖွယ်ရှိ



အောက်တိုဘာ ၆ ရက်က ရုရှားစစ်သင်္ဘောတစ်စင်း အစ္စတန်ဘူလ်ရှိ ဘော့စ်ဖောရပ်စ်ရေလက်ကြားကို ဖြတ်သန်းခုတ်မောင်းစဉ်။

**မော်စကို အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားရှိ ရုရှားတို့၏ နည်းဗျူဟာ အီရတ်သို့ ပြောင်းလာမည်ကို မလိုလားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ရုရှားက အီရတ်အစိုးရထံမှ တရားဝင်အကူအညီထောက်ခံမှုရရှိလာသောအခါ ၎င်း၏လေကြောင်းတိုက်ခိုက်မှုများကို အီရတ်သို့တိုးချဲ့သွားမည်ဖြစ်ကြောင်း ရုရှားဥပဒေပြုသူတစ်ဦးက ထုတ်ဖော်ပြောဆိုပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာက်ခ်တိုနာက အောက်တိုဘာ ၆ ရက်တွင် ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ အင်တာဖက်စ်သတင်းအေဂျင်စီအရ ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ ဗလယ်တီနာမက်ဗီရန်ကိုက ရုရှားက နိုင်ငံရေးနှင့် စစ်ရေးအရ အီရတ်နိုင်ငံ၏လေကြောင်းဆင်နွှဲမှုများတွင် ပါဝင်လိမ့်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ သို့သော်လည်း ရုရှားသည် အီရတ်နိုင်ငံမှ တရားဝင်အကူအညီတောင်းခံမှုကိုမရရှိသေးကြောင်း သိရသည်။ **(ပီတီအိုင်)**

# ဆီးရီးယားအနောက်ပိုင်းသူပုန်စခန်းများ ရုရှားစစ်လေယာဉ်များက တိုက်ခိုက်

**ဘေရွတ် အောက်တိုဘာ ၇**

ဆီးရီးယားစစ်တပ်နှင့် မဟာမိတ်ပြည်သူ့စစ်များသည် ရုရှား၏ လေကြောင်းပစ်ကူမှုနှင့်အတူ ဗုဒ္ဓဟူးနေ့က သူပုန်စခန်းများကို မြေပြင်စစ်ပွဲဆင်နွှဲနေကြောင်း တာဝန်ရှိသူများက ပြောသည်။

ရုရှားတို့၏ လေကြောင်းတိုက်ခိုက်မှုသည် ဟားမားပြည်နယ်မြောက်ပိုင်းဒေသများနှင့် အနီးပတ်ဝန်းကျင် အိုင်းဒလစ်ပြည်နယ်တို့၌ ထိမှန်ခဲ့ပြီး တောင်နှင့်မြောက် အဓိကအဝေးပြေးလမ်းကြီးအနီး မြို့များကို ပစ်မှတ်ထားတိုက်ခိုက်ကြောင်း၊ ယင်းလမ်းမကြီးသည် ဆီးရီးယားအနောက်ပိုင်း အဓိကဖြတ်သန်းသွားလာရာ လမ်းမကြီးဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

မြေပြင်စစ်ဆင်ရေးတွင် မြေပြင်ပစ်ဒုံးကျည်များကို အသုံးပြုတိုက်ခိုက်လျက်ရှိရာ အနည်းဆုံး သူပုန်စခန်းလေးနေရာကို တိုက်ခိုက်နေကြောင်း အဆိုပါ လေ့လာစောင့်ကြည့်ရေးအဖွဲ့အကြီးအကဲ ပါမီအဗ္ဗဒူဘမန်က ပြောသည်။

“အခုအထိတော့ မြေပြင်တပ်တွေရဲ့ အနေအထားကို မသိရသေးပါဘူး။ လေကြောင်းတိုက်ခိုက်မှုကတော့ ကားတွေ၊ အကြမ်းဖက်အဖွဲ့ အခြေစိုက်စခန်းတွေကို ထိမှန်ခဲ့ပါတယ်” ဟု ၎င်းကပြောသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ မဟာမိတ်များက ဆီးရီးယားတွင် မြေပြင်စစ်ဆင်ရေးဆင်နွှဲရန် ပြင်ဆင်နေကြောင်း လွန်ခဲ့သောသီတင်းပတ်က ရိုက်တာသတင်းတွင်ဖော်ပြသည်။ **(ရိုက်တာ)**

# တူရကီပိုင်နက် ရုရှားလေယာဉ်များဝင်ရောက်မှု နေတိုးအဖွဲ့က ဆန့်ကျင်ကန့်ကွက်

**ဘရပ်ဆဲလ် အောက်တိုဘာ ၇**

တူရကီဝေဟင်ပိုင်နက်အတွင်း မှားယွင်းစွာ ပိုင်နက်ချိုးဖောက်ပြီး ရုရှားစစ်လေယာဉ်များဝင်ရောက်ခြင်းကို နေတိုးအဖွဲ့က အင်္ဂါနေ့တွင်ကန့်ကွက်ခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားသို့ မြေပြင်တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်ပြီး ၎င်း၏ ရေတပ်ကိုလည်း တည်ဆောက်နေသည်ဟု ရိုက်တာသတင်းတွင်ဖော်ပြသည်။ ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယား ပါမိုင်ယာ ရှေးဟောင်းမြို့အပါအဝင် လေကြောင်းတိုက်ခိုက်မှုများ တိုးချဲ့ပြုလုပ်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံက ပိုင်နက်ဝေဟင် ကျူးကျော်ဝင်ရောက်မှုမှာ သည်းခံနိုင်သည့်အတိုင်းအတာထက် ကျော်လွန်သွားပြီဖြစ်ကြောင်း တူရကီသမ္မတ တေရစ်အာဒိုဂန်က ပြောကြားလိုက်သည်။ “နေတိုးကိုတိုက်ခိုက်ခြင်းဟာ တူရကီကိုတိုက်ခိုက်တာနဲ့ အတူတူပဲဖြစ်ပါတယ်”ဟု အာဒိုဂန်က ဘရပ်ဆဲလ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

နေတိုးမဟာမိတ်တို့ကဆီးရီးယားတွင် ရုရှားတို့အနေဖြင့် မြေပြင်တပ်များနှင့် သင်္ဘောများအပါအဝင် မြေထဲပင်လယ်အရှေ့ပိုင်း၌ စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်ကို သတင်းများပို့ထားပြီဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်ဂျင်းစ်စတိုတန်ဘတ်က ပြောကြားလိုက်သည်။ စစ်ဇုန်တစ်ခုအတွင်း အမေရိကန်နှင့် ရုရှားစစ်လေယာဉ်များပျံသန်းနေခြင်းကို အလွန်စိုးရိမ်မိကြောင်း နေတိုးအဖွဲ့က ပြောကြားလိုက်သည်။ **(ရိုက်တာ)**

# ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌဟောင်း လာဘ်စားမှုဖြင့် ဖမ်းဆီးခံရ



**ကုလသမဂ္ဂ အောက်တိုဘာ ၇**

အမေရိကန်အလွှတ်စုံထောက်များက ယခင်ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပရေး ဥက္ကဋ္ဌကို ဒေါ်လာတစ်သန်းကျော် လာဘ်ပေးလာဘ်ယူလုပ်မှုအပေါ် သံသယရှိမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အန်တီကွာနှင့် ဘာဘူဒါတို့တွင် ကုလသမဂ္ဂသံအမတ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဂျွန်အက်ရှ်ရှေးသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပရေး ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းကို အောက်တိုဘာ ၆ ရက်က လာဘ်ပေးလာဘ်ယူသံသယမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်အလွှတ်စုံထောက်များက ယခင်အထွေထွေညီလာခံကျင်းပရေးဥက္ကဋ္ဌ အဆောက်အအုံကို Macau တွင် တည်ဆောက်ရန် သဘောတူညီခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ နယူးယောက်အစိုးရရှေ့နေများက အက်ရှ်ရှေးသည် ဇိမ်ခံပစ္စည်းများအတွက် မိမိကိုယ်မိမိရောင်းစားခဲ့သူဖြစ်ကြောင်း ပြောခဲ့သည်။ လက်ရှိ ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပရေး ဥက္ကဋ္ဌ မိုဂန်စ်လက်ကတ်တော့က ယင်းသတင်းသည် ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေကြောင်း ပြောခဲ့ပြီး စုံစမ်းစစ်ဆေးမှုများကို ပူးပေါင်း လုပ်ဆောင်နေကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ယီမင်အကျပ်အတည်းအဆုံးသတ်ရန် သမ္မတဟောင်း၏ပါတီ ငြိမ်းချမ်းရေးဆွေးနွေးမည်

**ဆာနား အောက်တိုဘာ ၇**

အိုမန်နိုင်ငံတွင် ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း ယီမင်သမ္မတဟောင်း၏ ပါတီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလ်ဆလက်၏ အထွေထွေပြည်သူ့ကွန်ဂရက်ပါတီသည် ပင်လယ်ကွေ့နိုင်ငံများ၏ ကျောထောက်နောက်ခံပြု၍ မြောက်ပိုင်းဟူသီ စစ်သွေးကြွများအား တိုက်ခိုက်လျက်ရှိသည်။

ယီမင်အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းမှုဖြင့် အဆုံးသတ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပါတီကြေညာချက်တွင် ဖော်ပြသည်။ ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ ထောက်ခံမှုရနေသော သမ္မတ မန်ဆာဟာဒီက ဟူသီနှင့် ဆလက်တပ်များ ကုလသမဂ္ဂ၏ ငြိမ်းချမ်းဖြေရှင်းရေးသဘောတူညီချက်ကို ပယ်ချလိုက်သည်။ သို့သော်လည်း ယီမင်အစိုးရအနေဖြင့် ဟူသီက ငြိမ်းချမ်းစွာ ဖြေရှင်းချက်ကို လက်ခံလျှင် ကုလသမဂ္ဂက ကြားဝင်ဆွေးနွေးပွဲကို ပါဝင်တက်ရောက်မည်ဟု ဆိုသည်။ **(ရိုက်တာ)**

မြို့တော်ဆာနားတွင် ယီမင်သမ္မတဆလက်ကို ထောက်ခံသော ပြည်သူများ ချီတက်ထောက်ခံမှုကို တွေ့ရစဉ်။



# သမိုင်းဝင်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ လူ ၁၅ ဦးသေဆုံးပြီး မခန့်မှန်းနိုင်သေးသည့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်

ဝရဇိန်

**ကိုလံဘီယာ အောက်တိုဘာ ၇**

စံချိန်တင်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော အမေရိကန်ပြည်ထောင်စု တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် အောက်တိုဘာ ၆ ရက်က လူ ၁၅ ဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများပြားသဖြင့် ဆည်မြောင်းတာတမံအနီး နေထိုင်သူများနှင့် ရေကြီးရေလျှံမှုဖြစ်နေသော မြစ်ချောင်းများအနီး နေထိုင်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရဆဲဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက အောက်တိုဘာ ၇ ရက်က ပြောကြားသည်။

ပြည်နယ်အနှံ့ သမိုင်းဝင်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ပြည်သူ ၈၀၀ ကျော်မှာ နေအိမ်ကိုစွန့်ခွာခဲ့ရပြီး လုံခြုံဘေးကင်းရာအဆောက်အအုံများတွင် ပြောင်းရွှေ့နေထိုင်ကြရကြောင်း၊ မြစ်ရေများစီးလျှံနေဆဲဖြစ်၍ ဆည်မြောင်း တာတမံများကျိုးပေါက်မည်ကို ၂၄ နာရီ စောင့်ကြည့်နေကြရကြောင်း၊ ထို့အတူ ဒေသခံများ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရေးကို အဆက်မပြတ် ထပ်မံဆောင်ရွက်ရဖွယ်ရှိကြောင်း၊ မိမိတို့သည် နောက်ထပ် ၃၆ နာရီမှ ၄၈ နာရီအတွင်း ဖြစ်ပျက်လာမည့်အခြေအနေကိုစောင့်ကြည့်ရင်း စိတ်သောက ဖြစ်နေရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နစ်ကီဟာလီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကယ်ရိုလိုင်းနားပြည်နယ်အတွင်းရှိ ဖောက်လုပ်ပြီး လမ်းပေါင်း ၃၀၀ နှင့် တံတားအစင်း ၁၆၀ တို့မှာ ယနေ့တိုင်ပိတ်ထားရဆဲဖြစ်ပြီး ဆည်မြောင်းတာတမံ ၁၃ ခုမှာ ပုံမှန်စီးဆင်းမှုမရှိတော့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို မခန့်မှန်းနိုင်သေးသော်လည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ပြည်သူများစိတ်ထိခိုက်နိုင်သည်အထိ အဆမတန်ကြီးမားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၂ ရက်ကတည်းက မကြုံစဖူးမိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန်မှာ စင်တီမီတာ၆၀ ကျော်အထိ စံချိန်တင်ရောက်ရှိခဲ့သည့်အတွက် ယခုလိုအသေအပျောက်အပျက်အစီး များပြားရခြင်းဖြစ်ကြောင်း ပြောကြားသည်။ တောင်ကယ်ရိုလိုင်းနားပြည်နယ်သည် ဟာရီကိန်းမုန်တိုင်း ဂျိုကွင်၏ဒဏ်ကို မခံခဲ့ရသော်လည်း ယင်းမုန်တိုင်းနှင့် သက်ဆိုင်မှုမရှိသော ဆိုးရွားသည့်ရာသီဥတုကြောင့် သမိုင်းဝင်မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကို ကြုံတွေ့နေရသည်။

သေဆုံးသူ ၁၅ ဦးအနက် ကိုးဦးမှာ ရေထဲမျောပါရင်းသေဆုံးသွားခြင်းဖြစ်ပြီး ခြောက်ဦးမှာ ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်သည့် ယာဉ်မတော်မဆမှုကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှုဌာနမှတာဝန်ရှိသူများက ပြောကြားသည်။ ထို့အတူ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၌လည်း မိုးသက်မုန်တိုင်းဝင်ရောက်ခဲ့ရာမှ လူနှစ်ဦးသေဆုံးသွားခဲ့သည်။ တောင်ကယ်ရိုလိုင်းနားပြည်နယ် မြို့တော် ကိုလံဘီယာမြို့၌ အောက်တိုဘာ ၂ ရက်ကစပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၂ ရက်မှ ၇ ရက်အထိ တောင်ကယ်ရိုလိုင်းနားတက္ကသိုလ်ကို ပိတ်ထားခဲ့ရကြောင်း၊ အောက်တိုဘာ ၇ ရက် ညနေပိုင်းတွင် ပြည်နယ်အတွင်းရှိ အချို့သောဒေသများ၌ ရေလျော့ကျသွားခဲ့သော်လည်း ဒေသခံများအနေဖြင့် သတိတရားဖြင့် နိုးနိုးကြားကြားနေကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားသည်။

အောက်တိုဘာ ၆ ရက် နံနက်စောစောပိုင်းက အက်ဒီစတိုမြစ်ရေလျှံမှုကြောင့် လှေတစ်စင်းဖြင့်မျောပါနေသော လူသုံးဦးကို အရေးပေါ်ကယ်ဆယ်ရေးသမားများက ဘေးကင်းရာသို့ ပို့ဆောင်ခဲ့ရကြောင်း ပြည်နယ်သတင်းများ၌ ရေးသားဖော်ပြထားသည်။ အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင် ကားလ်ဘားနက်က တောင်ကယ်ရိုလိုင်းနားပြည်နယ်၏ အမြင့်ဆုံးစံချိန်တင်မိုးရေချိန် ၆၈ စင်တီမီတာအထိ ရွာသွန်းသောမိုးမှာ ချာလက်စတန်မြို့ အရှေ့ဘက်ရပ်ကွက်တစ်ခုတွင် လေးငါးရက်အထိ ဆက်တိုက်ရွာသွန်းခဲ့ရာ ယင်းဒေသတစ်ဝိုက်တွင် သီတင်းတစ်ပတ်ကြာသည်အထိ နေကိုမမြင်တွေ့ရကြောင်း သတင်းထောက်များသို့ ပြောကြားသည်။

**(ရိုက်တာ)**



တောင်ကယ်ရိုလိုင်းနားပြည်နယ်ရှိ ရေကြီးရေလျှံမှုကြောင့် နေအိမ်များအတွင်း ရေများလွှမ်းမိုးနေသည်ကို တွေ့မြင်ရစဉ်။

**မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကယ်ရိုလိုင်းနားပြည်နယ်အတွင်းရှိ ဖောက်လုပ်ပြီး လမ်းပေါင်း ၃၀၀ နှင့် တံတားအစင်း ၁၆၀ တို့မှာ ယနေ့တိုင်ပိတ်ထားရဆဲဖြစ်ပြီး ဆည်မြောင်းတာတမံ ၁၃ ခုမှာ ပုံမှန်စီးဆင်းမှု မရှိတော့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို မခန့်မှန်းနိုင်သေးသော်လည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ပြည်သူများစိတ်ထိခိုက်နိုင်သည်အထိ အဆမတန်ကြီးမားမည်ဖြစ်**

# အာဖဂန်ဆေးရုံအပေါ် အမေရိကန်တို့၏ မှားယွင်းဗုံးကြဲမှုနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရန် MSF တောင်းဆို

သုတ

**ဂျီနီဗာ အောက်တိုဘာ ၇**

စစ်ရာဇဝတ်မှုတစ်ခုဟု မှတ်ယူနိုင်သည့် အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်မြို့ရှိ နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ဆေးရုံကို အမေရိကန်တပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုအပေါ် လွတ်လပ်သောအပြည်ပြည်ဆိုင်ရာဖြစ်ရပ်မှန်ဖော် ထုတ်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးဖော်ထုတ်ရန် နယ်စည်းမခြား ဆရာဝန်များအဖွဲ့(MSF) က အောက်တိုဘာ ၇ ရက်တွင် တောင်းဆိုလိုက်သည်။

ဂျီနီဗာကွန်ဗင်းရှင်းစာချုပ်အရ နိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုမှုဖြင့် ဖွဲ့စည်းတည်ထောင်နိုင်သည့် အဆိုပါကော်မရှင်က အမေရိကန်ပြည်ထောင်စု၊ နေတိုးနှင့် အာဖဂန်နစ္စတန်နိုင်ငံများမှ အချက်အလက်များနှင့် အထောက်အထားများ စုဆောင်းမည်ဖြစ်ကြောင်း MSF ကဆိုသည်။ သို့မှသာ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများအတွက် ပြစ်မှုဆိုင်ရာစွဲချက်များဖြင့် တရားစွဲဆိုခြင်းရှိ မရှိကို MSF က ဆုံးဖြတ်မည်ဖြစ်သည်။ "လွတ်လပ်တဲ့စုံစမ်းစစ်ဆေးမှုတစ်ရပ်ဆောင်ရွက်ဖို့ အခုချိန်ထိ ကတိကဝတ်မရသေးပါဘူး"ဟု MSF ဥက္ကဋ္ဌ ဂျိုအန်နီလျူက ဂျီနီဗာမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အောက်တိုဘာ ၆ ရက်က ဖြစ်ပွားခဲ့သည့် လူပေါင်း ၂၂ ဦး သေဆုံးခဲ့သော အာဖဂန်နစ္စတန်နိုင်ငံ ခွန်ဒုဇ်မြို့တော်ရှိ MSF ဆေးရုံတစ်ရုံကို လေကြောင်းတိုက်ခိုက်မှုများနှင့် ပတ်သက်၍ အမေရိကန်တပ်ဖွဲ့က တာဝန်ယူဖြေရှင်းမည်ဟု ပြောဆိုခဲ့ပြီး ယင်းအဖြစ်အပျက်မှာ မှားယွင်းတိုက်ခိုက်မှုတစ်ခုဖြစ်၍ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုမည်ဟုဆိုသည်။

နယ်စည်းမခြား ဆရာဝန်များအဖွဲ့ ( MSF) သည် ၁၉၉၁ ခုနှစ်က အမြဲတမ်းကော်မရှင်ဖွဲ့စည်းခဲ့သည့် ဂျီနီဗာကွန်ဗင်းရှင်းပါ အရန်သဘောတူညီချက် မူကြမ်းကို လက်မှတ်ရေးထိုးထားသောနိုင်ငံ ၇၆ နိုင်ငံသို့ အောက်တိုဘာ ၆ ရက်က စာတစ်စောင်ပေးပို့ခဲ့သည်ဟု သိရသည်။

အမေရိကန် ပြည်ထောင်စုနှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံစလုံးမှာ ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများမဟုတ်ဘဲ ပါဝင်လက်မှတ်ထိုးထားသော နိုင်ငံများ၏ သဘောတူညီချက်မှာ မရှိမဖြစ်လိုအပ်ကြောင်း MSF ရှေ့နေ ဖရန်ကွိုင်စီဆော်နီယာက ဆိုသည်။ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော ကျွမ်းကျင်သူများကော်မရှင်အဖွဲ့ ဆင့်ခေါ်ရေးနှင့်ပတ်သက်၍ MSF က ဆွစ်ဇာလန်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိသည်။ အမေရိကန်၊ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များ၏ ပြည်တွင်းစုံစမ်းစစ်ဆေးမှုများအပေါ် ယုံကြည်စိတ်ချ၍မရနိုင်ကြောင်း ဂျိုအန်နီလျူက ဆက်လက်ပြောကြားသည်။

**(ရိုက်တာ)**



# ကမ္ဘာ့စာရင်းအင်းနေ့ အခမ်းအနား မြန်မာနိုင်ငံတွင် ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၁၅ ခုနှစ် ဇွန် ၃ ရက်တွင် ကျင်းပခဲ့သည့် (၉၆) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၆၉/၂၈၂)အရ အောက်တိုဘာ ၂၀ ရက်ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် သတ်မှတ်ခဲ့သဖြင့် အဆိုပါ အခမ်းအနားအား ကမ္ဘာ့နိုင်ငံများက အသီးသီးဆင်နွှဲကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် **"စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး"**သည် စီးပွားရေးမူဝါဒ (၄) ရပ်ထဲတွင် တစ်ရပ်အနေဖြင့် ပါဝင်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စာရင်းအင်းနေ့အခမ်းအနားနှင့်အတူ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု ဆွေးနွေးပွဲကို **"စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်လေ လူမှုဘဝပိုကောင်းလေ" "Better Data, Better Lives"** ဆောင်ပုဒ်ဖြင့် **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့**က ဦးဆောင်၍အောက်တိုဘာ ၂၀ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဗြိတိန်သံရုံးမှ သံအမတ်ကြီးနှင့် အဖွဲ့ ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် တွေ့ဆုံ

**ပြင်ဦးလွင် အောက်တိုဘာ ၇**

ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ဗြိတိန်သံရုံးမှသံအမတ်ကြီး H.E.Mr. Andrew Parick အဖွဲ့တို့ အောက်တိုဘာ ၆ ရက်က ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



တွေ့ဆုံပွဲအခမ်းအနားသို့ ဗြိတိန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့၊ ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ဦး၊ ခရိုင်ရွေးကောက် ပွဲကော်မရှင်အရာရှိ ဦးဇော်ဝင်းထိုက်နှင့်အဖွဲ့ဝင်များ တက် ရောက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာများကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဗြိတိန်သံအမတ်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့်လည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ဖားကန့် အောက်တိုဘာ ၇**

ပါတီစုံအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာအသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက်က မော်ဝမ်းရပ်ကွက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တရားမျှတသော လွတ်လပ်သော ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ကော်မရှင်အဆင့်ဆင့်နှင့်အတူ ဌာနဆိုင်ရာများ၊ မဲဆန္ဒရှင်ပြည်သူများအားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော အကြောင်းအရာများ၊ ကော်မရှင်အဖွဲ့များ၏လုပ်ငန်းဆောင်တာများ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သောလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အထူးရဲတပ်ဖွဲ့ဝင်များ၏လုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာ ရဲတပ်ဖွဲ့မှဆောင်ရွက်ထားရှိသည့်အစီအမံများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

**ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့သော ၂၀၁၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ**

# ဆန်းသစ်တီထွင်ကာ ဘက်စုံစုစည်းလို့ အများပါဝင်ဆောင်ရွက်ဖို့ စာပို့တိုက်လုပ်ငန်း၏ အနာဂတ်ကို မောင်းနှင်စို့

ယနေ့ ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပစဉ် ကမ္ဘာ့ဈေးကွက်တွင် အမြဲတစေနေရာရခဲ့သော စာပို့တိုက်လုပ်ငန်းတွင် အပြောင်းအလဲ အများအပြားဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို ကျေနပ်အားရစွာဖြင့် ပြန်ပြောင်းသတိရနိုင်ပါသည်။ စင်စစ်စာပို့တိုက်လုပ်ငန်းသည် သက်တမ်းအရင့်ဆုံး ဆက်သွယ်ရေးနည်းလမ်းဖြစ်သည့်အပြင် သတင်းအချက်အလက်နှင့် ပစ္စည်းများပေးပို့ရာတွင် ယခုတိုင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းကြောင့် ဂုဏ်ယူဝင့်ကြွားနိုင်ပါသည်။ စာပို့တိုက်လုပ်ငန်းသည် လုပ်ငန်းများလွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုခြင်းမှအစပြု၍ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် အပြိုင်အဆိုင်လုပ်ငန်းများပေါ်ထွန်းလာခြင်းအထိ ဆက်လက်ရှင်သန်ရန် စိန်ခေါ်မှု အခက်အခဲအများအပြားကို ရင်ဆိုင်ခဲ့ရပါသည်။ သို့ရာတွင် မျက်မှောက်ခေတ်သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းကဲ့သို့ ကြီးမားသော စိန်ခေါ်မှုအခက်အခဲမျိုးနှင့် မရင်ဆိုင်ဖူးသေးပါ။

ယခုအခါ သတင်းအချက်အလက်နှင့် နည်းပညာတိုးတက်မှုများကြောင့် အစဉ်အလာ စာပို့တိုက်လုပ်ငန်းအမျိုးအစားဖြစ်သော စာဖြင့်ဆက်သွယ်ခြင်းကို ပိုမိုလျင်မြန်ပြီး ထိရောက်တွင်ကျယ်သော ဆက်သွယ်ရေးနည်းလမ်းများက စိန်ခေါ်လာကြပြီဖြစ်ပါသည်။ သို့ရာတွင် အောင်မြင်သော စာပို့တိုက်လုပ်ငန်းများသည် ယင်းစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ်သဘောထားပြီး ပိုမိုလျင်မြန်၍ ထိရောက်တွင်ကျယ်သော ဆက်သွယ်ရေးနည်းလမ်းအသစ်ကို စာပို့တိုက်လုပ်ငန်းအနေဖြင့်လည်း လိုအပ်ကြောင်း၊ လုပ်ငန်းတွင် တန်ဖိုးကွင်းဆက်အသစ်တစ်ရပ် တည်ဆောက်ရန်ဖြစ်ကြောင်း နားလည်သဘောပေါက်လျက် ဆန်းသစ်တီထွင်ခြင်း၊ ဈေးကွက်အပိုင်းသစ်များဖော်ထုတ်ခြင်းတို့ လုပ်ဆောင်လာကြပါသည်။

**ဆန်းသစ်တီထွင်ရာတွင် အဓိကသော့ချက်တစ်ရပ်မှာ စာပို့လုပ်ငန်း၏နည်းပညာသစ်များကို လက်ခံကျင့်သုံးနိုင်စွမ်းနှင့် အများယုံကြည်စိတ်ချသော စာပို့လုပ်ငန်းအမှတ်တံဆိပ်ကို ဒစ်ဂျစ်တယ်နယ်ပယ်သို့ လွှဲပြောင်းနိုင်စွမ်းဖြစ်**

အသွင်ကူးပြောင်းရန်မှာ လွယ်ကူသည်မဟုတ်ပါ။ စာပို့တိုက်လုပ်ငန်းအများအပြားမှာ လုပ်ငန်းဆောင်ရွက်မှု ပိုမိုကောင်းမွန်ရေးအတွက် နည်းပညာသစ်များကို အပြည့်အဝအသုံးမပြုနိုင်ကြသေးပါ။ သို့ရာတွင် စာပို့တိုက်လုပ်ငန်း ဆက်လက်ရှင်သန်ရေးမှာ အလျင်အမြန် အပြောင်းအလဲပြုလုပ်နိုင်စွမ်းနှင့် ဆန်းသစ်တီထွင်နိုင်စွမ်းအပေါ် မူတည်မည်ဟူသောအချက်မှာမူ လွန်စွာ ရှင်းလင်းသိသာပါသည်။ ဝန်ဆောင်မှုရယူသူများ၏ မျှော်မှန်းချက်များ၊ လိုအပ်ချက်များနှင့် ကြိုက်နှစ်သက်မှုများမှာ ပြောင်းလဲနေပါသည်။ စာပို့တိုက်အနေဖြင့် ဤလိုအပ်ချက်အသစ်များကို ဖြည့်ဆည်းပေးနိုင်ရန် လိုက်ပါပြောင်းလဲရပါမည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂသည် ဤအချက်ကို နားလည်သဘောပေါက်ခြင်းကြောင့် ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ကမ္ဘာ့စာပို့လုပ်ငန်းမဟာဗျူဟာတွင် စာပို့လုပ်ငန်းပြုပြင်ပြောင်းလဲရေးကို အနာဂတ်အတွက် အဓိကမောင်းနှင်ပေးမည့်အကြောင်းအချက်အဖြစ် ဖော်ထုတ်ထားပါသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂသည် အနာဂတ်လုပ်ငန်းစဉ်စာတမ်းဖြစ်သော ၂၀၂၀ ခုနှစ်အတွက် မျှော်မှန်းချက်စာတမ်းတွင် ဆန်းသစ်တီထွင်ခြင်း၊ ဘက်စုံပေါင်းစည်းခြင်းနှင့် အများပါဝင်ခြင်းတို့ကို အနာဂတ်စာပို့လုပ်ငန်းအား မောင်းနှင်ပေးမည့် အဓိကအကြောင်းအချက်များအဖြစ် အလေးအနက် ဖော်ပြထားပါသည်။

စာပို့လုပ်ငန်း၏အနာဂတ်သည် ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် လုပ်ငန်းသစ်၊ ဝန်ဆောင်မှုသစ်များ ဖန်တီးနိုင်စွမ်းအပေါ်မူတည်နေခြင်းမှာ ပကတိအရှိတရားပင်ဖြစ်ပါသည်။ ဆန်းသစ်တီထွင်ရာတွင် အဓိကသော့ချက်တစ်ရပ်မှာ စာပို့လုပ်ငန်း၏ နည်းပညာသစ်များကို လက်ခံကျင့်သုံးနိုင်စွမ်းနှင့် အများယုံကြည်စိတ်ချသော စာပို့လုပ်ငန်းအမှတ်တံဆိပ်ကို ဒစ်ဂျစ်တယ်နယ်ပယ်သို့ လွှဲပြောင်းနိုင်စွမ်းဖြစ်ပါမည်။ ဤသို့ အောင်မြင်စွာလုပ်ဆောင်နိုင်ရန် စာပို့လုပ်ငန်းအနေဖြင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် အထူးအရေးကြီးပါသည်။ ပတ်ဝန်းကျင်သစ်တွင် ပံ့ပိုးမှုပေးနိုင်မည့် သက်ဆိုင်ရာစည်းမျဉ်းထိန်းချုပ်ရေး မူဘောင်များလည်း ဖော်ထုတ်ရပါမည်။ ဘက်စုံပေါင်းစည်းရေးအောင်မြင်မှုရရှိရန် စာပို့လုပ်ငန်းအနေဖြင့် အင်တာနက်ဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပိုင်းအနေဖြင့်လည်းကောင်း ချိတ်ဆက်ထားပြီး ပြည်တွင်း/ပြည်ပလုပ်ငန်းဆောင်ရွက်နိုင်သော ချောမွေ့စွာ ကြားလပ်မရှိ ဆက်သွယ်နိုင်သည့် ကွန်ရက်တည်ဆောက်ရပါမည်။ အပြည့်အဝဘက်စုံပေါင်းစည်းနိုင်ရေးမှာ အကောက်ခွန်နှင့် သယ်ယူပို့ဆောင်ရေး၊ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးကို လွယ်ကူချောမွေ့စေခြင်းတို့အပါအဝင် စာပို့တိုက်လုပ်ငန်းဆောင်ရွက်မှုကွင်းဆက် supply chain တွင် အဓိကပါဝင်နေသူအားလုံး ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကုလသမဂ္ဂ၏ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်အသစ်များကို ကမ္ဘာ့ခေါင်းဆောင်များက လက်ခံအတည်ပြုပြီး ဖြစ်ပါသည်။ ထို့ကြောင့် စာပို့လုပ်ငန်းသည် ယခုအခါ ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံတစ်ရပ်အဖြစ် ပိုမို၍သက်ဆိုင်မှုရှိသော အခန်းကဏ္ဍမှ ပါဝင်လာပါသည်။ စာပို့လုပ်ငန်းမှာ အားလုံးနှင့်သက်ဆိုင်သော သဘောသဘာဝရှိခြင်းကြောင့် ကမ္ဘာ့သူကမ္ဘာ့သားအားလုံး စီးပွားရေး၊ လူမှုရေး၊ ဘဏ္ဍာရေးနှင့် ဒစ်ဂျစ်တယ်ပေါင်းစည်းပါဝင်ရေး မောင်းနှင်ပေးနိုင်ရန် အကောင်းဆုံးအနေအထားတွင် ရှိပါသည်။ စာတိုက်လုပ်ငန်းသည် ကျယ်ပြန့်သောကွန်ရက်ကို အသုံးပြုလျက် တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးမပြုနိုင်သေးသော ပြည်သူလူထုတို့ကို လုပ်ငန်းနယ်ပယ်သစ်များအဖြစ် ဦးတည်ရည်ရွယ်လျက် ဈေးကွက်ကို ပံ့ပိုးမှုပေးနိုင်မည့် သင့်လျော်သောလုပ်ငန်းများကို ဖန်တီးဖော်ထုတ်ရန် ဖြစ်ပါသည်။ ဤနယ်ပယ်တွင် အောင်မြင်မှုရရှိရန် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့အသိုက်အဝန်းအကျိုးအတွက် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန်ဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

စာပို့လုပ်ငန်းအနာဂတ်အတွက် ယခုကပင် စတင်ဆောင်ရွက်ရပါမည်။ လက်ရှိနှင့် အနာဂတ်ဝန်ဆောင်မှုရယူသူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်လုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို ဖော်ထုတ်ဖန်တီးနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရပါမည်။ အနာဂတ်အတွက် အားကောင်းသော စာပို့လုပ်ငန်းဖြစ်စေရန် ဆန်းသစ်တီထွင်ခြင်း၊ ဘက်စုံပေါင်းစည်းခြင်းနှင့် အများပါဝင်နိုင်စေခြင်းတို့ကို အဓိကထားလုပ်ဆောင်ကြပါစို့။ သို့မှသာ စာပို့လုပ်ငန်းအောင်မြင်မှုရရှိပြီး ကမ္ဘာ့ဈေးကွက်တွင် ဆက်လက်နေရာရရှိနိုင်ပါမည်။ မြင်သာထင်ရှားပြီး သက်ဆိုင်မှုရှိသောလုပ်ငန်းဆောင်ရွက်မှုဖြင့် ဆက်လက်ရပ်တည်နိုင်ပါမည်။

ပျော်ရွှင်ဖွယ်ရာ ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၇**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဂျပန်နိုင်ငံ၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ကျင်းပခဲ့သည့် GLOBE Asia Legislators Forum သို့ တက်ရောက်ပြီး ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

# ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ရာတွင် ပြည်သူများကိုဝန်ဆောင်မှုပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနဝန်ထမ်းများကဝိုင်းဝန်းကူညီဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်ထဲရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းကကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသန္တရပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး (People-Centered Development) ကို ရည်ရွယ်ပြီး ပြည်သူ့ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ကိုဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖွင့်လှစ်ရခြင်းသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရေး ဝန်ဆောင်မှုများပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှု ပြုနိုင်ရန်စသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနှင့် ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်း လုပ်ပိုင်ခွင့်များ ဖြေလျှော့ခြင်း (Decentralization) တို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိအောင် စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းများပေးရမည်ဖြစ်ကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ရာတွင် ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်၊ ရည်မှန်းထားသည့် ပြုပြင်ပြောင်းလဲရေး (၄)ရပ် ဖြစ်ပေါ်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ထူထောင်ဖွင့်လှစ်မှုအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွား အပျော်စီးသင်္ဘောဖြင့်လည်ပတ်

**နေပြည်တော် အောက်တိုဘာ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွားအပျော်စီးသင်္ဘောများဖြင့် ခရီး စဉ်များကို သွားရောက်လည်ပတ် လျက်ရှိသည်။

Upland Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသားဧည့်သည် ၁၆ ဦး ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံသားဧည့်သည် ၁၇ ဦး ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ RV Thurgau Exotic အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ခရီးစဉ်များဖြစ်သော မန္တလေး၊ အမရပူရ၊ နွယ်ငြိမ်း၊ ကြာညှပ်၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ကျွန်းတော်၊ ရွှေဂူ၊ စင်းခန်း၊ ဗန်းမော်၊ မိုးတား၊ သိဃ်းဖာတောင်၊ ကျောက်ပုံ၊ မင်းကွန်း၊ စစ်ကိုင်း၊ ရွှေပြည်သာ၊ ပုဂံမြို့များသို့လည်ပတ်ပြီး မြန်မာလူနေမှုဓလေ့စရိုက်များ၊ မြစ်ကြောင်းတစ်လျှောက် ရှုခင်းအလှများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို သွားရောက်လေ့လာခဲ့ကြသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ရေကြောင်းခရီးစဉ်များဖြင့် ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ခရီးစဉ်များကို အပျော်စီးသင်္ဘောများဖြင့် သွားရောက်လည်ပတ်မှုများ ပိုမိုတိုးတက်များပြားလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**■ ကျောဖုံးမှ**

အဖျောက်မြို့မှ ဒေသခံရပ်မိရပ်ဖ ကိုသန်းစိုးကလည်း "အစ်ကိုတို့မှာ မလွဲသာလို့သာ ဒီတာကြီးကျိုးပေါက်သွားမှာစိုးလို့ လူအား၊ လုပ်အားနဲ့ ဒီနှစ်အတွင်းမှာ သဲအိတ်များဖို့ခဲ့ကြရပါတယ်။ ရေအမှတ် ၄၁ ပေထိ တာအမြင့်ဖြစ်လာနိုင်အောင် တပ်မတော်သားတွေ၊ ဆည်မြောင်းဦးစီးဌာနမှဝန်ထမ်းတွေ၊ ဒေသခံရဲတွေနဲ့ ပြည်သူတွေက ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတာပါ။

မြို့ထဲမှာ ဆေးရုံတွေလည်းရှိတယ်၊ သာသနိကအဆောက်အအုံတွေလည်းရှိတယ်၊ ပြီးတော့ ပိဋကတ်သုံးပုံ ကျောက်ထပ်အက္ခရာတင်ထားတဲ့ ကျောက်စာတိုက်ကြီးကလည်း ကျောက်စိုက် အခု ၇၂၀ ရှိနေပါတယ်။ အဲ့တော့ဒီလိုတာအသစ်ကြီး အဆင့်မြှင့်တင်ဆောင်ရွက်လိုက်ပြီဆိုရင် အစ်ကိုတို့ နောက်နှစ် ရေကြီးမှုဖြစ်ပွားခဲ့လည်း ခေါင်းပြားပြားအိပ်နိုင်တော့မှာပါ။ တကယ်လို့ဒီတာသာမရှိရင် အစ်ကိုတို့ နေအိမ်တွေ ရွှေ့ပြောင်းရတော့မှာ။ နေအိမ်တွေ ပြောင်းရွှေ့ရမယ်ဆိုရင်လည်း ရွှေ့ရ၊ ပြောင်းရနဲ့မလွယ်ဘူး။ တာအသစ် တည်ဆောက်မယ်ဆိုတော့ ဒေသခံတွေအတွက် သားရွှေအိုးထမ်းလာသလိုပဲ အင်မတန်ဝမ်းသာတယ် ကြိုဆိုပါတယ်" ဟု ပီတိစကားဆိုသည်။

လက်ရှိ အနေအထားအရ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို အဆိုပါအဖွဲ့မှ ကွင်းဆင်းလေ့လာသွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မိုင်အားဖြင့် စုစုပေါင်းအရှည်မိုင် ၄၆၈ မိုင်ရှိသောတာ ၁၅ ခုကို ပြန်လည်ပြုပြင်ရန်အတွက်ဆည်မြောင်းဦးစီးဌာနက အရေးပေါ်ရွေးချယ်ထားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၄ သန်း ကူညီထောက်ပံ့ပေးသွားမည် ဖြစ်သည်။ အောက်တိုဘာ ၈ ရက်တွင်လည်း အဆိုပါ Expert Team မှ ဧရာဝတီတိုင်းဒေသကြီးရှိ ညောင်တုန်း၊ မြောင်းမြ၊ ပုသိမ်၊ ဇလွန်၊ ဟင်္သာတမြို့နယ်တို့ဖြစ်သော ဧရာဝတီမြစ်၏ ဝဲ၊ ယာကို ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါ အဖျောက်မြို့၌ လူနေအိမ်ခြေ ၂၅၀၀ ကျော်ရှိပြီး လူဦးရေ ၁၂၀၀၀ ကျော်နေထိုင်လျက်ရှိကြောင်းနှင့် အဖိုးတန်သာသနိက ရှေးဟောင်းအဆောက်အအုံများ တည်ရှိနေသောကြောင့် တာအသစ်တည်ဆောက်ကာကွယ်လိုက်ခြင်းဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

**သတင်း-စိုးဝင်း(SP)**
**ဓာတ်ပုံ - တင်လှမောင်**

# ပုသိမ်ကြီးမြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေး

**မန္တလေး အောက်တိုဘာ ၇** မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မနောယျမကျေးရွာအုပ်စု၊ ပဲလှော်ဖိုကျေးရွာနေဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၆ ရက်က ပဲလှော်ဖိုကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်နှင့် ခရိုင်လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမြင့်လှိုင်တို့က ကျေးရွာမြေငှားဂရန်ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာမြေငှားဂရန် ၁၀၅ ခုကို ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးဦးဝင်းဇော်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ဦးမြင့်လှိုင်နှင့် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က ကျေးရွာ သူကျေးရွာသားများအား ပေးအပ်ခဲ့သည်။

အဆိုပါ ပဲလှော်ဖိုကျေးရွာ၌ ပြုလုပ်သော မြေငှားဂရန်ပေးအပ်ပွဲသည် မန္တလေးခရိုင်အတွင်း ပထမဆုံး ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်နိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်သွားရန်လို

ကလေး အောက်တိုဘာ ၇

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ရာ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှုများအပေါ် မူတည်၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့သည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ကလေးမြို့သို့ ရောက်ရှိကြပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သော ကလေးမြို့နယ်ရှိ ကျောက္ကာကျေးရွာနှင့် အေးသာယာကျေးရွာများသို့ သွားရောက်ကြည့်ရှုကြသည်။**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကလေးမြို့နယ် ကျောက္ကာကျေးရွာနှင့် အေးသာယာကျေးရွာများမှ ပြည်သူများအား တွေ့ဆုံအားပေးစဉ်။** (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် မွန်းလွဲ ၂ နာရီတွင် ကလေးမြို့ မြို့တော်ခန်းမ၌ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ ကလေး၊ တမူး၊ မော်လိုက် ခရိုင်များအတွင်း ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် အနိုင်ရရှိသည့် ပါတီက အစိုးရအဖွဲ့ ဖွဲ့စည်းပြီး အုပ်ချုပ်ရေးအာဏာ ကျင့်သုံးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်များသည် ဥပဒေပြုရေးအာဏာကို ကျင့်သုံးပြီး တရားလွှတ်တော်ချုပ်က တရားစီရင်ရေးအာဏာ ကျင့်သုံးပါကြောင်း၊ အာဏာသုံးရပ် ကျင့်သုံးသည့် အစိုးရနှင့် လွှတ်တော်များပေါ်ပေါက်နိုင်ရန်အတွက် လွှတ်တော်အတွင်း အရည်အချင်းရှိသူများဖြစ်ရန် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံတော်သမ္မတကရွေးချယ်ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အား ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေများပြဋ္ဌာန်း၍ တာဝန်များ အပ်နှင်းထားပါကြောင်း၊ အဓိကတာဝန်မှာ ရွေးကောက်ပွဲများကျင်းပခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှလည်း ကြီးကြပ်စေရန် ဥပဒေအရ ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံရေးပါတီများအနေနှင့်လည်း ဥပဒေကိုလေ့လာရန်၊ လိုက်နာရန်နှင့် ဥပဒေ၏ အကာအကွယ်ကိုရယူရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး ၆၇ နှစ်အတွင်း၌ ရွေးကောက်ပွဲအတွေ့အကြုံ ငါးကြိမ်သာ ရှိခဲ့ကြောင်း၊ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများကိုသုံးသပ်၍ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် စီမံချက် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းအမှားအယွင်းများ ပြင်ဆင်နိုင်ရန် အချိန်ကန့်သတ်ချက် ရှိနိုင်သဖြင့် အခြေခံမဲစာရင်းကို ကြိုတင်ပြုစု၍ မှန်ကန်သောမဲစာရင်းရရှိရေး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများကြေညာချိန် လာရောက်ကြည့်ရှုပြီး ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က) များနဲ့ ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်မှုများပြုလုပ်က မှန်ကန်သောမဲစာရင်းများဖြစ်လာမည်ဖြစ်၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းမှားယွင်းသဖြင့် မဲပေးခွင့် မဆုံးရှုံးနိုင်ပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီနှင့် တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ သို့သော် မဲစာရင်းတွင်ပါဝင်မှသာ မဲပေးခွင့်၊ ရွေးကောက်ခံပိုင်ခွင့် ရှိပါကြောင်း။

ကြိုတင်မဲပေးခြင်းတွင် မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းတို့ရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကိုသိရှိပြီး လိုက်နာအကာအကွယ်ယူပါက ကြိုတင်မဲပေးခြင်းအပေါ် သံသယဖြစ်ဖွယ်မရှိပါကြောင်း။

မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို မဲစာရင်းကိုအခြေခံ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲစာရင်းတွင်ပါရှိသူအားလုံးကို ထုတ်ပေးသွားမည် ဖြစ်ကြောင်း၊ မဲပေးလိုသူများသည် မဲဆန္ဒသက်သေခံလက်မှတ်ထုတ်ယူပါက မိမိမဲပေးရမည့် မဲရုံအလွယ်တကူ ရှာဖွေသိရှိနိုင်ရန်၊ မဲပေးရာတွင် လွယ်ကူလျင်မြန်စေရန်၊ သက်သေခံလက်မှတ်များ ပျောက်ဆုံးပါက မဲပေးနိုင်ရန်နှင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သော မဲစာရင်းပြုစုနိုင်ရန် ရည်ရွယ်ချက်(၄)ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မဲဆန္ဒရှင် သက်သေခံလက်မှတ် ပျောက်ဆုံးသော်လည်း မဲစာရင်းတွင်ပါရှိပြီးဖြစ်၍ မဲပေးနိုင်ပါကြောင်း၊ သက်သေခံလက်မှတ်မထုတ်ဘဲ ပုံမှန်အတိုင်း မဲရုံသွားရောက်မဲပေးလိုက မဲပေးနိုင်ပါကြောင်း။

မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန်ဖိတ်ခေါ်ပါကြောင်း၊ ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ထားပါကြောင်း။

မဲဆွယ်စည်းရုံးရေး ကာလတွင် လိုက်နာရန် ညွှန်ကြားချက်(၁/၂၀၁၄) ထုတ်ပြန်ထားပါကြောင်း၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် နိုင်ငံရေးပါတီများလိုက်နာရမည့်ကျင့်ဝတ် Code of Conduct များအား လိုက်နာပြီး ရွေးကောက်ပွဲ ဟောပြောစည်းရုံးခြင်းများ ပြုလုပ်နိုင်ပါကြောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို လိုက်နာကျင့်သုံးပြီး ဥပဒေ၏အကာအကွယ်ကို ရယူရန်နှင့် ဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို အသိတရားနှင့်ယှဉ်ပြီး လေးစားလိုက်နာကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲနှင့် ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မဲစာရင်းတွင် အမည်မပါဝင်က ပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ချိန် ကျော်လွန်ပြီးမှ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုပါက လက်ခံ၍ မရပါကြောင်း၊ မဲဆွယ်စည်းရုံးဟောပြောရာတွင် နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုးထားသည့် Code of Conduct အတိုင်း သဘောတူ လက်ခံဆောင်ရွက်ကြရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဗီနိုင်းပိုစတာဆိုင်းဘုတ်များ အသုံးပြုရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီတွင် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**



**ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ဆောက်လုပ်ပေးထားသည့် နေအိမ်များကို တွေ့ရစဉ်။**
(သတင်းစဉ်)



# ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ လျှပ်စစ်မီးရရှိတော့မည်

**ညောင်တုန်း အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးမှ ထောက်ပံ့ငွေကျပ် သိန်း ၆၀၀ နှင့် ကျေးလက်နေပြည်သူများ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာမီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်မီးလင်းရေးကော်မတီဝင်များ၊ ကျေးလက်ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဝန်ထမ်းများနှင့် တာဝန်ယူတည်ဆောက်နေသူများက ဓာတ်တိုင်များစိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ယခုအခါ အိမ်သုံးမီတာများ တပ်ဆင်ခြင်းများကို စတင်ဆောင်ရွက်လျက်ရှိရာ မကြာမီ မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၈)**

# ရေဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော်　　အောက်တိုဘာ　၇**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်အား ထိုင်းနိုင်ငံ Titan Mining Corporation ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ Mr.Thiraphat Sajakul ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိသတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏သတ္တုကဏ္ဍဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး ယင်းကုမ္ပဏီက ရေဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် Asia Mining Co.,Ltd(Australia) က အမေရိကန်ဒေါ်လာ ၁၀၀၀ (US$ 1000) ကို ပေးအပ်လှူဒါန်းရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရခိုင်ပြည်နယ် အမ်း-စစ်တွေလမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား ပေ ၉၉၀ P6 ရေလယ်တိုင်ပြုတ်ပါသွား၍ တံတားစောင်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



ရခိုင်ပြည်နယ် အမ်း-စစ်တွေလမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား ပေ ၉၉၀ ကွေးသွားသောဘေလီကို ပြန်လည်ပြုပြင်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သောလယ်မြေများ ပြန်လည်စိုက်ပျိုး

**ညောင်တုန်း　အောက်တိုဘာ　၇**

ညောင်တုန်းမြို့နယ်၌ ပထမအကြိမ် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့စဉ်က ညောင်တုန်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက် ကျော်လွန်ကာ ၂၅ ဒသမ ၉ ပေအထိသို့ လည်းကောင်း၊ ဒုတိယအကြိမ် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့စဉ်က ၂၄ ဒသမ ၉ ပေ အထိသို့ လည်းကောင်း အရှိန်အဟုန်ဖြင့် မြင့်တက်ခဲ့သော်လည်း ယခုအခါ သိသိသာသာကျဆင်းသွားခဲ့ရာ အောက်တိုဘာ ၇ ရက်တွင် ၁၉ ဒသမ ၇ ပေအထိ ကျဆင်းသွားပြီး ဆက်လက်ကျဆင်းလျက်ရှိသည်။

ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော လယ်မြေဧက ၁၀၀၀၀ ခန့်ကိုလည်း ပြန်လည်စိုက်ပျိုးလျက်ရှိရာ ကျန်ရှိနေသေးသော ဧက ၂၀၀၀ ခန့်ကို ယခုရက်ပိုင်းအတွင်း ပြီးစီးအောင် စိုက်ပျိုးလျက်ရှိသည်။

အထူးသဖြင့် အချိန်ကြာမြင့်စွာ ရေနစ်မြုပ်လျက်ရှိသော စံကင်းကျွန်း၌လည်း ရေကျဆင်းသောလယ်မြေများ၌ ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိကြသည့်အပြင် ရေကျနောက်စိုက်စပါးများ ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်သည်။

ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၂၂ ဒသမ ၅ ပေဖြစ်သော်လည်း ယခုနှစ် အများဆုံးမြင့်တက်ခဲ့သော ရေမှတ်မှာ ၂၅ ဒသမ ၉ ပေဖြစ်သည်။ လွန်ခဲ့သော ၁၉၉၇ ခုနှစ်က ၂၆ ဒသမ ၃ ပေ၊ ၂၀၀၄ ခုနှစ်က ၂၆ ဒသမ ၁ ပေအထိ မြင့်တက်ခဲ့ဖူးကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာန၏မှတ်တမ်းများအရ သိရသည်။

**နေလင်း(ညောင်တုန်း)**

# ကန့်ဘလူမြို့၌ ထရန်စဖော်မာအသစ်တပ်ဆင်

**ကန့်ဘလူ　အောက်တိုဘာ　၇** ကန့်ဘလူမြို့ မြို့နယ်ဓာတ်အားခွဲရုံ၌ အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေထရန်စဖော်မာအသစ်ကို မြို့နယ်လျှပ်စစ်ဝန်ထမ်းများက အစားထိုးတပ်ဆင်လျက်ရှိသည်။

ကန့်ဘလူမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံ၌ အသုံးပြုနေသော ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေထရန်စဖော်မာမှာ စက်တင်ဘာ ၉ ရက်က မိုးကြိုးပစ်ခံရသဖြင့် ပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် ကျွန်းလှမြို့နယ်မှ ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေထရန်စဖော်မာဖြင့် စက်တင်ဘာ ၁၄ ရက်က ယာယီအစားထိုး လဲလှယ်တပ်ဆင်ပြီးဖြစ်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၁၅ ရွာကို အလှည့်ကျစီစဉ်ဆောင်ရွက်ရာ မကြာမီအချိန်အတွင်း လျှပ်စစ်မီး ၂၄ နာရီရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော်　အောက်တိုဘာ　၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၈ ရက်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**


ရေဘေးသင့်ဒေသ
ပြန်လည်ထူထောင်ရေး
ဝိုင်းဝန်းကူညီ
ဆောင်ရွက်ပေး

# သုံးခွမြို့၌ တန်ဖိုးနည်းကျေးလက်အိမ်ရာများ တည်ဆောက်လျက်ရှိ

**သုံးခွ　အောက်တိုဘာ　၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများနေထိုင်ရေး အဆင်ပြေစေရေးအတွက် ခေတ်ကမ္ဘာကုမ္ပဏီက တန်ဖိုးနည်းကျေးလက်အိမ်ရာများကို ပျဉ်းမကုန်း၊ ပျဉ်းမပင်၊ အဖွားကန်ကျေးရွာများ၌ တစ်ရွာလျှင် လေးလုံးစီကို တာဝန်ယူတည်ဆောက်လျက်ရှိရာ ပျဉ်းမကုန်းကျေးရွာတွင် ကျေးလက်အိမ်ရာတည်ဆောက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ရက်အတွင်း ပြီးစီးရေး အောက်တိုဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



❍ *ရွှေဖုံးမှ*

ယခုအခါ တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် အကျိုးတူအိမ်ရာ အခန်းပေါင်း သုံးသောင်း ခြောက်ထောင်ကျော်ကို အများ ပြည်သူအတွက် စီမံပေးနိုင်ခဲ့ပြီဖြစ်သည်။

“တန်ဖိုးနည်းအိမ်ရာတွေကို မဲနှိုက်စနစ်နဲ့ ရောင်းချပေးတယ်လို့ ကြားကြားချင်း လျှောက်လွှာတွေ တင်ထားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ မဲပေါက်ပါတယ်။ ဝန်ထမ်းတွေနဲ့ အငြိမ်းစားတွေကို အဓိကထားပြီး မဲနှိုက်ခွင့်ပြုတာကိုတွေ့ရတယ်။ မူလကထက် အိမ်ရာပိုင်ဆိုင်မှုအတွက် မျှော်လင့်ချက်တွေ ရှိလာခဲ့ပါတယ်။ မြို့ပြလူနေမှုမှာ နေစရာဟာ အလွန်အရေးကြီးတာကြောင့် မရွှေ့ပြောင်းနိုင်တဲ့ ပိုင်ဆိုင်မှုရရှိနိုင်ဖို့ အားလုံး မျှော်လင့်ကြတာ ဓမ္မတာပါပဲ။ လူတိုင်းဝယ်ယူနိုင်တဲ့အခြေအနေကို ဖန်တီးပေးဖို့က နိုင်ငံတော်ရဲ့ တာဝန်လို့ ထင်ပါတယ်” ဟု နိုင်ငံ့ဝန်ထမ်း တစ်ဦးကပြောကြားသည်။

နှစ် ၂၀ အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၃၁ ခုနှစ် အထိကာလအတွင်း အိမ်ရာယူနစ်ပေါင်း တစ်သန်းခန့်ကို တိုင်းဒေသကြီး ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးရန် အလားအလာရှိသည့် မြို့နယ်ပေါင်း ၈၁ မြို့တွင် တည်ဆောက်လျက်ရှိပြီး နှစ်ရှည်စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်တွင် နေပြည်တော်၌ကျင်းပသည့် ဒီမိုကရေစီ အစိုးရတာဝန်ယူစဉ်ကာလအတွင်း ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာများနှင့် လှည့်ပတ်ရန်ပုံငွေဖြင့် တန်ဖိုးနည်းနှင့် တန်ဖိုးသင့် အိမ်ရာများအကြောင်း ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း တိုးပွားလာသော လူဦးရေနှင့် မြို့ပြစီမံကိန်းများအရ ခေတ်အလိုက် အိမ်ရာလိုအပ်ချက်များ မြင့်တက်လာခြင်းကြောင့် မြေယာဈေးနှုန်းများ၊ တိုက်ခန်းဈေးနှုန်းများသည် ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အဆ ၂၀ ကျော်ခန့် ကွာခြားခဲ့ပြီး ကမ္ဘာပေါ်တွင် နေထိုင်မှုစရိတ် အမြင့်မားဆုံးဟု သတ်မှတ်သည့် နယူးယောက် မြေဈေးနှင့် ခိုင်းနှိုင်းမှုများရှိလာသည်အထိ ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် စံချိန်တင်ဈေးမြင့်တက်ခဲ့သည်။

ဒီမိုကရေစီအစိုးရအဖွဲ့တာဝန်ယူပြီးနောက် ပြည်သူများ၏ အခြေခံလိုအပ်ချက်များအနက်မှ ကြီးမားသည့် နေရေးလိုအပ်ချက်အတွက် အိမ်ရာစီမံကိန်းများ၊ မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဒေသခံများ၊ ပညာရှင်များနှင့် ပူးပေါင်းကာ စဉ်ဆက်မပြတ် တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ရာ ရေရှည်တည်တံ့ စေမည့် အိမ်ရာများအဖြစ်နှင့် အမှန်တကယ်ဖွံ့ဖြိုးစည်ပင်နိုင်မည့် အနေအထားတို့ကိုလည်း ထည့်သွင်းတွက်ချက်ခဲ့ကြောင်း မြို့ပြနှင့် အိမ်ရာလိုအပ်ချက်များအား ဆောင်ရွက်ရန် အစည်းအဝေးမှ သိရှိရသည်။

“အိမ်ရာလိုအပ်ချက်တွေမှာ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ပြည့်ဝတဲ့ နေစရာ ပေးအပ်နိုင်ဖို့ အဓိကထားဆောင်ရွက်ခဲ့ပါတယ်။ လေးနှစ်တာကာလအတွင်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး အားလုံးမှာ ဝန်ထမ်းအိမ်ရာ အခန်းအရေအတွက် ၂၅၉၆ ခန်းကို ဖြည့်တင်းပေးနိုင်ခဲ့တယ်” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

ဝန်ထမ်းများအတွက်သာမက အငြိမ်းစားဝန်ထမ်းများနှင့် နေရေးအခက်အခဲရှိသူများအတွက် တစ်ပိုင်တစ်နိုင် တန်ဖိုးသင့်နှင့် တန်ဖိုးနည်းအိမ်ရာများကိုလည်း အကောင်အထည်ဖော်ခဲ့ရာ တန်ဖိုးသင့်အိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အခန်းပေါင်း ၇၁၃၆ ခန်းခန့် တည်ဆောက်ပေးနိုင်ခဲ့ပြီး ပြည်သူများ စတင်နေထိုင်ခွင့်ရရှိနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

“အိမ်ရာလိုအပ်ချက်အရ သုံးနှစ်အတွင်းမှာ မြို့ပေါင်း ၅၆ မြို့အတွက် မြို့ပြစီမံကိန်းတွေကို ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့အချက်အလက်တွေ၊ ဆောင်ရွက်မှုတွေ အများကြီးလိုအပ်ပါတယ်။ ထပ်မံပြီးလည်း မြို့ ၂၂ မြို့အတွက် မြို့ပြစီမံကိန်းတွေ ဆက်လက်ရေးဆွဲသွားမယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

ထို့ပြင် အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ငွေကြေးစနစ်အကောင်အထည်ဖော်ရန်အတွက် အဓိကထားဆောင်ရွက်လျက်ရှိပြီး အိမ်ခန်းဝယ်ယူနိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှလည်း အိမ်ရာငွေချေးစနစ်ဖြင့် ရှစ်နှစ် အရစ်ကျပေးချေစနစ်များကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

“အစိုးရလက်ထက်မှာ အဆမတန်မြင့်နေတဲ့ အိမ်ခြံမြေဈေးတွေကို မြို့ပြစီမံကိန်းတွေနဲ့ အိမ်ရာဖော်ထုတ်ခြင်းတွေ များများလုပ်ဆောင်ပြီး ဈေးနှုန်းချဖို့ ကြိုးပမ်းတာကိုမြင်ရတယ်။ အောင်မြင်တယ်လို့ပြောရင်ရပါတယ်။ အရင်လောက်အိမ်ခြံမြေကဏ္ဍကို စိတ်ကြိုက်ဈေးကစားဖို့ မလွယ်ကူတော့သလို တန်ဖိုးနည်းအိမ်ရာတွေ၊ တန်ဖိုးသင့်အိမ်ရာတွေကြောင့် အငှားဈေးကွက်နဲ့ ဆင်ခြေဖုံး အိမ်ခြံမြေဈေးတွေလည်း အထိုက်အလျောက်ကျဆင်းလာတယ်။ အချို့ခေတ်ကောင်းမီတဲ့ အကျိုးဆောင်တွေဟာ အခုချိန်မှာ ပိုက်ဘောမိနေတဲ့ အနေအထားတွေတောင်ရှိတယ်”ဟု အိမ်ခြံမြေအကျိုးဆောင်များအသင်းမှ ဦးခွန်နောင်က လက်ရှိအခြေအနေကို သုံးသပ်ပြသည်။

ထို့ပြင် လျှောက်ထားသူများအတွက် ပွင့်လင်းမြင်သာသောနည်းလမ်းများကို အသုံးပြုကာ ရွေးချယ်မဲစနစ်ဖြင့် အခန်းဝယ်ယူခွင့်များ ပေးအပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဝင်ငွေနည်းပါးသည့် ပြည်သူများအတွက် နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

“ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းဆောက်လုပ်တဲ့အတွက် အချိန်တိုအတွင်း လိုအပ်တဲ့ စံချိန်စံညွှန်းတိုင်းတာချက်တွေနဲ့ ယှဉ်ပြိုင်လုပ်ကိုင်တဲ့ အရည်အသွေးအစွမ်းတွေကို လုပ်ငန်းရှင်တွေအကြားရရှိကြတဲ့အတွက် Construction ကဏ္ဍကို မြှင့်တင်ပေးရာရောက်ပါတယ်။ သို့သော် ရေရှည်တည်တံ့စေမယ့် မြို့ပြအိမ်ရာတွေ ဖြစ်ဖို့တော့ သုတေသန စစ်တမ်းတွေထားရှိပြီး ပညာရှင်တွေနဲ့ အမြဲမပြတ်စောင့်ကြပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ နှစ်ရှည်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အိမ်ရာစီမံကိန်းတွေအတွက် ပိုပြီးလွယ်ကူစေမယ်” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခွင့်ရရှိထားသည့် လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူက ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁+၂+၃) မှ စုစုပေါင်း ၁၇၆၈ ခန်းပါ အိမ်ရာများ ဆောက်လုပ်ပြီးစီးနေသည်ကို တွေ့ရစဉ်။

အိမ်ရာလိုအပ်ချက်အရ ၁၉၅၁ ခုနှစ်မှစတင်ကာ အငှားအိမ်ရာနှင့် အရောင်းအိမ်ရာများကို အစိုးရအဆက်ဆက်က ချမှတ်ခဲ့ရာ ၁၃၄၆၉၆ အိမ်ရာခန့် ဖော်ဆောင်ခဲ့သည့်အနက် ထက်ဝက်နီးပါးခန့်ဖြစ်သည့် ၆၅၄၁၆ ကို ယခုလေးနှစ်တာအတွင်း အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း မြို့ပြများ၏ မြင်ကွင်းများမှာ ပြောင်းလဲမှုများစွာ ရှိခဲ့သည်။ ရုတ်တရက် မြေမှပေါက်လာသကဲ့သို့ တိုက်တာအိမ်ရာများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့ကြီးများတွင် အလျှိုအလျှိုပေါ်ပေါက်လာခဲ့သည်။ မြို့ပြလူနေမှုစနစ်၏ မြင်ကွင်းအသစ်များကို ဒေသအသီးသီးတွင် တွေ့မြင်လာရပြီဖြစ်သည်။

ကျောင်းကားပေါ်မှ ဆင်းလာသည့် ကျောင်းသားကလေးငယ်တစ်သိုက် အသံဆူညံစွာပေးလျက် တိုက်လှေကားပေါ်သို့ ပြေးတက်သွားကြသည်။ အထပ်တစ်ခု၏ ဝရန်တာတွင် ဂစ်တာတစ်လက်ဖြင့် သီချင်းဆိုနေသည့် လူငယ်တစ်ဦး၊ အိမ်ရှင်မတစ်ယောက်ကမူ မီးဖိုခန်းတွင် လျှပ်စစ်မီးဖိုဖြင့် ထမင်းဟင်းချက်ပြုတ်ရင်း မိသားစုထမင်းဝိုင်းအား စိတ်ကူးဖြင့် ကြိုတင်ပြင်ဆင်နေသည်။ ပြတင်းတံခါး၏ တစ်ဖက်တွင်မူ အိပ်တန်းတက်ငှက်ကလေးများ ပျံသန်းသွားကြပြီ။

# မိတ္ထီလာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဝန်ထမ်းအိမ်ရာလေးလုံး ဆောက်လုပ်ပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၇**

မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေတွင် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သုံးထပ်ဝန်ထမ်းအိမ်ရာလေးလုံး၊ အခန်း ၄၈ ခန်းကို ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ရာ သတ်မှတ်စည်းကမ်းနှင့် ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများကို နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ သွပ်မိုး ၊ အာစီသုံးထပ်တိုက် ဝန်ထမ်းအိမ်ရာအဆောက်အအုံ လေးလုံး ၊ အခန်း ၄၈ ခန်း တည်ဆောက်ပြီးစီးသွားပါပြီ။ သက်ဆိုင်ရာ အိုးအိမ်ဦးစီးဌာနရဲ့ တင်ဒါခေါ်ယူမှုနဲ့ တည်ဆောက်ခဲ့တာပါ။ ပြီးစီးသွားတဲ့ တိုက်ခန်းနေရာတွေမှာ သတ်မှတ်စည်းကမ်းနဲ့ ကိုက်ညီတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို နေရာချထားပေးသွားမှာဖြစ်ပြီး ရပ်ဝေးဒေသကလာရောက် တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေကို ဦးစားပေးနေရာချထားပေးသွားမယ်လို့ သိရပါတယ်” ဟု ယင်းအဆောက်အအုံများကို တာဝန်ယူဆောက်လုပ်ရာတွင် ပါဝင်သည့် ဆောင်တိုင်းအောင်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးတင်သန်းက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် ဝန်ထမ်းအိမ်ရာ သွပ်မိုး၊ အာစီ သုံးထပ်အဆောက်အအုံသစ်နှစ်လုံးကို ယင်းနေရာ၌ပင် ထပ်မံတည်ဆောက်နေပြီး ဒီဇင်ဘာလတွင် ပြီးစီးအောင် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



✻ *ကျောဖုံးမှ*

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်



# တောင်ငူမြို့နယ် ရွှေကျင်ကျောင်းတိုက်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များ တူးဖော်ရရှိ

**ရေတာရှည် အောက်တိုဘာ ၇**

အောက်တိုဘာ ၅ ရက်က တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာရှိ ရွှေကျင်ကျောင်းတိုက်အတွင်း မြေကျင်း တူးဖော်ရာက ဗုဒ္ဓရုပ်ပွားတော် ၁၆ ဆူ တူးဖော်တွေ့ရှိခဲ့ပြီး အဆိုပါကျောင်းတိုက်၌ပင် အပူဇော်ခံထားရှိကာ လာရောက်ဖူးမြော်သူ များပြားလျက်ရှိကြောင်း သိရသည်။

ယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိစိတ္တနှင့် သံဃာတော်များက ကျောင်းတိုက်ခေါင်းရင်းဘက်တွင်ရှိ ရေတွင်းအနီး၌ မြေကျင်းများတူးဖော်ရာက တစ်လက်မခွဲခန့်ရှိ ရွှေဆင်းတုတော်နှစ်ဆူ၊ အလျားငါးလက်မခန့်၊ အနံ နှစ်လက်မခွဲရှိ ကျောက်ဆင်းတုတော် ၁၄ဆူ စုစုပေါင်းရုပ်ပွားတော် ၁၆ ဆူအား တူးဖော်တွေ့ရှိခဲ့သဖြင့် ကျောင်းတိုက်ပေါ်၌ အပူဇော်ခံထားရှိလျက်ရှိရာ အနီးဝန်းကျင်ကျေးရွာများမှ လာရောက်ဖူးမြော်သူ များပြားလျက် ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သာကေတမြို့နယ်အတွင်း ထရန်စဖော်မာတိုးချဲ့တည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသည့် မိဘပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် သာကေတမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် CIC Co.,Ltd. တို့မှ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်တပ်ဆင်လျက်ရှိရာ အောက်တိုဘာ ၅ ရက်က သာကေတမြို့နယ် ထူပါရုံ (၁) လမ်းထောင့်၌ 11-6.6/0.4 KV, 200 KVA ထရန်စဖော်မာတစ်လုံး တည်ဆောက် တပ်ဆင်ပြီးစီးသဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



အောက်တိုဘာ ၂ ရက်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လှိုင်ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပပြီး စုဆောင်းငွေအပေါ် အမြတ်ကို မြို့နယ်သမမှ ဦးစီးအရာရှိ ဦးတင်အေးက ပေးအပ်ရာ ပညာရေးဝန်ထမ်းများကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးဌေးလွင်သန်း လက်ခံယူစဉ်။ မီးမီး(လှိုင်)

# မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားများ လေ့လာရေးခရီးထွက်

**သုံးခွ အောက်တိုဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က) အဖွဲ့ခေါင်းဆောင် ကိုကောင်းမြတ်ညီညီနှင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက စတင်၍ မြို့တွင်းလေ့လာရေးထွက်ရာတွင် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ နံနက် ၁၀ နာရီတွင် မြို့နယ်ကြက်ခြေနီအသင်း တပ်ရင်းရုံးသို့လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် မြို့နယ်မိခင်နှင့်ကလေး မူကြိုကျောင်းသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

မြို့နယ်ကြက်ခြေနီအသင်းရုံး၌ ကြက်ခြေနီတပ်ရင်း ဒုတိယတပ်ရင်းမှူး ဝင်းနိုင်၊ တပ်ခွဲမှူး မျိုးနိုင်တို့က ကြက်ခြေနီလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကြပြီး ဆေးကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးတို့က ပြန်လည်ရှင်းလင်းပေးခဲ့သည်။ **(၀၂၈)**

# လူသတ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူအား တွေ့ရှိက အကြောင်းကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု စစ်ကိုင်း-မန္တလေးကားလမ်း တံတားဖြူအနီး လမ်းယာဘက်ဘေးရေစပ်၌ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီက အမျိုးသမီးတစ်ဦး၏အလောင်းတွေ့ရှိကြောင်း သတင်းအရ အမရပူရမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားရှပ်အင်္ကျီ ခဲရောင်ဝတ်၊ စတီးဆွဲကြိုးတစ်ကုံး ဆွဲထားကာ တင်ပါးအထက် ကျောရိုးတွင် ကနုတ်ပုံ ဆေးမင်ကြောင်ထိုးထားသော ညိုမည်းဒဏ်ရာ၊ ကြိုးနှင့် တုပ်နှောင်ခံထားရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည့်အလောင်းကိုတွေ့ရှိရ၍ အမရပူရ မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးခဲ့သည်။

ထို့နောက် အမရပူရမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ သေဆုံးသူအမျိုးသမီးမှာ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန် ရပ်ကွက်နေ မဝေမီထွန်း(၃၆ နှစ်) ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်စိစစ်ဖော်ထုတ်ချက်များအရ ပြစ်မှုကျူးလွန်သူမှာ မဝေမီထွန်း၏ ခင်ပွန်းဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ် ရပ်ကွက်နေ ဦးစိုးကျော်(ခ) ဦးလောက်တာ(ခ) တရုတ်ကြီး(ခ) မင်းသားကြီး(ခ)တာကော (၅၅ နှစ်) **(ယာပုံ)**ဖြစ်ကြောင်း သိရှိရ၍ ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေးအတွက် သတင်းပေးပို့နိုင်ပါရန် နှိုးဆော်ဆောင်ရွက်ထားရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဖမ်းဆီးပေးရန် အကြောင်းကြားထားကြောင်းနှင့် တွေ့ရှိပါက ဖုန်း-၀၂-၃၆၉၈၄၊ ၀၂-၃၆၈၇၁၊ ၀၂-၈၂၁၇၉၊ ၀၂-၇၀၅၈၈၊ ၀၂-၇၀၉၉၈၊ ၀၉-၅၃၁၃၂၅၄၊ ၀၉-၄၂၂၄၈၉၆၀၄ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**ကိုရဲ**



# ဖားတောင်ဒေသ၌ ပထမဆုံးခရိုမိုက်စက်ရုံတည်ဆောက်၍ သတ္တုတူးဖော်ထုတ်လုပ်ရေး မကြာမီစတင်တော့မည်

**ကလေး အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဖားတောင်ဒေသရှိ ချယ်စီဒိုနီကျောက်မျက်နှင့် ခရိုမိုက်သတ္တုသိုက်သည် မကြာမီကာလအတွင်း သရီးအက်စ်ကုမ္ပဏီမှတူးဖော်ထုတ်လုပ်၍ မြန်မာနိုင်ငံ၏ ပထမဆုံး ခရိုမိုက် သန့်စင်စက်ရုံအား အဆိုပါတောင်ခြေဒေသ၌ တပ်ဆင်တည်ဆောက်သွားမည်ဟု ယင်းကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးလားရမ်းပန့်မောယာက ပြောသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ မကြာသေးမီရက်ပိုင်းက ဖားတောင်ဒေသအနီး နန်းကျင်းစောင်၊ မြလင်း၊ မြစိမ်းကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့် သရီးအက်စ်ကုမ္ပဏီမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ရာ ယနေ့အထိ အဆိုပါကျေးရွာဒေသမှ စီမံကိန်းထောက်ခံသူ ရာနှင့်ချီရှိနေပြီဖြစ်ကြောင်း၊ ယင်းကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ "ဩဂုတ်လကတည်းက စတင်ဖို့ပါပဲ။ သို့ပေမယ့် ရေကြီးရေလျှံမှုတွေကြောင့် ဆက်သွယ်ရေးလမ်းကြောင်းတွေ ပြတ်တောက်ကုန်လို့ ခုမှပဲ ပြန်စနိုင်မှာပါ၊ တိုင်းရင်းသားကုမ္ပဏီတစ်ခုရဲ့စီမံကိန်းဖြစ်တာကြောင့် အောင်မြင်စွာလုပ်ကိုင်နိုင်ဖို့နဲ့ ရရှိလာမယ့် အကျိုးအမြတ်တွေခံစားနိုင်ဖို့ ပြည်သူတွေနဲ့ပူးပေါင်းပြီး အစွမ်းကုန် လုပ်ဆောင်သွားဖို့ အရေးကြီးပါတယ်" ဟု ကုမ္ပဏီမှ ဥက္ကဋ္ဌက ပြောသည်။

သရီးအက်စ်ကုမ္ပဏီသည် ဖားတောင်သတ္တုတူးဖော်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ကရရှိခဲ့ရာ ယင်းအတွက် အခွန်ငွေကျပ်သိန်း ၃၀၀ ကျော်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးသွင်းခဲ့ပြီဟု ယင်းကုမ္ပဏီမှ တာဝန်ရှိသူ ဦးဇိုင်းသဲက အတည်ပြုပြောသည်။ စီမံကိန်းလုပ်ကိုင်ခွင့်ကာလမှာ သုံးနှစ် အတွင်းဖြစ်ပြီး ယင်းတွင်လုပ်ကွက်ပေါင်း ၃၁၊ ဧရိယာအကျယ်အဝန်းအားဖြင့် ဧက ၂၇ ဒသမ ၆၀ ပါဝင်ကြောင်း ယင်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဖားတောင်သတ္တုတူးဖော်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၉ ရက်မှစတင်၍ စမ်းသပ်လုပ်ကိုင်ခဲ့သော်လည်း ရာသီဥတုအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် လက်ရှိတွင် လုပ်ငန်းဆောင်ရွက်မှု ခေတ္တယာယီရပ်ဆိုင်းထားခြင်းဖြစ်သည်။ ခရိုမိုက်စက်ရုံစီမံကိန်းနှင့် ပတ်သက်၍ ဦးမောရာက "သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝထိခိုက်မှုမရှိနိုင်တဲ့ ခရိုမိုက် သန့်စင်ပေးနိုင်တဲ့စက်ရုံပါ။ နိုင်ငံခြားက ကျွမ်းကျင်တဲ့ပညာရှင်တွေခေါ်ပြီး ဝါသနာပါဒေသခံပြည်သူတွေမွေးထုတ်ပေးဖို့လည်းရှိတယ်။ အလုပ်အကိုင်သစ် ဖန်တီးပေးနိုင်မယ့်လုပ်ငန်းတစ်ခုလည်းဖြစ်တယ်" ဟု ဆိုသည်။ အဆိုပါစက်ရုံဖြစ်သည့် Chromite Sand Beneficiation Plant တည်ဆောက်ရေးစီမံကိန်း တစ်ခုလုံး၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် သိန်းပေါင်းခြောက်ထောင်ကျော် ဖြစ်ပြီး ယင်းအတွက် မြွေတောင်၊ ဖားတောင်ခြေဒေသရှိ မြေလွတ်ဧရိယာ စတုရန်းပေ ၆၀၀၀ ခန့် လျာထားကြောင်း သိရသည်။

အဆိုပါသတ္တုကို အိန္ဒိယနိုင်ငံရှိ ATA ကုမ္ပဏီနှင့် ချိတ်ဆက်၍ ကလေး-တီးတိန်-ရိဒ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအတိုင်း တင်ပို့ရောင်းချသွားရန်လျာထားကြောင်း သရီးအက်စ်ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးက ပြောသည်။ ကလေးမြို့နယ် ဖားတောင်သတ္တုတူးဖော်ထုတ်လုပ်ရေးစီမံကိန်းကို အကောင် အထည်ဖော်နိုင်ပါက မြွေတောင်၊ ဖားတောင်နှင့် အနီးပတ်ဝန်းကျင် ကျေးလက်ဒေသ ပိုမိုဖွံ့ဖြိုးလာနိုင်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာရရှိနိုင်ခြင်းကြောင့် အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိသည်။ ကလေးမြို့နယ် နန်းကျင်းစောင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝုန်ရှမ်းပေါင်က "စီမံကိန်းတိုင်းမှာတော့ ဆိုးကျိုးရှိသလို ကောင်းကျိုးလည်း ရှိကြစမြဲပါပဲ၊ ဆိုးကျိုးကိုပဲကြည့်နေလို့မဖြစ်ဘူး၊ ကောင်းကျိုးဘယ်လောက်ရှိသလဲဆိုတာလည်း ထည့်တွက်ရပါမယ်၊ အခု ဖားတောင်စီမံကိန်းဟာ ကျွန်တော်တို့ ကျေးလက်နေတောင်သူလယ်သမားတွေရဲ့ လူနေမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်တယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

**ထန်းငါ(CL)**



(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်ပတ်လည် ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာလ နောက်ဆုံးပတ်က ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ သတင်းမီဒီယာများ၌ ရဲတပ်ဖွဲ့၏မှုခင်းများနှင့် အခြားအကျိုးပြု ဆောင်ရွက်မှုသတင်းများ ရေးသား ပေးခဲ့သော သတင်းထောက် ဦးနေလင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။

ကိုကိုရှုပ

# ၄ နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ

**နေပြည်တော် အောက်တိုဘာ ၇**

"၄ နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ" စာအုပ် ယခုရက်ပိုင်းအတွင်း စာအုပ်ထွက်ရှိသည်။

၎င်းစာအုပ်သည် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်ထိ ဝန်ကြီးဌာနအသီးသီး၏ ဆောင်ရွက်ချက်များကို အသေးစိတ် ဖော်ပြထားသည်။ ဒေါက်တာ အောင်ထွန်းသက်၏ " Forging a New Path for Development "ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည့် "ဖွံ့ဖြိုးတိုးတက်မှုသို့ သွားရာလမ်းကြောင်းအသစ်ကို ပုံဖော်ခြင်း"၊ မြန်မာနိုင်ငံ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်အရ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသော ဦးစားပေးကိစ္စများ၊ ဝန်ကြီးဌာနအလိုက် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ အစရှိသည်တို့ကို ရေးသားဖော်ပြထားသည်။

ယနေ့ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို စောင့်ကြည့်လေ့လာသူများအတွက် မလွတ်တမ်းဝယ်ယူဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ လေးနှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့သော အချက်အလက်များ၊ တိုးတက်မှုများနှင့် ဆက်လက်လုပ်ဆောင်ရန်လိုအပ်နေသေးသည့် အရာများကို ဖော်ပြထားပြီး စာဖတ်သူများအဖို့ ဖတ်စရာ၊ မှတ်စရာ လေ့လာစရာအဖြာဖြာတို့ တစ်စုတစ်စည်းတည်းပါရှိပြီး ဗဟုသုတတိုးပွားစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်ပြီး ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဆိုင်နှင့် စာအုပ်အရောင်းဆိုင်ကြီးများတွင် အလွယ်တကူဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




# စပါးဈေးမြင့်တက်၍ အလျှင်လိုထုတ်ရောင်းနေပါက တောင်သူများ လက်ကျန်စပါးနည်းပါးနိုင်

**ရေတာရှည် အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လက်ရှိရိတ်သိမ်းလျက်ရှိသော စပါးများကို စပါးပွဲစားများက အလုအယက်ဝယ်ယူနေပြီး တင်း ၁၀၀ လျှင်(အစို) ငွေကျပ် ၅၇၀၀၀၀၊ အခြောက်တင်း ၁၀၀ လျှင် ငွေကျပ် ၆၀၀၀၀၀ အထိ မြင့်တက်နေသည်ကို တွေ့ရသည်။

ဈေးကောင်းရ၍ အလျှင်လိုထုတ်ရောင်းနေပါက နောက်ပိုင်း၌ တောင်သူများလက်ဝယ်တွင် လက်ကျန်စပါးနည်းပါးခြင်းနှင့် ကြုံတွေ့နိုင်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။ "ဈေးကောင်းတာလည်း တစ်ပိုင်း၊ တောင်သူတွေမှာကလည်း အကြွေးတွေတင်နေတာ ဓာတ်မြေဩဇာဖိုး၊ စားစရိတ်၊ အလုပ်သမားခတွေကို စပါးရောင်းပြီးတော့ပဲ ဆပ်ရတာ၊ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ စပါးခင်းတွေ ပျက်စီးကုန်တော့ စပါးလိုအပ်ချက်များမယ်ဆိုတာလည်း တွက်လို့ရတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ယခင်ကတည်းက စပါးအရောင်းအဝယ် လုပ်သူများအပြင် လက်ရှိငွေကြေးတတ်နိုင်သူများကပါ စပါးများကို ဝယ်ယူသိုလှောင်နေသည့်အတွက် ယခုကဲ့သို့ စပါးဈေးကောင်းနေခြင်းဖြစ်နိုင်ကြောင်း ၎င်းတောင်သူကပင် ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# အောက်တိုဘာ ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၈၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၈၀ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၇၀၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၆၀ မှ ၂၆၀၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၃၀၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၈၇၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ |
| ၁၄ | ဩဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၅ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၅၀၀ |
| ၁၆ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀ မှ ၃၅၀ |
| ၁၇ | ဖရဲသီး | ၈၅၅ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၃၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်)
## ဒသမအကြိမ်မြောက် မွေးရပ်မြေဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ၂၈-၁၀-၂၀၁၅ရက်တွင် ကျောင်းတိုက် ၆၄ တိုက်ရှိ ရဟန်း သံဃာနှင့် သီလရှင် ၈၅၆ပါးတို့အား ကျိုက္ကလွန်ဗွန်းစေတီတော်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသူ/အသင်းသား၊ မြို့နယ်သူ/မြို့နယ်သားများမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ပါဝင်လှူဒါန်းလိုသော အသင်းသူ/အသင်းသား၊ မြို့နယ်သူ/မြို့နယ်သားများသည် ဥက္ကဋ္ဌ ဦးကျော်ရီ ဖုန်း ၀၉-၄၂၁၀၂၄၃၈၃၊ ဒုဥက္ကဋ္ဌ ဦးကျော်သူ ဖုန်း-၀၁-၂၂၃၆၃၃၊ ဒုဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း-၀၉-၇၃၁၈၉၉၄၆၊ ဒုဥက္ကဋ္ဌ ဦးလှဝင်း ၀၉-၄၃၀၃၀၈၈၃၊ အတွင်းရေးမှူး ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၆၇၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၀၉-၅၁၂၀၇၆၄ တို့နှင့် နီးစပ်ရာနယ်မြေ အမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၂၈-၁၀-၂၀၁၅ရက် သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီတွင် အသင်းတိုက်ရှေ့မှ ကားများထွက်ခွာပါမည်။ **အမှုဆောင်အဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မင်းတပ်ခရိုင်အတွင်း ချင်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မတူပီ-ပလက်ဝလမ်းပေါ်ရှိ ဘေလီတံတားလုပ်ငန်းအတွက်လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအစား**
၁။ ဘိလပ်မြေ
၂။ မြစ်ကျောက်စရစ်
၃။ မြစ်သဲ
၄။ တောသစ်

**တင်ဒါပေးသွင်းရမည့်ရက်** - ၄-၁၀-၂၀၁၅ရက်မှ ၁၉-၁၀-၂၀၁၅ရက်အထိ
**အချိန်** - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအထိ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၂၀-၁၀-၂၀၁၅ရက်၊ နံနက် ၁၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်
**ဖုန်း** - ၀၄၃-၇၀၂၅၈

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၄-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၁၀-၂၀၁၅ရက် နံနက် ၉နာရီ
**တင်ဒါပိတ်မည့် ရက်/အချိန်** - ၁၅-၁၀-၂၀၁၅ရက် ညနေ ၄နာရီ
**တင်ဒါဖွင့်မည့် ရက်** - ၁၆-၁၀-၂၀၁၅ရက်

တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၈-၁၀-၂၀၁၅ ရက်မှ ၁၃-၁၀-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါ လိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီမှ မွန်းလွဲ ၂ နာရီအတွင်း မြန်မာ့ အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့အလင်း သတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၈ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဇော်မျိုးနိုင် ၁၂/သကတ(နိုင်)၁၉၀၉၃၇၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၁-၄၃၀၄၈၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၇၄၂၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၂၉၃၃၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## လူပျောက်ကြော်ငြာ

ကိုကျော်ဇင်ဦး ၁၂/ဒဂတ(နိုင်)၀၄၅၄၅၁ မိသားစုစိတ်ပူနေသဖြင့် ခရီးလွန်နေပါက အမြန်ဆက်သွယ်ပါ။
**မအိအိမျိုး**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးလှကျော် ၁၂/သဃက(နိုင်)၀၈၁၃၃၅ ၏ သား မောင်မျိုးကျော် ၁၂/ဒဂတ(နိုင်) ၀၂၈၃၅၇အား မောင်မျိုးဇော်ဟု ဖြည့်စွက်ခေါ်ပါရန်။
**မောင်မျိုးကျော်(ခ)မောင်မျိုးဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲမင်းကျော် ၇/ဖမန(နိုင်)၁၇၄၆၇၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၄၉၅၁၂၀**

## ဖခင်အမည်မှန်

အထက(၄)သန်လျင်၊ တက္ကသိုလ်ဝင်တန်း(B)မှ မစုနန္ဒာလွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၁၂/သလန(နိုင်) ၀၀၀၈၈၃ ဖြစ်ပါသည်။

# နေပြည်တော်၌ လူသတ်မှုနှင့် အဓမ္မပြုကျင့်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် Junction Center အနောက်ဘက်ရှိ သံတမန်ဇုန် မြေနေရာအနီး၌ စက်တင်ဘာ ၃၀ ရက် နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့် အဓမ္မပြုကျင့်မှုတို့ ကျူးလွန်ခဲ့သူနှစ်ဦးကို အောက်တို ဘာ ၆ ရက် ညနေပိုင်းက ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် နံနက် ၁ နာရီခန့်က ကိုချစ်နိုင်ဦးနှင့် မ. . . . တို့ ဇနီးမောင်နှံသည် ဆိုင်ကယ်စီး၍ လည်ပတ်ရာမှ အဆင့်မြင့်ဈေးမီးပွိုင့်အနီး လမ်းဘေး၌ ခေတ္တရပ်နားနေစဉ် အမည်မသိလူလေးဦးမှ ခြိမ်းခြောက်ပြောဆိုပြီး ၎င်းတို့၏ ဆိုင်ကယ်နှစ်စီးဖြင့် ညှပ်၍ Junction Center အနောက်ဘက်သို့ ခေါ်ဆောင်မောင်းနှင်စေခဲ့ကြောင်း၊ သံတမန်ဇုန်မြေနေရာ (B) လမ်းသို့ အရောက်တွင် ဆိုင်ကယ်အား ရပ်တန့်စေပြီး ကိုချစ်နိုင်ဦးအား လူနှစ်ဦးကဆွဲခေါ်၍ ဓားနှင့်ထိုးခဲ့ကြောင်း၊ ကျန်လူနှစ်ဦးကလည်း မ-------- အား ဆွဲခေါ်သွားပြီး လူလေးဦးစလုံးက အဓမ္မပြုကျင့်ခဲ့ကြောင်း ဒက္ခိဏသီရိမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးက အမှုမှန်ပေါ်ပေါက်ရေး စီမံဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့ကြသည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ အောင်တင်မျိုး (ခ) အောင်ပိုင် (၂၀နှစ်)အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုးအသွား ၁၀ လက်မရှိ ဓားတစ်ချောင်းနှင့်အတူ အောက်တိုဘာ ၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ကျော်မောင်(ခ)ဇော်ဇော်အောင် (၁၉ နှစ်)အား အရိုးအသွားရှစ်လက်မခွဲခန့်ရှိ သက်သေခံပစ္စည်း ဓားမြှောင်တစ်ချောင်းနှင့်အတူ အောက်တိုဘာ ၆ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် ဇော်လေး (၂၂ နှစ်)နှင့် မောင်မျိုး(ခ)မျိုးဇော်ဝင်း(၁၆နှစ်)တို့နှင့်အတူအရက်သေစာသောက်စားပြီး ဆိုင်ကယ်စီးနင်းထွက်လာစဉ် ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်ဈေးမီးပွိုင့်အနီး လမ်းဘေး၌ရပ်နေသော ဆိုင်ကယ်တစ်စီးနှင့် စုံတွဲနှစ်ဦးကို တွေ့ရှိသဖြင့် ခြိမ်းခြောက်ပြောဆိုပြီး ၎င်းတို့၏ ဆိုင်ကယ်နှစ်စီးဖြင့် ညှပ်၍ Junction Center အနောက်ဘက်သို့ ခေါ်ဆောင်မောင်းနှင်စေခဲ့ကြောင်း၊ သံတမန်ဇုန်မြေနေရာ (B) လမ်းသို့အရောက်တွင် ဆိုင်ကယ်အား ရပ်တန့်စေကာ ကိုချစ်နိုင်ဦးအား အသင့်ယူဆောင်လာသော ဓားနှင့်ထိုး၍ မော်တော်ဆိုင်ကယ် အိပ်ဇောသံပိုက်ဖြင့် ရိုက်နှက်ခဲ့ပြီး မ. . . အား အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသည့် ဓားများကို Royal Golf Club အရှေ့မြောက်ဘက် ဆည်အနီးရှိ ရေကန်အတွင်းသို့ လွှင့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ၎င်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအမှုတွင်ပါဝင်ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ကျန်နှစ်ဦးအား အမြန်ဆုံး ဖမ်းဆီးရမိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ ကျော်မောင်(ဝဲ)နှင့် အောင်တင်မျိုး(ယာ)တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့မြင်ရစဉ်။

# အမျိုးသမီးငယ်တွေ၊ လူငယ်တွေအနေနဲ့ လူသူကင်းမဲ့တဲ့နေရာတွေကို အချိန်မတော်သွားလာတာတွေ ရှောင်ရှားဖို့လိုပါတယ်

ညီညီထွန်းနှင့်သတင်းအဖွဲ့

## ရဲမှူးကြီးကိုကိုအောင်နှင့် တွေ့ဆုံခြင်း



**နေပြည်တော်၌ စက်တင်ဘာ ၂၉ ရက် ညသန်းခေါင်ကျော်တွင် လူလေးဦးက ခင်ပွန်းဖြစ်သူအားသတ်၍ ဇနီးသည်ကို အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။ တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေပြီလော၊ ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းက အဘယ်နည်း၊ ယင်းအချိန် ဖြစ်နိုင်ခြေရှိမှုများကိုလည်း တွေးဆရပြန်သည်။ ယင်းတို့နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားပုံနှင့် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်၏ သဘောထားအမြင်များအား မေးမြန်းခဲ့သည်များကို သတင်းစဉ်က ဖော်ပြလိုက်ပါသည်။**

**သတင်းစဉ်။** နေပြည်တော် သံတမန်ဇုန်မြေနေရာအနီးမှာ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ ဘယ်လိုကနေစပြီး အမှုဖြစ်ပွားခဲ့တာလဲဆိုတာ သိပါရစေ။

**ရဲမှူးကြီးကိုကိုအောင်။** စက်တင်ဘာ ၂၉ ရက် ညသန်းခေါင်ကျော်ခန့် အချိန် Junction Center နောက်မှာ ဖြစ်သွားတဲ့ လူသတ်မှုနဲ့ အဓမ္မပြုကျင့်မှုမှာပါဝင်တဲ့ ကျူးလွန်ခံရသူတွေက သမီးရည်းစားစုံတွဲ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ တစ်လကျော်လောက်က အိမ်ထောင်ကျပြီး လတ်တလော(၄/၅)ရက်လောက်မှာ မိဘအိမ်အသီးသီးမှာ မင်္ဂလာပွဲကျင်းပဖို့ စီစဉ်နေဆဲ ခွဲနေကြသူတွေဖြစ်ပါတယ်။ အခင်းဖြစ်တဲ့နေ့က မင်္ဂလာဝတ်စုံအတွက်တိုင်ပင်ဖို့ နေထိုင်ရာ လယ်ဝေးမြို့နယ်ထဲက ရွာကနေ နေပြည်တော်ကို ဆိုင်ကယ်နဲ့လာပြီး ည ၁၂ နာရီလောက် အဆင့်မြင့်ဈေးလမ်းဆုံအနီး မီးပွိုင့်နားမှာ လင်မယားနှစ်ယောက် ထိုင်စကားပြောနေရာက ပြစ်မှုကျူးလွန်သူတွေနဲ့ တွေ့ပြီး မှုခင်းဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

**သတင်းစဉ်။** အဲဒီလူသတ်မှုဖြစ်ဖြစ်ချင်း ပြစ်မှုကျူးလွန်သူတွေ အမြန်ဖမ်းဆီးရမိနိုင်ရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရုံးက ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။

**ရဲမှူးကြီး ကိုကိုအောင်။** ပြစ်မှုဖြစ်ပွားပြီး ရဲစခန်းကို လာရောက်အမှုဖွင့်တိုင်ကြားတဲ့ စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ကစပြီး ကျွန်တော်အပါအဝင် သက်ဆိုင်ရာ စခန်းမှူး၊ မြို့နယ်မှူး၊ ခရိုင်မှူးတွေနဲ့ တပ်ဖွဲ့ဝင်တွေ အခင်းဖြစ်ရပ်ကိုသွားပြီး စစ်ဆေးတယ်။ တရားလိုအပါအဝင် ဆက်စပ်သက်သေတွေကို စစ်ဆေးတယ်။ တစ်ချိန်တည်းမှာပဲ တရားလိုရဲ့ပြောပြချက်အရ သံသယဖြစ်ဖွယ်ပုံသဏ္ဌာန်တူ မသင်္ကာဖွယ် ပြစ်မှုကျူးလွန်သူတွေ ရှာဖွေခြင်းလုပ်ငန်းကို တိုင်းနဲ့ ဆက်စပ်မြို့နယ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။

**သတင်းစဉ်။** အခုဒီပြစ်မှုကို ကျူးလွန်ခဲ့သူတွေကို ဖမ်းဆီးရမိပါပြီလားခင်ဗျာ။

**ရဲမှူးကြီး ကိုကိုအောင်။** တရားလိုရဲ့ တိုင်ကြားချက်က အချက်အလက်တွေ မှန်/မမှန်ကို အဖွဲ့တွေခွဲပြီး စိစစ်ရတယ်။ သံသယရှိသူတွေရဲ့ တယ်လီဖုန်းအဆက်အသွယ်တွေကိုလည်း စိစစ်ရတယ်။ တရားလိုရဲ့ပြောပြချက်အရ သိရတဲ့ ပြစ်မှုကျူးလွန်သူတွေရဲ့ ပုံသဏ္ဌာန်တွေကို ဖြစ်နိုင်ခြေရှိတဲ့ နေရာ/ရပ်ကွက်တွေမှာ နယ်ထိန်းတပ်ဖွဲ့ဝင်တွေက စုံစမ်းစစ်ဆေးပြီး တိုက်ဆိုင်ဖော်ထုတ်ရာကနေ ပြစ်မှုကျူးလွန်တဲ့ တရားခံလေးဦးအနက် နှစ်ဦးကို သက်သေခံပစ္စည်းတွေနဲ့အတူ ဖော်ထုတ်ဖမ်းဆီးရမိထားပါတယ်။ ဒီအမှုစစ်ဆေးရာမှာ မှုခင်းတပ်ဖွဲ့ကလည်း ကူညီစစ်ဆေးပေးနေပါတယ်။

**ရဲမှူးကြီး ကိုကိုအောင်။** ပြစ်မှုကျူးလွန်သူနှစ်ဦးကို သက်သေခံပစ္စည်းတွေနဲ့ ဖမ်းဆီးရမိထားပါတယ်။ အခြားကျူးလွန်သူနှစ်ဦးကို အမြန်ဆုံးဖမ်းဆီးရမိဖို့ ကွက်ပြည့်နင်း လိုက်လံရှာဖွေလျက်ရှိပါတယ်။

**သတင်းစဉ်။** ပြစ်မှုကျူးလွန်သူတွေက ဘာလို့ သတ်ဖို့အထိ ဖြစ်သွားရတာလဲ။ ရန်ငြိုးရန်စကြောင့်လား၊ ဒါမှမဟုတ် တခြားအကြောင်းကြောင့်လား။

**ရဲမှူးကြီး ကိုကိုအောင်။** ပြစ်မှုကျူးလွန်သူတွေ ပြစ်မှုကျူးလွန်ရတဲ့ အကြောင်းရင်းကတော့ အရက်သေစာသောက်စားရာက ကျူးလွန်ခံရတဲ့ လင်မယားစုံတွဲနဲ့ အချိန်မတော်တွေ့ရာကနေ မှုခင်းဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူတွေက အသက် ၂၀ ပတ်ဝန်းကျင် လူငယ်တွေဖြစ်ပါတယ်။ ရန်ငြိုးရန်စကြောင့်၊ ငွေကြေးကြောင့်မဟုတ်ဘဲ အရက်အလွန်အကျွံ သောက်စားပြီး မိမိကိုယ်ကို ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဖြစ်ပွားခဲ့ကြောင်း စုံစမ်းဖော်ထုတ်သုံးသပ်ရရှိပါတယ်။

**သတင်းစဉ်။** ဒီလူသတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့တဲ့အတွက် တရားဥပဒေစိုးမိုးမှု အားနည်းနေပြီလို့ ဝေဖန်သံတွေကြားနေရပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။

**ရဲမှူးကြီး ကိုကိုအောင်။** ပြည်ထဲရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရဲ့ ညွှန်ကြားချက်နဲ့အညီ နေပြည်တော်ကောင်စီနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း/ရပ်ကင်းတွေ တိုးချဲ့ဆောင်ရွက်တယ်။ ယာဉ်တင်လှည့်ကင်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးလှည့်ကင်းတွေနဲ့ နယ်မြေလုံခြုံရေးကို တိုးချဲ့ဆောင်ရွက်နေပါတယ်။

အရေးကြီးတဲ့နေရာတွေကိုလည်း CCTV ကင်မရာတွေနဲ့ စောင့်ကြည့်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေသလို တပ်ဖွဲ့ဝင်တွေကိုလည်း မွမ်းမံသင်တန်းတွေပေးနေတယ်။ နယ်မြေအတွင်း ပြစ်မှုကျူးလွန်ဖို့ အလားအလာရှိသူတွေကို စောင့်ကြည့်နေပြီး ဖြစ်ပွားတဲ့ပြစ်မှုတွေက ပြစ်မှုကျူးလွန်သူတွေကိုလည်း ထိရောက်တဲ့ပြစ်ဒဏ်ပေးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ နယ်မြေခံပြည်သူလူထုကလည်း ရဲတပ်ဖွဲ့နဲ့ လက်တွဲပြီး မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာအောင် ပညာပေးဟောပြောမှုတွေ၊ စည်းရုံးမှုတွေကို ဆောင်ရွက်ပါတယ်။ အခုဆို မူးယစ်ဆေးဝါးနဲ့ လောင်းကစားမှုတွေလည်း တိုးမြှင့်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

**သတင်းစဉ်။** နိုဝင်ဘာ ၈ ရက်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်တဲ့အတွက် နယ်မြေဒေသလုံခြုံရေးနဲ့ပတ်သက်ပြီး ဘယ်လိုကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားပါသလဲ။

**ရဲမှူးကြီး ကိုကိုအောင်။** အထွေထွေရွေးကောက်ပွဲ ကျင်းပဖို့ကာလ နီးကပ်လာတာနဲ့အမျှ လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းတဲ့ ရွေးကောက်ပွဲဖြစ်လာစေဖို့အတွက် လုံခြုံရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး စီမံချက်ရေးဆွဲဆောင်ရွက်နေပါတယ်။ မှုခင်းဖြစ်ပွားတဲ့ သံတမန်ဇုန်အိမ်ရာ မြေနေရာမှာ အရင်က အမှုအခင်းကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါဘူး။ အဲဒီမှာ အဆောက်အအုံတွေမရှိသေးပေမယ့် လုံခြုံရေးအတွက် အရေးကြီးတဲ့နေရာဖြစ်တဲ့အတွက် မှုခင်းတွေဖြစ်ပွားမှုမရှိဖို့ စီမံချက်ချပြီး လုံခြုံရေးကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။

**သတင်းစဉ်။** အခုလို မှုခင်းဖြစ်ပွားရတဲ့ အခြေခံအကြောင်းတရားတွေက ဘာတွေပါလဲ။

**ရဲမှူးကြီး ကိုကိုအောင်။** အမျိုးသမီးငယ်တွေ၊ လူငယ်တွေအနေနဲ့ လူသူကင်းမဲ့တဲ့နေရာတွေကို အချိန်မတော်သွားလာတာတွေ ရှောင်ရှားဖို့လိုပါတယ်၊ အရက်သေစာသောက်စားတဲ့အခါ အလွန်အကျူးမဖြစ်ဖို့ကိုလည်း ထိန်းချုပ်ဖို့လိုအပ်ပါတယ်။ ဒါတွေက မှုခင်းဖြစ်ရတဲ့ အခြေခံ အကြောင်းတွေပါ။ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဟာ ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့ မူလရည်မှန်းချက်တာဝန်ဖြစ်ပါတယ်။ အဲဒီတာဝန်တွေကို ကျေပွန်ဖို့ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

**သတင်းစဉ်။** ဒီလူသတ်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ နောက်ဆုံးအခြေအနေကို ပြောပြပေးပါ။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပမ္မဝတီ ၃ လမ်း ညောင်ပင်အောက်၌ ရပ်ထားသည့် အေဒီဘင် အဖြူရောင် ယာဉ် 6I/---- ကို နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲမှူး စိုးညွန့်နှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက သတင်းအရရှာဖွေစဉ် ၁ ဒသမ ၇၃ ဂရမ်ခန့်ရှိ ဘိန်းဖြူအမှုန့်များ နှင့် WY စာတန်းပါ မူးယစ်ဆေးဝါး အနီရောင်ဆေးနှစ်လုံး ၀ ဒသမ ၂ ဂရမ်၊ ဟန်းဖုန်းတစ်လုံး၊ မြန်မာငွေကျပ် ၁၂၀၀၀ နှင့် ဘိန်းဖြူသုံးရာတွင် အသုံးပြုသည့် ပစ္စည်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါအေဒီဘင်ကားကို ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ မျိုးသူရ(ခ)ကိုသူ (၃၁ နှစ်)မောင်းနှင်လာပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ စောသန်းဦး(၅၇ နှစ်)လိုက်ပါရာ ယင်းမူးယစ်ဆေးဝါးများကို ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။ ပြန်လည်ရောင်းချရန် မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် မျိုးသူရ(ခ) ကိုသူနှင့် စောသန်းဦးတို့အား နေပြည်တော်အမှတ်(၁)မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**တံတားဦး အောက်တိုဘာ ၇**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အမှတ်(၁)ရပ်ကွက် ကွက်သစ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ အောက်တိုဘာ ၆ ရက် ည ၁၀ နာရီက မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ကြသည်။ ဖြစ်စဉ်မှာ အဆိုပါရုံးတွင်တပ်ဆင်ထားသော မီးအားမြှင့်စက်မှာ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းရာ နံကပ်သွပ်မိုးအဆောက်အအုံ မီးလောင်ကျွမ်းပြီး ရုံးတွင်းရှိ စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးသွားသဖြင့် ညပိုင်းအလှည့်ကျဝန်ထမ်းများဖြစ်သော ဦးမြတ်လင်း(မြေတိုင်း-၄)နှင့် ဦးကျော်ကျော်ဦး (မြေတိုင်း-၄)တို့ကို ဥပဒေအရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ စိတ်ချမ်းသာ

# မိုးညှင်းမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ဒေသခံများ ဒဏ်ရာရရှိ

**မိုးညှင်း အောက်တိုဘာ ၇**

ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေစဉ်မှာပင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာ အရှေ့ဘက်တောတွင်းတစ်နေရာ၌ အောက်တိုဘာ ၅ ရက် ညနေပိုင်းက မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းစထိမှန်မှုကြောင့် မျှစ်ချိုးသွားသည့် ထန်းတပင်ကျေးရွာမှ မယုယုချို (၃၇ နှစ်)နှင့် မစန်းစန်းဦး (၄၈ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သည်။ **(ဓါတ်ပုံ)**



မိုင်းစထိမှန်ဒဏ်ရာရရှိသူနှစ်ဦးကို မိုးညှင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ ၎င်းတို့အား အောက်တိုဘာ ၆ ရက်တွင် မိုးညှင်းမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်သက်လွင်က တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက တစ်ဦးလျှင် ငွေကျပ်လေးသောင်းစီနှင့် ရွာသစ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

မိုးညှင်းမြို့နယ်တွင် ကေအိုင်အေမိုင်းကြောင့် ပေါက်ကွဲမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိ၍ တစ်နိုင်လုပ်ငန်းကျောက်စိမ်း ရှေ့ရှာဖွေသူများ၊ တောတောင်၌ သဘာဝပေါက်ပင် ဟင်းသီးဟင်းရွက် မျှစ်၊ ဝါးနှင့် ထင်းရှာဖွေလုပ်ကိုင်နေသူ လက်လုပ်လက်စား အရပ်သားများ သေဆုံး၊ ဒဏ်ရာရသူများ တိုးပွားလျက်ရှိရာ ယခုနှစ်အတွင်း မိုင်းပေါက်ကွဲမှု ခုနစ်ကြိမ်ရှိပြီဖြစ်ကြောင်း ဌာနမှတ်တမ်းအရ သိရသည်။

(ဝဇိုး)



# ကျပ်သိန်းပေါင်း ၁၁၂၀၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**တာချီလိတ် အောက်တိုဘာ ၇**

တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျပ်သိန်းပေါင်း ၁၁၂၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်း၌ မိုင်းဆတ်မြို့နယ် နားယောင်းကျေးရွာမှ တာချီလိတ်ဘက်သို့ အိုက်ရှုန်(ခ)အိုက်စိုင်းဆိုင် မောင်းနှင်လာသော YGN 2H-----Vigo အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ စစ်ဆေးရှာဖွေရာ ယာဉ်နောက်ဘက် ကြမ်းခင်းအောက် အံ့ဝှက်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်းဆေးပြား ၄၄၈၀၀၀ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၁၂၀၀ ခန့်နှင့် အိုက်ရှုန်(ခ)အိုက် စိုင်းဆိုင်၏ ဘောင်းဘီအိတ်အတွင်းမှ ထိုင်းဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အိုက်ရှုန်(ခ)အိုက်စိုင်းဆိုင်(၂၉ နှစ်)ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ယဉ်ကျေး**

# အသက်(၁၃)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်




**နေပြည်တော် အောက်တိုဘာ ၇**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် နေပြည်တော်တိုင်းပညာရေးမှူးဒိုင်း အသက်(၁၃)နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၇ ရက်က ဒက္ခိဏခရိုင်ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ နေပြည်တော်တိုင်းပညာရေးမှူးဒိုင်း အသက်(၁၃)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ယှဉ်ပြိုင်ကစားရာ နောက်ဆုံးဗိုလ်လုပွဲတွင် ဒက္ခိဏခရိုင်အသင်းက ဥတ္တရခရိုင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုပေးပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ ဒက္ခိဏခရိုင်အသင်းအား တိုင်းပညာရေးမှူးဆရာကြီး ဦးစိုးဝင်းက တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **မောင်ကျော်ကြီး**

### (ယူရို ၂၀၁၆)အုပ်စုခြေစစ်ပွဲ အောက်တိုဘာ ၈/၉

**အုပ်စု(D)**
- ဂျော်ဂျီယာ - ဂျီဘရော်တာ — ည ၁၀း၃၀
- အိုင်ယာလန် - ဂျာမနီ — နံနက် ၁း၁၅
- စကော့တလန် - ပိုလန် — နံနက် ၁း၁၅

**အုပ်စု(F)**
- ဟန်ဂေရီ - ဖာရိုးကျွန်းစု — နံနက် ၁း၁၅
- မြောက်အိုင်ယာလန် - ဂရိ — နံနက် ၁း၁၅
- ရိုမေးနီးယား - ဖင်လန် — နံနက် ၁း၁၅

**အုပ်စု(I)**
- အယ်ဘေးနီးယား - ဆားဘီးယား — နံနက် ၁း၁၅
- ပေါ်တူဂီ - ဒိန်းမတ် — နံနက် ၁း၁၅

### (ကမ္ဘာ့ဖလား)အာရှဇုန်ခြေစစ်ပွဲ အောက်တိုဘာ ၈

**အုပ်စု(A)**
- တီမော - ပါလက်စတိုင်း — ည ၈း၃၀
- ဆော်ဒီအာရေဗျ - ယူအေအီး — ည ၁၁း၃၀

**အုပ်စု(B)**
- ဂျော်ဒန် - ဩစတြေးလျ — ည ၈း၃၀
- ကာဂျစ္စတန် - တာဂျစ္စတန် — ည ၈း၃၀

**အုပ်စု(C)**
- ဘူတန် - မော်လ်ဒိုက်ဗ် — ညနေ ၆း၃၀
- ကာတာ - တရုတ် — ည ၁၀း၀၀

**အုပ်စု(D)**
- တာ့ခ်မင်နစ္စတန် - အိန္ဒိယ — ည ၇း၃၀
- အိုမန် - အီရန် — ည ၉း၀၀

**အုပ်စု(E)**
- စင်ကာပူ - အာဖဂန်နစ္စတန် — ညနေ ၆း၃၀
- ဆီးရီးယား- ဂျပန် — ည ၇း၃၀

**အုပ်စု(F)**
- အင်ဒိုနီးရှား - ထိုင်း — ညနေ ၄း၃၀
- ဗီယက်နမ် - အီရတ် — ညနေ ၆း၃၀

**အုပ်စု(G)**
- မြန်မာ - လက်ဘနွန် — ညနေ ၆း၃၀
- ကူဝိတ် - တောင်ကိုရီးယား — ည ၉း၂၅

**အုပ်စု(H)**
- မြောက်ကိုရီးယား - ဖိလစ်ပိုင် — မွန်းလွဲ ၂း၀၀
- ဘာရိန်း- ဥဇဘက်ကစ္စတန် — ည ၉း၃၀

### (ကမ္ဘာ့ဖလား)တောင်အမေရိကဇုန်ခြေစစ်ပွဲ အောက်တိုဘာ ၉

- ဘိုလီဗီးယား - ဥရုဂွေး — နံနက် ၂း၃၀
- ကိုလံဘီယာ - ပီရူး — နံနက် ၃း၀၀
- ဗင်နီဇွဲလား - ပါရာဂွေး — နံနက် ၃း၃၀
- ချီလီ - ဘရာဇီး — နံနက် ၆း၀၀
- အာဂျင်တီးနား - အီကွေဒေါ — နံနက် ၆း၃၀


**တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ထားဝယ်မြို့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ(၈၀/၁၀၀) | မက်ထရစ်တန်(၃၃၉.၅)တန် |
| | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | -၁၈-၁၀-၂၀၁၅ ရက် |
| | **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | -ညနေ ၄း၃၀ နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၈-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ထားဝယ်မြို့**

**ဖုန်း-၀၅၉-၂၃၄၇၉၊ ၀၅၉-၂၃၄၈၁**



**ရှိုးသား၊ ကြိုးစားသောဝန်ထမ်းများအလိုရှိသည်။**

(၁) Air-Con ကျွမ်းကျင် - ကျား (၅)ဦး
(၂) Air-Con အကူ - ကျား (၁၀)ဦး
(၃) စာရင်းကိုင် - ကျား၊မ(၃)ဦး
(၄) ယာဉ်မောင်း - ကျား (၂)ဦး

**PANDA Air-Con Sale & Service Centre**
အမှတ် ၁၃၀၊ ၉၄လမ်း၊ မြေညီ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
☎ ၀၉ ၂၅၃ ၅၈၂၅၁၀၊ ၀၉ ၉၃၉ ၃၅၁၄၈၁



**CLAIMS DAY NOTICE**

**M.V TRANS FUTURE-1 VOY: NO (233)**

Consignees of cargo carried by M.V TRANS FUTURE-1 VOY: NO(233) are here by notified that the vessel will arrive on about 10-10-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**ပျောက်ဆုံးကြောင်း**

ဦးကျော်ဝင်းမောင် ၁၂/မရက(နိုင်)၀၄၀၁၂၂ အမည်ဖြင့် ထုတ်/သွင်းကုန် ID.No .759444- 27-7-2012 စာရွက်စာတမ်းများပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ်ပါရန်။



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၁၆၅၈)၊ ဧရိယာ (၀ဒသမ၀၅၅)ဧက၊ ဒေါ်ခင်သန်းကြွယ်အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၉၄/၂၀၁၄)ဖြင့် ဒေါ်ခင်သန်းကြွယ်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးမြတ်ကျော် ၉/မထလ(နိုင်)၀၁၅၃၁၃ (ဘ) ဦးတိုးမောင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9B/2517 Nissan Diesel, Dump Truck(6x4) ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၂/ဥကမ(နိုင်)၁၃၉၃၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**



FAME **Nephrotec®**
For healthy kidney
ကျောက်ကပ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 012139 (0516)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၃)

FAME **Urocrush®**
For renal stones
ဆီးကျောက်ပျော်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006245 (0717)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၃)



**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁)၊ ဦးပိုင်အမှတ် (၄)၊ ၇၂×၇၃လမ်းနှင့် ရတနာလမ်း×ကုသိုလ်တော်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းရီ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၉၈/၂၀၁၅))ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသောင်းထိုက် ၉/ဝတန(နိုင်)၀၆၀၇၂၆မှ ဂရန်စာချုပ်မူရင်း၊ ငွေသွင်းပြေစာ၊ မြေချထားမိန့်များသည် လက်ဝယ်၌ အသိမ်းလွန်ပြီး ပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# သက်ကြီးရွယ်အိုများ ကျန်းမာတက်ကြွ၍ ဂုဏ်သိက္ခာရှိစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိသော မြန်မာ့လူ့အဖွဲ့အစည်းဖြစ်ဖို့

ကြည်ထွန်း(လူမှုဝန်ထမ်း)

* ဇရာအိုရှောင်မရ
တစ်နေ့ကျ သူသူငါ၊
ရှောင်ဖယ်ကာ သွေမလွဲ
တွေ့မြဲမမွှတာ။

* သက်ကြီးဘဝ စိုပြည်သာယာ
ကြိုးစားပါ သူငါအရေး
ချမ်းမြေ့စွာ သာယာအေး
တို့တစ်တွေ အစဉ်ကြိုတွေး
ဘိုးဘွားတို့အရေး။

(၁-၁၀-၂၀၀၂)နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ကျော်ဇောဟန်၏ "စောင့်ရှောက်စို့လားဘိုးဘွားအများ" ကဗျာမှ)

**အပြောင်းအလဲများနှင့်စိန်ခေါ်မှု**

ကမ္ဘာနဲ့အဝန်းတရိပ်ရိပ်တိုးပွားနေတဲ့ သက်ကြီးရွယ်အိုအရေအတွက်ဟာ ၂၀၁၃ ခုနှစ်က ၈၄၁ သန်းသာရှိရာက ၂၀၅၀ ပြည့်နှစ်မှာ နှစ်ဆကျော်တိုးပြီး ၂ ဘီလီယံရှိလာမယ်လို့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားပါတယ်။ လူသားတွေရဲ့အသက်ရှည်မှုပုံမှန် တိုးတက်လာခြင်းဟာ မျက်မှောက်ခေတ် ကြုံတွေ့နေရတဲ့ အကြီးမားဆုံးအပြောင်းအလဲများနဲ့ စိန်ခေါ်မှုများထဲက တစ်ခုလို့ ဆိုရပါမယ်။

**စာနာဆပ္ပွားအလေးထား**

ဒီလိုပြောင်းလဲလာတဲ့ လူဦးရေ ဖွဲ့စည်းမှုပုံစံနဲ့ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမှုတွေမလုပ်နိုင်ဘူးဆိုရင် ကြီးသူ ရွယ်သူ ငယ်သူတွေအားလုံး ကျေနပ်စရာကောင်းတဲ့အနာဂတ်ဘဝ ပိုင်ဆိုင်မှုကို ခက်ခဲစေမှာအမှန်ပါ။ သက်ကြီးရွယ်အိုတွေဟာ သူတို့ရဲ့ ပျိုရွယ်တဲ့ဘဝတစ်လျှောက် သူ့ခေတ် သူ့အခါသူတို့တာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ထမ်းရွက်ခဲ့ကြပြီးဖြစ်သလို ထမ်းရွက်နေကြတုန်းပါပဲ။ ဒါကိုမျက်ကွယ်ပြုပြီး ကြောင်အို ကြွက်မလေး ဆိုသလို သက်ကြီးရွယ်အိုတွေအပေါ် ခွဲခြားဆက်ဆံမှု၊ လူမှုနယ်ပယ်က ဖယ်ကြဉ်မှုတွေ ပြုနေကြတာတွေဟာအင်မတန် စက်ဆုပ်ဖို့ကောင်းပါတယ်။ ကိုယ်ကိုယ်တိုင်လည်း တစ်နေ့ သူတို့နေရာကိုရောက်ရင် ဘယ်လိုနေမလဲ ဆိုတဲ့အတွေးနဲ့ စာနာဆပ္ပွား အလေးထားကြဖို့လိုပါတယ်။

**မြန်မာ ၁၁ ဦးမှာ သက်ကြီးရွယ်အိုတစ်ဦး**

ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှာ အသက် ၆၅ နှစ်အထက် (သို့) အသက် ၆၃နှစ်အထက်ကိုသာ သက်ကြီးရွယ်အိုလို့သတ်မှတ်ပါတယ်။ ၂၀၁၄ ခုနှစ်သန်းခေါင်းစာရင်းအရ မြန်မာ့လူဦးရေသန်း ၅၀ ကျော်အနက် ၂ ဒသမ ၉ သန်း (၅ ဒသမ ၈ ရာခိုင်နှုန်း)ဟာ အသက် ၆၅ နှစ်နဲ့ အထက်သက်ကြီးရွယ်အိုတွေ ဖြစ်ပါတယ်။ သို့ပေမယ့် မြန်မာနိုင်ငံမှာ အသက် ၆၀ ပြည့်ရင် ပင်စင်ပေးတာဆိုတော့ ၄ ဒသမ ၅ သန်း ( ၈ ဒသမ ၉ ရာခိုင်နှုန်း)ဟာအသက် ၆၀ နဲ့အထက် အသက်အုပ်စုထဲကို ရောက်နေပါပြီ။ ဒီကိန်းဂဏန်းအရ မြန်မာနိုင်ငံသား ၁၁ ဦးမှာ တစ်ဦးဟာ သက်ကြီးရွယ်အို စာရင်းဝင်ဖြစ်နေပါပြီ။ သက်ကြီးအများစုဟာ သူ့မိသားစု သို့မဟုတ် အခြားတစ်ဦး တစ်ယောက်နဲ့အတူနေတာဖြစ်တဲ့အတွက် ကြီးမားတဲ့ စောင့်ရှောက်မှု ပြဿနာမရှိဘူးလို့ရှေးတုန်းက ယူဆခဲ့ကြပါတယ်။ သို့ပေမယ့် မြန်မာအမျိုးသမီးတွေ မွေးဖွားနှုန်းကျဆင်းလာမှုနဲ့အတူ သက်ကြီးရွယ်အိုတွေအတွက် အားကိုးအားထားပြုရမယ့် သားသမီးအရေအတွက် နည်းလာမှာဖြစ်ပါတယ်။ ဒီအချက်ဟာ အနာဂတ် သက်ကြီးရွယ်အိုတွေအတွက် ရတက်မအေးစရာပါ။

**နည်းလမ်းခြောက်သွယ်**

နိုင်ငံတကာသက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းများကို လေ့လာကြည့်မယ်ဆိုရင် နည်းလမ်းခြောက်သွယ်နဲ့ စောင့်ရှောက်နေကြတာကိုတွေ့ရပါတယ်။ ဒီနည်းလမ်းတွေကတော့ -

(၁) စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်း (Volunteer Elderly Home)

(၂) အိမ်တိုင်ရာရောက်စောင့်ရှောက်ခြင်း (Ho- me Care for Older People) တစ်နည်းအားဖြင့် စေတနာ့ဝန်ထမ်း အခြေပြုစောင့်ရှောက်ရေးလုပ်ငန်း (Volunteer- Based Care Service)

(၃) နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း(Day Care Centre)

(၄) မိသားစုအခြေပြု စောင့်ရှောက်ခြင်း (Home Based Care Service)

(၅) ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်း (Com- munity -Based Service)

(၆) ဂေဟာများ တည်ထောင်၍ စောင့်ရှောက်ခြင်း (Group Home -Based Service) တို့ပဲဖြစ်ပါတယ်။

**စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ**

ကိုလိုနီခေတ် ၁၉၁၅ ခုနှစ်ကစပြီး မြန်မာအမျိုးသမီးအာဇာနည်ဘွား ဦးဇွန်း မျိုးစေ့ချပေးတဲ့ဘိုးဘွားရိပ်သာတွေဟာ နှစ်ပေါင်း ၁၀၀အတွင်း နိုင်ငံနဲ့အဝန်း ၈၀ ကျော်အထိပေါ်ထွန်းလာခဲ့ပါပြီ။ ဒီဘိုးဘွားရိပ်သာတွေမှာ အသက် ၇၀ နဲ့အထက် ဘိုးဘွား ၃၀၀၀ နီးပါးပဲ လက်ခံစောင့်ရှောက်ထားနိုင်ပါတယ်။ နိုင်ငံတော်အစိုးရက ဒီဘိုးဘွားတွေ စားဝတ်နေရေး မချို့တဲ့ရအောင် ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နဲ့ ဂေဟာမှူးလစာကို နှစ်စဉ်မပျက်ထောက်ပံ့မှုတွေပြုလုပ်ပေးနေသလို ပြည်တွင်း၊ ပြည်ပအလှူရှင်များကလည်း စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းနေကြပါတယ်။ သို့ပေမယ့် သက်ကြီးရွယ်အိုအများစုဟာ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာကိုခုံမင်မြတ်နိုးသူတွေပီပီ ဘိုးဘွားရိပ်သာကိုသွားဖို့ ဝန်လေးတက်ကြပါတယ်။

**အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေး**

သားထောက်သမီးခံ မရှိတဲ့ဘိုးဘွားတွေ၊ ဆွေမျိုးသားချင်းနည်းပါးတဲ့ သက်ကြီးရွယ်အိုတွေဟာ မြန်မာနိုင်ငံ အနှံ့အပြားမှာရှိနေကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲနွမ်းပါးပြီး အထီးကျန်ဖြစ်နေရတဲ့ သက်ကြီးရွယ်အိုတွေရဲ့ လူမှုရေးအခြေအနေကို အတိုင်းအတာတစ်ခုထိ ကောင်းမွန်တိုးတက်စေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ၂၀၀၄ ခုနှစ်ကစပြီး အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်းကြီးကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းမှာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းပေါင်းစုံက စေတနာ့ဝန်ထမ်းသမား Volunteer များစွာက အစောင့်အရှောက်ခံဘိုးဘွားများရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းမှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**နွားပျိုသန်လှ၊ နွားအိုပေါင်ကျိုး**

အိုသည်တိုင်အောင် ဇွဲကိုဆောင်ပြီး လူ့ဘောင်ကောင်းကျိုး သယ်ပိုးလိုကြတဲ့ သက်ကြီးရွယ်အိုတွေမှာ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာရှိနေပါတယ်။ ဒါကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ Help Age International (Myanmar) တို့ ပူးပေါင်းပြီး Older People Sclf Help Groups - OPSHGS လို့ခေါ်တဲ့ "သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့" တွေကို ရန်ကုန်၊ မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့က ကျေးရွာပေါင်း ၁၁၈ ရွာမှာ ဖွဲ့စည်းပေးနိုင်ခဲ့ပါပြီ။ ဒီအဖွဲ့တွေဟာ သူတို့ဒေသနဲ့ လျော်ညီတဲ့ တစ်နိုင်တစ်ပိုင်ဝင်ငွေရ လုပ်ငန်းတွေအပြင် လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေကိုပါ ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။

ဒါ့အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်အတွင်းက ကျေးရွာပေါင်း ၁၃၀ မှာ သက်ကြီးရွယ်အိုတွေ ကိုယ်တိုင်ဦးစီးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ် Older People Lead Rural Development Programme ကို ဆောင်ရွက်နေကြပါတယ်။ ဒီလုပ်ငန်းတွေမှာ သက်ကြီးရွယ်စုံနဲ့ လူငယ်လူရွယ်တွေ စုစည်းပါဝင်ကြပြီး ရပ်ရွာဓလေ့နဲ့ ကိုက်ညီတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်တွေ အားတက်သရော ဆောင်ရွက်နေကြတာ ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရပါတယ်။

**သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ**

ပြောင်းလဲလာတဲ့ လူနေမှုပုံစံအရ အချို့သော သက်ကြီးရွယ်အိုတွေဟာ ငွေကြေးမချို့တဲ့ကြပေမယ့် အထီးကျန်ဆန်တဲ့ဝေဒနာကို ခံစားကြရပါတယ်။ ဒါ့ကြောင့် ကျန်းမာတက်ကြွတဲ့ သက်ကြီးဘဝကို ရောက်ရှိစေဖို့ နိုင်ငံတော်အစိုးရရဲ့ ပထမဦးဆုံး သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနဲ့ ပါရမီလမ်းထောင့်မှာ ၂၀၁၃ ခုနှစ်ကစပြီး ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ဒီဂေဟာမှာ အသက် ၇၀ နှစ်နဲ့အထက် အဘိုးအဘွားများကို လက်ခံစောင့်ရှောက်ထားပြီး နုပျိုကျန်းမာသက်ကြီးသူတို့ ပျော်စံရာ ဂေဟာတစ်ခုအဖြစ် ဖန်တီးထားတာကို တွေ့မြင်နိုင်ပါတယ်။ သင့်တင့်မျှတတဲ့ ဝန်ဆောင်ခရယူပြီး အလားတူဂေဟာမျိုး ဖွင့်လှစ်လိုသူတွေ သွားရောက်လေ့လာနိုင်ပါတယ်။ ဒီဂေဟာအတွင်းမှာပဲ "သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူ" (Care Giver) သင်တန်းဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် ဒီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုချင်လို့ပဲဖြစ်ဖြစ်၊ စနစ်တကျပြုစုစောင့်ရှောက်မှုနည်းပညာရယူချင်လို့ပဲဖြစ်ဖြစ် အသက် ၁၈ နှစ်ပြည့်ပြီး အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

**လူမှုကာကွယ်စောင့်ရှောက်ရေးအရိပ်အာဝါသ**

နိုင်ငံနဲ့အဝန်းက ကလေးသူငယ်များ၊ အားနည်းသူများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနဲ့ မသန်စွမ်းသူများအတွက် "မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်" ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒီစီမံချက်ရဲ့ အဓိကလုပ်ငန်းစဉ်(၈)ရပ်ထဲမှာ "သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ပေးအပ်ခြင်းနဲ့" သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များကို ထောက်ပံ့ခြင်းဆိုတဲ့ လုပ်ငန်းတွေလည်း ပါရှိပါတယ်။

ဒီလုပ်ငန်းကို နှောင့်နှေးခြင်းမရှိရအောင် မြန်မာတစ်နိုင်ငံလုံးက အသက် ၁၀၀ နဲ့အထက် သက်ကြီးဝါကြီးအဘိုး အဘွားများကို ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဂုဏ်ပြုခံ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအဖြစ်အသိအမှတ်ပြု ဂုဏ်ပြုလွှာနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ရရှိတဲ့ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသောရန်ပုံငွေက အထောက်အပံ့အဖြစ် အဘိုး အဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ ပေးအပ်ခဲ့ပါတယ်။ ယခုအချိန်အထိ အဘိုး ၃၃၃ ဦး၊ အဘွား ၈၄၆ ဦး စုစုပေါင်း ၁၁၇၉ ဦးကို ပေးအပ်ချီးမြှင့်ပြီးဖြစ်တဲ့အတွက် ရဟန်းရှင်လူပြည်သူတစ်ရပ်လုံးက ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် အသက် ၉၀ နဲ့ အဘိုး၊ အဘွားများကိုလည်း နိုင်ငံတော်အစိုးရက လူမှုရေးထောက်ပံ့ကြေးများ ပေးအပ်နိုင်အောင် စီစဉ်ဆောင်ရွက်နေပြီလို့ သိရလို့ မုဒိတာပွားမိပါတယ်။

**အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း**

ပြုပြင်ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ သက်ကြီးရွယ်အိုများရဲ့ လူမှုဘဝဖွံ့ဖြိုးမှုနဲ့ သက်ကြီးရွယ်အိုများရဲ့အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးဟာ အင်မတန်အရေးပါတဲ့ လုပ်ငန်းတစ်ရပ်ပါ။ ဒါကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများအဖွဲ့နဲ့ မိတ်ဖက်အဖွဲ့အစည်းများရဲ့ အကူအညီကိုရယူပြီး နိုင်ငံနဲ့အဝန်းက သက်ကြီးရွယ်အိုများရဲ့ ဘဝအခြေအနေမှန်ကို လေ့လာဆန်းစစ်မှုတွေပြုခဲ့ပါတယ်။ ဒီလေ့လာဆန်းစစ်မှုရဲ့ ရလဒ်ကြောင့် သက်ကြီးရွယ်အိုများအားလုံး ကျန်းမာတက်ကြွ၍ ဂုဏ်သိက္ခာရှိစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိတဲ့ မြန်မာ့လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးကို မျှော်မှန်းပြီး "သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်း" ရေးဆွဲပြုစုပြီးလို့ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၄ ခုနှစ် ဇွန် ၁၄ ရက်တွင် သဘောတူအတည်ပြုပြီးပြီလို့ သိရပါတယ်။

> **သက်ကြီးရွယ်အိုတွေဟာ မြန်မာ့လူ့ဘောင် သာယာဖွံ့ဖြိုးရေးအတွက် ခေတ်အဆက်ဆက် မဆုတ်မနစ် ဖန်တီးပုံဖော်ပေးခဲ့ကြသူတွေပါ။ သူတို့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ စရဏအားကောင်းခဲ့ကြလို့ ယခုအချိန်အထိ အမှည့်တစ်ဝင်းဝင်း အကင်းတစ်ဖြိုက်ဖြိုက်ဆိုသလို သက်ရှိထင်ရှားရှိနေတာ ဖြစ်ပါတယ်။**

ဒီအမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းရဲ့ ၁၀ နှစ်တာ ကာလအတွင်းမှာဆောင်ရွက်ရမယ့်အခန်းကဏ္ဍနဲ့ တာဝန် (၁၀)ရပ်ပါရှိပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းစီမံချက်တွေရေးဆွဲပြီး ဌာနဆိုင်ရာများနဲ့ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေ အတူပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် မအောင်မြင်စရာ အကြောင်းမရှိပါဘူး။

**သက်ကြီးရွယ်အိုများနှင့် မြန်မာ့လူ့အဖွဲ့အစည်း**

မြန်မာ့ရိုးရာအစဉ်အလာနဲ့အညီ မြန်မာမှုဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်နိုင်မယ့် ကျန်းမာရေးဆောင်ရွက်မှု၊ လူမှုရေးဆောင်ရွက်မှုတွေ တိုးမြှင့်အလေးထားဆောင်ရွက်နိုင်ဖို့ "သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ" (မူကြမ်း)ကိုလည်း မကြာခင်က ရေးဆွဲတင်ပြထားပြီလို့ သိရပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးရင် သက်ကြီးရွယ်အိုများ ရရှိခံစားအပ်တဲ့ အခွင့်အရေးတွေအားလုံးကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်မှုတွေ ပိုပြီးပေးနိုင်မှာ မလွဲဧကန်ပါ။

သက်ကြီးရွယ်အိုတွေဟာ မြန်မာ့လူ့ဘောင် သာယာ ဖွံ့ဖြိုးရေးအတွက် ခေတ်အဆက်ဆက် မဆုတ်မနစ် ဖန်တီးပုံဖော်ပေးခဲ့ကြသူတွေပါ။ သူတို့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ စရဏအားကောင်းခဲ့ကြလို့ ယခုအချိန်အထိ အမှည့်တစ်ဝင်းဝင်း အကင်းတစ်ဖြိုက်ဖြိုက်ဆိုသလို သက်ရှိထင်ရှားရှိနေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မျိုးဆက်သစ်လူငယ်လူရွယ်တွေအနေနဲ့ သက်ကြီးရွယ်အိုတွေအပေါ် လူအိုလူပိုတွေလို့ သဘောမထားဘဲ သူတို့ရဲ့ကျေးဇူးဂုဏ်အင်ကို သိမြင်ဆင်ခြင်ကြရပါမယ်။ သက်ကြီးရွယ်အိုတိုင်း ကျန်းမာတက်ကြွပြီး ဂုဏ်သိက္ခာရှိရှိ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့ မြန်မာ့လူ့အဖွဲ့အစည်းဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့။

## လစဉ်ပုံမှန်ကာကွယ်ဆေး အခမဲ့တိုက်ကျွေးထိုးနှံပေး

**နေပြည်တော် အောက်တိုဘာ ၇**

မိခင်ကျန်းမာရေးမြှင့်တင်ရေး၊ ငါးနှစ်အောက်ကလေးသေဆုံးမှု ကျဆင်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ကျေးရွာပြည်သူများဖြစ်လာစေရန် ရည်ရွယ်၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာတို့တွင် အောက်တိုဘာ ၅ရက်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို လစဉ်ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးရေးကို ကျေးလက်ကျန်းမာရေးဌာန ရှားတောဌာနခွဲမှ သားဖွားဆရာမ ဒေါ်စန်းစန်းမြင့်က လစဉ်ပုံမှန် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဝက်သက်၊ ပိုလီယို၊ penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီနှင့် တီဘီပိုးကာကွယ်နိုင်ရန် BCG ဆေးမျိုးများ တိုက်ကျွေးထိုးနှံပေးသွားမည်ဖြစ်သည်။

ရှားတောကျေးလက်ကျန်းမာရေးဌာနခွဲ၌ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ငါးနှစ်အောက်ကလေးများ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်များကို အခမဲ့စမ်းသပ်ပေးခြင်းနှင့် ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန့်မောင်**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ ကူညီပံ့ပိုးသည့် ကလေးစာဖတ်ခန်းဖွင့်ပွဲကျင်းပ

**နတ်တလင်း အောက်တိုဘာ ၇**

ဂျပန်နိုင်ငံမှစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သော ရှန်တီအဆိုကေးရှင်းအဖွဲ့က ကလေးသူငယ်များ အသိဉာဏ်ပညာဗဟုသုတများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကလေးစာဖတ်ခန်းဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အောက်တိုဘာလ ပထမပတ်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် စာပေဝါသနာရှင်များတက်ရောက်ကြ၍ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ဒါရိုက်တာ အခိစံက ကလေးစာဖတ်ခန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ကလေးစာဖတ်ခန်းဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးနှင့် ခရိုင်ဦးစီး အရာရှိ ဒေါ်ကြင်ကြင်သန်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများအကြောင်းတို့ကို ပြောကြားသည်။ ထို့နောက် ကလေးသူငယ်များက စာဖတ်ခန်းမှ စာပေများကို လေ့လာမှတ်သားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ကန်တော့ခံဆရာကြီး ဆရာမကြီး ၂၀ အား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား အငြိမ်းစားဆရာကြီး ဦးသာဌေးက သြဝါဒစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတို့က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထက်/လယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## ဒီမောဆို

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ် ဒီမောဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို အခြေခံပညာအထက်တန်းကျောင်းခွဲ (သေးဆူလဲ)မှ ကျောင်းအုပ်ကြီး ဦးမြင့်လှိုင်က ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထက်/လယ်ဆင့် စာစီစာကုံး ပြိုင်ပွဲ၌ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သံတွဲ

ကမ္ဘာ့ဆရာများနေ့အကြို ဒုတိယအကြိမ် သံတွဲမြို့နယ်လုံးဆိုင်ရာ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်က သံတွဲမြို့ အထက(၁)၊ ဒွါရာရွှေပြည်ခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးကအမှာစကားပြောကြားပြီး ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ သံတွဲခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိန်က ပူဇော်ပွဲနှင့်ပတ်သက်၍ တင်ပြကာ ကန်တော့ချီးဖြင့် သီဆိုလက်အုပ်ချီကန်တော့ပြီး ကန်တော့ခံဆရာ ဆရာမတစ်ဦးလျှင် ငွေကျပ် ရှစ်သောင်းစီ ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်း အမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ပဲခူး

ပဲခူးတိုင်းဒေသကြီး ပညာရေးမိသားစုများ၏ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားနှင့် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးကအမှာစကားပြောကြားပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာ ဆရာမကြီး ၉၆ ဦးကို တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် ပညာရေးဝန်ထမ်းတပည့်များက ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# အခြေခံပညာယဉ်ကျေးလိမ္မာသင်တန်း မြို့နယ်အဆင့်ဆုချီးမြှင့်ပွဲကျင်းပ

**တွံတေး အောက်တိုဘာ ၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း တွံတေးမြို့နယ်သာသနာနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၁၅/၂၀၁၆ ခုနှစ်အခြေခံယဉ်ကျေးလိမ္မာသင်တန်း မြို့နယ်အဆင့်တွင် အဆင့်လိုက်အောင်မြင်ခဲ့သော သင်တန်းသား/သင်တန်းသူများနှင့် နည်းပြဆရာ/ဆရာမများအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၄ ရက်နံနက် ၉ နာရီက တွံတေးမြို့နယ်ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ရန်ကုန်တောင်ပိုင်းခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးရွှေဝင်းက အမှာစကားပြောကြားသည်။ မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက အသင်းလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ဂုဏ်ထူးဆောင်သာသနာနုဂ္ဂဟအသင်းဝင် တံဆိပ်များပေးအပ်ခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြဆရာဆရာမများအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်း၊ ဆုရသင်တန်းသားသင်တန်းသူများအားဂုဏ်ပြုမှတ်တမ်းများဖြင့် ဂုဏ်ပြုသည်။ အဆိုပါ အခမ်းအနားသို့ တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သာသနာနုဂ္ဂဟအသင်းအဖွဲ့ဝင်များ၊ နည်းပြဆရာဆရာမများဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ကျေးရွာအသင်းဝင်အဆိုပြုလွှာကိုပါ မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌသို့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ် ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန၌ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်နည်းပြဆရာနှစ်ဦးတို့က အောက်တိုဘာ ၉ ရက်အထိ သင်တန်းသား ၂၅ ဦးတို့အား သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပုဂံညောင်ဦးဒေသတွင် မြန်မာ့ရိုးရာလက်မှုပညာနှင့် ပြုလုပ်ထားသော ပုသိမ်ထီးများကို နိုင်ငံခြားသားများစိတ်ဝင်တစားလေ့လာ

**ညောင်ဦး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် ကျေးရွာအုပ်စု ၉၁ အုပ်စု ကျေးရွာပေါင်း ၂၂၀ ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့်အပြင် မိမိတို့တတ်ကျွမ်းသည့် လက်မှုပညာများဖြစ်သော တောင်ယာသုံးပစ္စည်းများ၊ ပန်းချီ၊ ပန်းပုလုပ်ငန်းများကို ပြုလုပ်ရောင်းချကြသည်။ ခရီးသွားများ ပုဂံညောင်ဦးဒေသသို့ လာရောက်သည့်အခါ စိတ်ဝင်တစား လေ့လာကြသည့် လက်မှုပညာတစ်ခုမှာ ပုသိမ်ထီးအလှဆင် ရောင်းချနေသည့်ဆိုင်ပင်ဖြစ်သည်။

ယင်းပုသိမ်ထီး အလှဆင်ရောင်းချနေသော ဆိုင်လေးမှာ ညောင်ဦးမြို့နယ် တိုက်ကုန်ရပ်ကွက် လမ်းမတော် ပုဂံညောင်ဦးသွားလမ်းပိုင်းဘေးဝဲဘက်ရှိ ပုသိမ်ထီးအလှဆင် ရောင်းချနေသောဆိုင်ရှင် ကိုနိုင်လင်းက "ကျွန်တော်တို့ ပုဂံညောင်ဦးဒေသဟာ ရှေးဟောင်းအမွေအနှစ်များစွာတည်ရှိတဲ့ မြို့နယ်ဖြစ်တာကြောင့် နေ့စဉ်ဘုရားဖူးခရီးသွားပြည်သူများနှင့် နိုင်ငံခြားသား ခရီးသွားများက ပုဂံညောင်ဦးဒေသကို လာရောက်လေ့လာကြပါတယ်။ အဲဒီလို လာရောက်တဲ့အခါ ဒီဒေသထွက်ပစ္စည်းတွေကို ဝယ်ယူလေ့လာတတ်ကြပါတယ်။ နောက်ပြီး ကျွန်တော် ရောင်းချနေတဲ့ ပုသိမ်ထီးတွေကိုလည်း လာရောက်လေ့လာကြသူများပါတယ်။"

"ပုသိမ်ထီးလုပ်တဲ့ နေရာဒေသဟာ ပုသိမ်မြို့က ကျွန်တော့်အစ်ကိုများက လုပ်ကိုင်ကြတာ၊ ပုသိမ်ထီးပြုလုပ်တဲ့ အဓိကပစ္စည်းက သလက်ကူအမျိုးအစား ဝါးကိုသာ ပုသိမ်ထီးလုပ်လို့ရတာပါ။ ဒီလိုရောင်းတန်းဝင် ပုသိမ်ထီးတွေကို တင်ပို့ပေးပါတယ်။ ထီးအမျိုးအစားအနေနဲ့ မြန်မာအခေါ် ဆီထီးလို့ ခေါ်ပါတယ်။ အရိပ်ရထီးလို့လည်း ခေါ်ပါတယ်။ အများအခေါ် အိမ်တော်ရာထီး ပုသိမ်ထီးဖြစ်ပါတယ်။ တင်ပို့ရောင်းချမှုအနေနဲ့ ဒီဒေသက ဧရာဝတီကမ်းခြေနဲ့နီးသလို ဟိုတယ်ဇုန်များက အလှဆင်ထားတဲ့ ပုသိမ်ထီးတွေကို လာရောက်ဝယ်ယူသူများပါတယ်။ ပုဂံညောင်ဦးဒေသရှိ စားသောက်ဆိုင်၊ ဟိုတယ်မှန်ရင် ပုသိမ်ထီးမရှိတဲ့ဆိုင် နည်းပါတယ်။ ရောင်းဈေးအနေနဲ့ ပုသိမ်ထီး အသေး၊ အကြီး တစ်လက်ကို ငွေကျပ် ၃၀၀၀ မှ ၇၀၀၀၀ အထိရှိပြီး နှစ်စဉ် ၃ လပိုင်းနဲ့ ၁၀ လပိုင်းဆိုရင် ဘုရားဖူးဧည့်သည်တွေ၊ နိုင်ငံခြားသားတွေ အများဆုံး လာရောက်လေ့လာကြတော့ ရောင်းအားကောင်းပါတယ်။ အခုလ ဒေါ်လာဈေးက တစ်ဒေါ်လာကို မြန်မာငွေကျပ် ၁၂၀၀ ကျော်နေတော့ ကျွန်တော်တို့လို မြန်မာ့ရိုးရာပစ္စည်းဆိုင်များဟာ အရောင်းအဝယ် အေးပါတယ်"ဟု အဆိုပါ ပုသိမ်ထီးအရောင်းဆိုင်ရှင်က ပြောသည်။ **ကျော်ကျော်(မလှိုင်)**



# ငါန်းဇွန်မြို့နယ် မြို့သာစက်မှုဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းနှင့် ဆီမီးခုံဧရာဝတီဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်




**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးမြို့သာ စက်မှုဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငါန်းဇွန်မြို့နယ် မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းနှင့် မြင်းခြံမြို့နယ် ဆီမီးခုံ ဧရာဝတီဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေမှုနှင့် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် မြန်မာ့စျေးကွက်သုတေသန ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းဖိတ်ကြားမှုဖြင့် မန္တလေးမြို့သို့ ရောက်ရှိလေ့လာခဲ့ကြသော ဂျပန်၊ တရုတ်၊ အမေရိကန် အင်္ဂလန်၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ဘရူနိုင်း၊ ဂျာမနီ၊ တရုတ် (တိုင်ပေ)၊ အိန္ဒိယ၊ ကိုရီးယား၊ ပြင်သစ်၊ ဩစတြေးလျ၊ လစ်သူရေးနီးယား စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်း၌ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူစီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သောအဖွဲ့သည် အောက်တိုဘာလ ပထမပတ်က အကြိုလေ့လာရေးအဖြစ် လာရောက်စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ စားကျက်မြေ၊ မြေလွတ်၊ မြေရိုင်းများအများစု ပါဝင်သော မြေဧက တစ်သောင်းခန့် ပါဝင်ပြီး စက်မှုအလတ်စား၊ အသေးစားလုပ်ငန်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနများ သိပ္ပံနှင့်သုတေသနဌာနများ၊ လုံးချင်းအိမ်ရာ၊ အထပ်မြင့်အိမ်ရာ၊ ကုန်တိုက်၊ စျေးဝယ်စင်တာ၊ ဂေါက်ကွင်း၊ ပန်းခြံ၊ စိမ်းလန်းစိုပြည်ရေးနေရာနှင့် သယ်ယူပို့ဆောင်ရေးဌာနများ ပါဝင်မည်ဟု သိရသည်။

စီမံကိန်းကို နိုင်ငံတကာ အဆင့်မြင့်ဖြစ်စေရန် နိုင်ငံခြားပညာရှင်များနှင့် အသေးစိတ်ကွင်းဆင်းလေ့လာပြီး လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ထားသည့် Master Plan ရေးဆွဲပြီး ဦးစားပေးအကောင်အထည်ဖော်ရမည့် အပိုင်းများကို Phase by Phase စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အာရှ၊ ဥရောပနှင့် အမေရိကန် အစရှိသည့် နိုင်ငံများရှိ စက်မှုဥယျာဉ်များကိုလေ့လာရာတွင် ဂေါက်ကွင်းများ မရှိမဖြစ်ပါဝင်ကြောင်း၊ ဂေါက်ကွင်းပါဝင်မှုအပေါ်တွင် နိုင်ငံခြားလုပ်ငန်းရှင်များ အထူးစိတ်ပါဝင်စားမှုရှိခြင်းကြောင့် စက်မှုဥယျာဉ်ဧရိယာ၏မြောက်ဘက်ပိုင်းတွင် လျှိုမြောင်၊ ချိုင့်ဝှမ်းအများအပြားပါဝင်ပြီး စက်ရုံအလုပ်ရုံတည်ဆောက်ရန် အခက်အခဲရှိကာ အကျိုးဖြစ်ထွန်းမှုနည်းပါးသည့် မြေဧက ၂၀၀၀ ရှိ မြေဧရိယာတွင် စိမ်းလန်းစိုပြည်သော သဘာဝအခင်းအကျင်းများပါဝင်သည့် ပြိုင်ပွဲများ ကျင်းပနိုင်မည့် ခေတ်မီအဆင့်မြင့် ၁၈ ကျင်းပါ ဂေါက်ကွင်းတစ်ကွင်းကို သီးခြားကုမ္ပဏီတစ်ခုဖွဲ့စည်းပြီး နိုင်ငံတကာမှပညာရှင်များနှင့် တည်ဆောက်လျက်ရှိကြောင်း တွေ့ရသည်။

မန္တလေးမြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က မှတ်ပုံတင်လက်မှတ်အမှတ် ၅၀၉၂/၁၂-၁၃ ဖြင့် ခွင့်ပြုချက်ရရှိပြီး လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်ကို မတ် ၂၇ ရက်တွင် ခွင့်ပြုမိန့်အမှတ် ၂၆/၂၀၁၂-၂၀၁၃ ဖြင့် ရရှိခဲ့ပြီး အစုရှယ်ယာများ စတင်ထုတ်ပေးခဲ့ရာ အစုရှယ်ယာရှင်စုစုပေါင်း ၁၃၃၀ ရှိ၍ မြို့သာဒေသခံပြည်သူများနှင့် တောင်သူများကလည်း အစုရှယ်ယာဝင် သူ ၁၃၇ ဦး ပါဝင်ခဲ့သည်။

စီမံကိန်းစတင်အကောင်အထည်ဖော်ချိန်တွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာနိုင်မည်ဟု မျှော်မှန်းခဲ့ရာ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်နှင့် ဥရောပနိုင်ငံအချို့မှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာပြီး သင့်တော်ကောင်းမွန်သောစီမံကိန်းဖြစ်ကြောင်း စိတ်ဝင်စားစွာဖြင့် သဘောထားမှတ်ချက်ပြုခဲ့ကြသော်လည်း ကြီးမားသော လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုမရှိသေးသည်ကို တွေ့ရသည်။

**တင်မောင်၊ အောင်သူရ**
**(မန္တလေးကိုယ်ပွား)**



# ဝက်လက်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ဝက်လက် အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက်မွန်းတည့် ၁၂ နာရီက New Hall ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အမှာစကားပြောကြားပြီး ဝက်လက်မြို့နယ်ရှိ ကျေးရွာပေါင်း ၂၃၀ အတွက် SETTOP BOX အလုံး ၅၀၀ ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များက မရှင်းလင်းသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ဂန့်ဂေါမြို့ မစျေး သမအသင်း နှစ်ပတ်လည်စည်းဝေး

**ဂန့်ဂေါ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါ မြို့မစျေးဖြည့်ဆည်းရှင်စျေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးကိုတင့်နှင့်ဖြည့်ဆည်းရှင်စျေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးမြဝင်းတို့က သမဝါယမလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမှုဆောင်အဖွဲ့ လုပ်ငန်းအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ညိုနွဲ့ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို အတွင်းရေးမှူး ဒေါ်သန်းသန်းမြင့်ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

တပ်ကုန်းမြို့နယ် အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်းသို့ အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်က ကျင်းပရာ အလှူရှင် တော်ဝင်နီလာဆေးရုံမှ ဒေါက်တာ နီလာလှိုင် မိသားစုနှင့် ဖခင်ဆရာကြီး ဦးတင်လှိုင်(ပညာရေး-ငြိမ်း)တို့က အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးဝင်းကို လက်ခံယူစဉ်။ (တင်ထွန်းတာ)



# ငရုတ်ကောင်း၏ ထူးခြားသော ဆေးဖက်ဝင်အာနိသင်

ကြည်လွင်မြင့် (မုဒြာ)

အစားမှားပြီး ကြို့ထိုးနေသူတစ်ဦးကို အသက်ကြီး အဖိုးတစ်ဦးက ရှေးနည်းဟုဆိုကာ ငရုတ်ကောင်းစေ့ကို အပ်ဖျားတွင်စိုက်ပြီး ဖယောင်းတိုင်မီးဖြင့် ကင်သည်။ ငရုတ်ကောင်းစေ့မှ မီးလောင်ပြီး အခိုးအငွေ့များ ထွက်လာသည်။ ထိုအငွေ့များကို ရှူရှိုက်ခိုင်းရာ မကြာမီ ကြို့ထိုးပျောက်သွားသည်ဟု ကိုယ်တွေ့ကြုံသူ ပြောပြ၍သိရပါသည်။

နှာခေါင်းသွေးလျှံသူကို ငရုတ်ကောင်းအမှုန့်ကို နွားနို့တစ်ခွက်တွင် ရောဖျော်ပြီးတိုက်သောအခါ နှာခေါင်းသွေးလျှံရပ်သွားသည်ဟု ဆိုသည်။ ထူးခြားသော ငရုတ်ကောင်းအသုံးပြုသည့် ဆေးမြီးတိုများဖြစ်ပြီး ရှေးက လူကြီးများ လက်ဆင့်ကမ်းခဲ့ကြသည့် ရိုးရာနည်း (Traditional Metho)များဖြစ်သည်။ သိပ္ပံနည်းကျသည်၊ မကျသည်မသိသော်လည်း တိုက်ဆိုင်သူများ အမှန်တကယ်ပျောက်ကင်းခဲ့သော အလွယ်နည်းများဖြစ်သည်။ ငရုတ်ကောင်းဟူသည် ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာသုံးကြပြီး အရေးပေါ်ဆေးမြီးတိုအဖြစ်သုံးနိုင်သည်ကို သိရှိသူနည်းမည် ထင်ပါသည်။

ငရုတ်ကောင်းပင်၏ မူရင်းထွက်ရှိရာဒေသမှာ အိန္ဒိယနိုင်ငံမှဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ကမ္ဘာသစ်ရှာဖွေသူ ကိုလံဘတ်သည် အိန္ဒိယနိုင်ငံမှ သစ်ကြံပိုး၊ ငရုတ်ကောင်းနှင့် လေးညှင်းတို့ကို ၁၄၉၂ ခုနှစ်ကပင် သယ်ယူခဲ့သည်ဟု မှတ်တမ်းများရှိပြီး ၁၆ ရာစုတွင် ဥရောပတိုက်၊ အင်္ဂလန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများအထိ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ကုန်သွယ်ခဲ့ကြသည်ဟုဆိုသည်။ အရှေ့တောင်အာရှ ကမ်းရိုးတန်းရှိသော နိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းများတွင် ငရုတ်ကောင်းပင်သည် အမြဲစိမ်းသော ပင်စည်ရှိ၍ အဆစ်များပါရှိကာ ကွမ်းပင်နှင့်သဏ္ဍာန်တူသည်။ နွယ်ပင်မျိုးဖြစ်၍ အခြားအပင်အားနွယ်တက်ရာ အမြင့်ပေ ၂၀ ထိအောင် တက်သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံမှအခြေခံလာသော အာယုဗ္ဗေဒဆေးပညာတွင် 'တြိကဋုတ် ၃ ပါး' ဟူ၍ရှိသည်။ ထိုသုံးပါးမှာ (၁) ငရုတ်ကောင်း (၂) ပိတ်ချင်း (၃) ချင်းတို့ဖြစ်သည်။ ဆေးဖက်ဝင် အစပ်သုံးမျိုးတွင် ငရုတ်သီးမပါသည်ကို တွေ့ရသည်။ အထက်ပါအစပ်သုံးပါးပါဝင်သော ဆေးများသည် အပူဆေး(ဆေးပူ)များဖြစ်သည်။ အခိုးပွင့်စေသောဆေး၊ ချွေးထွက်ပြီး အဖျားကျစေသောဆေးများဖြစ်သည်။ အစာကြေဆေး ဝမ်းမီးတောက်ဆေးများတွင် ငရုတ်ကောင်း ပါဝင်သည်။

ငရုတ်ကောင်းကို ဆေးအဖြစ်အသုံးပြုရာတွင် အနက်ရောင် ငရုတ်ကောင်းစေ့များကို ရွေးချယ်ရမည်ဟု ပရဆေးကျွမ်းကျင်သူဆရာကြီးတစ်ဦးက ပြောပြဖူးပါသည်။ အိန္ဒိယနိုင်ငံမှ တင်သွင်းလာသော ငရုတ်ကောင်းသည် ပြည်တွင်းမှထွက်သော ငရုတ်ကောင်းထက် ပို၍အရောင်နက်သည်ကို တွေ့ရသည်။ အကယ်၍ ပြည်တွင်းမှထွက်သော ငရုတ်ကောင်းကိုသာ သုံးစွဲမည်ဆိုပါက ဆေးဖော်မည့်ငရုတ်ကောင်းစေ့များကို ရေတွင်စိမ်လိုက်ပါ။ ရေမြုပ်သော ငရုတ်ကောင်းစေ့များသည် အဆန်ပြည့်ပြီး အာနိသင်ထက်ကာ ရေပေါ်သောငရုတ်ကောင်းစေ့များသည် အဆန်မပြည့် အာနိသင်မရှိသော ငရုတ်ကောင်းစေ့များဖြစ်၍ အသုံးမပြုဘဲ ပယ်ပစ်ရမည်။ ငရုတ်ကောင်းစေ့အစား မြေဆူပန်းအစေ့များကို



ရောနှောရောင်းချသည့် မသမာသူများရှိသည်။ သေချာစစ်ဆေးခွဲခြားရန်လိုသည်။ ပုံသဏ္ဍာန် အရွယ်အစားတူသော်ငြားလည်း ဝါးစားကြည့်လျှင် ငရုတ်ကောင်းကဲ့သို့ ပူစပ်ခါးအရသာမရှိသည်ကို တွေ့နိုင်သည်။

ငရုတ်ကောင်းသည် ချမ်းတုန်ဖျား၊ ငှက်ဖျားရောဂါအတွက်လည်း အလွန်ထိရောက်သောဆေးဖြစ်သည်။ ရိုးမတောင်ခြေတွင်ဝါးခုတ်သော လုပ်သားအဘိုးက ငရုတ်ကောင်းနှင့်ရှိန်းခိုကို ဆတူရောကြိတ်ထားပြီး နေ့စဉ်နံနက်အိပ်ရာထသည်နှင့် မကျည်းစေ့ခန့် စားသုံးပေးလျှင် ငှက်ဖျားရောဂါမဖြစ်နိုင်ကြောင်းနှင့် သူ၏ အတွေ့အကြုံအရ လက်တွေ့သုံးစွဲကြောင်း ပြောပြဖူးသည်။

ရှေးဆေးကျမ်းများအလိုအရ ငရုတ်ကောင်းကို မိခင်နို့ထွက်ဆေးအဖြစ် အသုံးပြုသည်ကိုလည်း တွေ့ရသည်။ ဟင်းခါးတစ်မျိုးမျိုးချက်ပြီး ငရုတ်ကောင်းအမှုန့်ခတ်ပြီးတိုက်ခြင်းဖြင့် နို့ထွက်စေသည်ဟုဆိုသည်။ အစပ်အမျိုးမျိုးသည် ဆီးကိုပူစေတတ်သော်လည်း ငရုတ်ကောင်းသည် ဆီးပူရောဂါကို သက်သာစေသည်။ ငရုတ်ကောင်း အပူအစပ်သည် မျက်စိကိုလည်း မထိခိုက်စေနိုင်ဟု ဆိုသည်။

ငရုတ်ကောင်းအမှုန့်ကို ပျားရည်နှင့်ရောစပ်ပြီး လျက်ပေးပါက ရင်ချောင်စေပြီး ချောင်းအဆက်မပြတ်ဆိုးသောရောဂါ၊ သလိပ်မရသောရောဂါများကို သက်သာစေနိုင်သည်။ ငရုတ်ကောင်းမှုန့်ကို နွယ်ချိုနှင့်ရောပြီး လျက်ပေးပါက လေထိုးလေအောင့်ရောဂါ၊ အစာအိမ်ရောဂါများ ပျောက်ကင်းစေနိုင်သည်။

မီးတွင်းဆေးအဖြစ် ငရုတ်ကောင်းကို ချင်း၊ ပိတ်ချင်းသီး၊ ယင်းပြား၊ ကန့်ချုပ်နီ၊ မဟာဂါ၊ ဒန့်သလွန်မြစ်တို့နှင့် ဆတူပေါင်းစပ်၍ဆေးဖော်သည်ကို တွေ့ရသည်။ မီးယပ်ချမ်းတုန်ဖျားများအတွက် ကောင်းသည်။ သွေးတက်ပါက နနွင်းမှုန့်၊ ငရုတ်ကောင်းမှုန့်ပါသော ဆေးကို ဆတူစပ်ပြီး နှာခေါင်းအတွင်းသို့ မှုတ်သွင်းခြင်းဖြင့် အတက်ကျစေနိုင်သည်။

ပဋိသန္ဓေရှိလျက်နှင့် သွေးဆင်းသောရောဂါတွင် ငရုတ်ကောင်းနှင့် စမုံနက်၊ ပိတ်ချင်း၊ ဒန့်သလွန်မြစ်၊ ဥသျှစ်ကင်း၊ မိဿလင်၊ ဆောင်းမေခါး ရောစပ်ပြီး ဆေးဖော်စပ်၍ ပျားရည်နှင့်ရောပြီးတိုက်လျှင် ပျောက်သည်ဟု မြန်မာ့ဆေးကျမ်းများတွင်တွေ့ရသည်။

သွားနာရောဂါဖြစ်လျှင်၊ သွားအခေါင်းပေါက်ရှိလျှင် ရှေးဆေးကျမ်းများအလိုအရ 'ငါးပိလက်လေးသစ်' ဟူသော စာဆိုနှင့်အညီ ငရုတ်ကောင်း၊ ပိတ်ချင်း၊ လက်ချား၊ လေးညှင်း၊ သစ်ကြံပိုးတို့ကို ဆတူရော၍ အမှုန့်ကြိတ်ပါ။ ထိုအမှုန့်ကို သွားပိုးပေါက်အခေါင်းတွင် သိပ်ပေးခြင်း၊ ငုံပေးခြင်း၊ အမှုန့်ဖြင့်သွားတိုက်ပေးခြင်း ပြုလုပ်ပါက သွားနာရောဂါကို သက်သာစေနိုင်သည်။

နှာစေးချောင်းဆိုး၊ အအေးမိတုပ်ကွေး အဖျားမပြတ်လျှင် ကျောက်ဖရုံသီးကို ငရုတ်ကောင်းမှုန့်နိုင်နိုင်ခပ်၍ ဟင်းခါးချက်ကျွေးလျှင် ချွေးများထွက်၍ အဖျားသက်သာစေနိုင်သည်။ ချောင်းခြောက်ဆိုးလျှင်လည်း ငရုတ်ကောင်းမှုန့်ကို ပျားရည်ဖြင့်စပ်၍ လျက်ပေးလျှင်လည်း သက်သာစေနိုင်သည်။

ကုသရခက်သော နှင်းခူရောဂါဖြစ်လျှင် ငရုတ်ကောင်းနှင့် ကြွေပုပ်စေ့ကို ရော၍ပြာချပြီး အုန်းဆီဖြင့်လိမ်းလျှင် သက်သာပျောက်ကင်းစေနိုင်သည်။ အခြားတစ်နည်းမှာ ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်းခြောက်၊ ဆေးဒန်း၊ ကန့်တို့ကို ဆတူရော၍ အမှုန့်ပြုကာ အုန်းဆီ သို့မဟုတ် ရေနံချေးဖြင့်လိမ်းလျှင် နှင်းခူနာကြီးများကို ကွာကျစေနိုင်သည်။

နို့တိုက်မိခင်များ နို့ကောင်းစွာမထွက်လျှင် ရှားစောင်းလက်ပပ်ကို ဟင်းခါးချက်၍ ငရုတ်ကောင်းမှုန့် နိုင်နိုင်ထည့်သောက်လျှင် နို့ထွက်စေနိုင်သည်။ အခြားတစ်နည်းမှာ ရှားစောင်းလက်ပပ်အမြစ်ကို အနည်းငယ်ထုထောင်းပြီး ငရုတ်ကောင်းမှုန့်နှင့်ရော၍ ဟင်းခါးချက်သောက်လျှင် နို့ကောင်းစွာထွက်သည်ဟု ဆိုသည်။

ရှေးကလူကြီးများသည် အသက်ရှည်ဆေးအဖြစ် မြင်းခွာရွက်ကို အသုံးပြုသကဲ့သို့ ညောင်းညာကိုက်ခဲပျောက်ဆေးအဖြစ် ငရုတ်ကောင်းကို အသုံးပြုသည်။ အခိုးပွင့်ဆေး၊ ချွေးထွက်ဆေးအဖြစ်လည်း အသုံးပြုသည်။ အသက်ရှည်ကျန်းမာစေရန်အတွက် မြင်းခွာရွက်အခြောက်မှုန့်၊ ငရုတ်ကောင်းမှုန့်နှင့် ပျားရည်ကို ရောတေပြီး ဆေးအဖြစ်နေ့စဉ်စားသုံးပါက အညောင်းအညာကင်းပြီး အသက်ရှည်စေနိုင်သည်ဟု ရှေးဆေးနည်းအသုံးများတွင် ဖော်ပြထားသည့် ငရုတ်ကောင်း၏ အသုံးဝင်အစွမ်းထက်ပုံများကို တင်ပြလိုက်ရပါသည်။

## ယာဉ်စည်းကမ်းလိုက်နာရေး စစ်ဆေး၊ ပညာပေးမှုများ ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၇**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ယာဉ်မောင်းသူများ ယာဉ်စည်းကမ်းလိုက်နာစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းများကို အောက်တိုဘာ ၆ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် လွိုင်ကော်-ဒီးမော့ဆို လမ်းမကြီးတွင် ဖြတ်သန်းသွားလာနေကြသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများကို တား၍ ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိရှိလိုက်နာရမည့်အချက်များအား အသိပညာပေးခြင်းတို့ကို အမှတ်(၉)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒုရဲမှူးသိန်းငွေးဝင်း ဦးစီးသည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ တပ်ထိန်းများ၊ နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လွိုင်ကော်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

လွိုင်ကော်မြို့တွင်သာမက ကယားပြည်နယ်ရှိမြို့နယ်အသီးသီးတွင်လည်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများ၊ တက္ကသိုလ်ကျောင်းများ၊ ရပ်ကွက်များသို့ ကွင်းဆင်းဟောပြော အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



## အမြန်လမ်းမကြီးပေါ်မှ အများသုံးသန့်စင်ခန်းများ သန့်ရှင်းမှုနည်းသဖြင့် ခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်ရ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းပိုင်းများပေါ်၌ ခရီးသွားပြည်သူများအတွက် စီမံပေးထားသော အများသုံးသန့်စင်ခန်းများမှာ သန့်ရှင်းမှု မရှိဘဲ အနံ့အသက်ဆိုးရွားနေသည့်အတွက် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း သိရသည်။

"ကျွန်မက ရန်ကုန်နဲ့ မန္တလေးကို ခရီးသည်တင် Express ကားကြီးတွေစီးပြီး ရက်ခြားသွားနေရတာပါ။ အမြန်လမ်းမကြီးပေါ်မှာ ကျွန်မတို့ခရီးသွားတွေက အများသုံးသန့်စင်ခန်းတွေကိုပဲ အသုံးပြုရပါတယ်။ လူတစ်ယောက်ကို ၁၀၀ ပေးသုံးရတာပါ။ ဒါကလည်း ပေးသင့်ပါတယ်၊ ပေးနိုင်တယ်၊ ဒါပေမယ့် သန့်စင်ခန်းတွေရောက်လို့ ကားပေါ်ကဆင်းတာနဲ့ အနံ့ဆိုးက အရင်ရှူလိုက်ရတယ်။ အထဲရောက်ပြန်တော့ ပိုဆိုးလာတယ်။ သော့ခတ်မရတဲ့တံခါးကို လက်ကဆွဲထားရတယ်။ ကြွေခွက်တွေက ပျက်စီးဟောင်းနွမ်း၊ ရေဆွဲချမရ၊ သန့်ရှင်းရေးအတွက် ရေသုံးမရနဲ့။ စားသောက်ဆိုင်တွေမှာဆိုရင် သန့်စင်ခန်းတွေက အဆင့်မြင့်ပြီး သန့်ရှင်းနေတော့ စိတ်ချမ်းသာရတယ်။ အများသုံးသန့်စင်ခန်းတွေကို အဲဒီလောက်အဆင့်မမြင့်ချင်နေပါစေ။ သန့်ရှင်းဖို့လိုနေတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေ တစ်ခေါက်တလေ လာကြည့်စေချင်တယ်"ဟု လားရှိုးမြို့မှ ခရီးသွားဒေါ်ခင်ခင်က ပြောသည်။

သန့်စင်ခန်းများ၏ အပြင်ဘက်တွင်ပါ အနံ့များဆိုးနေခြင်းမှာ ခရီးသည်အချို့သည် အများသုံးသန့်စင်ခန်းအတွင်းသို့မဝင်ဘဲ အပြင်ဘက်လမ်းဘေးတွင် အပေါ့သွားခြင်းကြောင့်ဟုလည်း သိရသည်။ "၁၀၀ ပေးဖို့အတွက် အကြွေမရှိသလို ၁၀၀ ပေးပြီးအထဲရောက်သွားရင်လည်း ညစ်ပတ်နံစော်နေတဲ့အတွက် မဝင်တာ။ အဲဒီသန့်စင်ခန်းထဲဝင်ပြီး ကားပေါ်ပြန်ရောက်ရင် လူမှာ အနံ့တွေစွဲလာတယ်။ အများသုံးသန့်စင်ခန်းတွေကို အဆင့်အတန်းရှိရှိ သန့်သန့်ရှင်းရှင်းလုပ်ပေးစေချင်တယ်"ဟု မန္တလေးမြို့မှ ခရီးသွားတစ်ဦးဖြစ်သူ ဦးခင်အောင်ကပြောသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်ပြေးဆွဲနေသော ခရီးသည် ပို့ဆောင်ရေးယာဉ်များဖြင့် သွားလာနေသောခရီးသည်ဦးရေ သိန်းချီရှိပြီး အဆိုပါခရီးသည်အများစုမှာ အများသုံးသန့်စင်ခန်းကို အသုံးပြုနေရသည်ဟု သိရသည်။

ထိုသို့ ပြည်တွင်းခရီးသည်အများအပြားအသုံးပြု သွားလာနေသည့်အပြင် နိုင်ငံခြားမှလာရောက်သော ဧည့်သည်များပါ အသုံးပြုနေသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ အများသုံးအိမ်သာများကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့် အများသုံးအိမ်သာများဖြစ်လာအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ပြုပြင်ပေးရန် ခရီးသွားပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

မမ(လားရှိုး)

# မက်ဆီနဲ့ နေမာတို့ မပါဝင်နိုင်တဲ့ ဘရာဇီး၊ အာဂျင်တီးနားတို့ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ

မိုးမြင့်လင်းလက်

ဒီတစ်ပတ် ကြားရက်မှာတော့ ၂၀၁၈ ကမ္ဘာ့ခြေစစ်ပွဲတွေရဲ့ တောင်အမေရိကဇုန်အသင်းတွေ ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ အောက်တိုဘာ ၉ ရက်မှာ ကစားမယ့် ဒီပွဲစဉ်တွေမှာတော့ ချီလီနဲ့ ဘရာဇီး၊ အာဂျင်တီးနားနဲ့ အီကွေဒေါစတဲ့ ပြိုင်ပွဲတွေက ကမ္ဘာ့ဘောလုံး ပရိသတ်ကို ကြည့်ရှုအားပေးဖို့ ဆွဲဆောင်နေဦးမှာ ဖြစ်ပါတယ်။ နာမည်ကြီး ကစားသမားတွေ ထွက်ပေါ်ရာ ဘရာဇီးနဲ့ အာဂျင်တီးနားအသင်းတွေရဲ့ စွမ်းဆောင်ရည် မြင့်မားမှုတွေကိုလည်း မြင်တွေ့ခွင့်ရဦးမှာ ဖြစ်ပါတယ်။



**ချီလီနှင့် ဘရာဇီး**

ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် သရေနှစ်ပွဲက လွဲပြီး ကျန်သုံးပွဲစလုံး ဘရာဇီးတို့က အနိုင်ရထားပါတယ်။ ဒါပေမယ့် ဘရာဇီးတို့က ချီလီကို ဂိုးပြတ်နိုင်ခဲ့တာမဟုတ်ဘဲ ခက်ခက်ခဲခဲနဲ့ ကပ်ပြီး အနိုင်ရတာချည်းဆိုတော့ ချီလီကွင်းမှာ ဘရာဇီးတို့အားထည့်မှ ရပါလိမ့်မယ်။ ချီလီရဲ့ လောလောဆယ် ခြေစွမ်းပိုင်းကိုကြည့်ရင် ပီရူးနဲ့ ပါရာဂွေးအသင်းတွေကို အနိုင်ကစားထားပြီး နာမည်ကြီး အာဂျင်တီးနားကို ဂိုးမရှိ သရေကစားထားနိုင်တာမို့ ဘရာဇီးတို့ သေသေချာချာ ပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ ဘရာဇီးရဲ့ နောက်ဆုံး ကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် ပါရာဂွေးကို ဂိုးမရှိသရေ၊ ကော်စတာရီကာကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး အမေရိကန်ကိုတော့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ထားခဲ့ပါတယ်။ ချီလီဟာ လက်ရှိမှာ ကိုပါအမေရိကဖလား ချန်ပီယံဖြစ်တာမို့ နေမာ မပါတဲ့ ဘရာဇီးအသင်းအတွက် အခက်အခဲရှိနိုင်ပါတယ်။ ဒီပွဲမှာ ဘရာဇီးတို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖွယ်ရှိပြီး အမြင့်ဆုံး မျှော်လင့်နိုင်တာက သရေရလဒ်ပဲ ဖြစ်သွားနိုင်ပါတယ်။

**အာဂျင်တီးနားနှင့် အီကွေဒေါ**

အာဂျင်တီးနားတို့ဟာ အီကွေဒေါနဲ့ဆုံတိုင်း ခြေကုန်ထုတ်ပြီး ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရတာချည်း ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး တွေ့ဆုံမှု ငါးပွဲရလဒ်ကိုကြည့်ရင် သရေသုံးပွဲဖြစ်ပြီး အာဂျင်တီးနားက နှစ်ပွဲနိုင်ထားပါတယ်။ အာဂျင်တီးနားရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် ချီလီကို ဂိုးမရှိသရေ၊ ဘိုလီးဗီးယားကို ခုနစ်ဂိုးပြတ်နိုင်ပြီး မက္ကဆီကိုအသင်းကို နှစ်ဂိုးစီ သရေဖြစ်ထားပါတယ်။ အီကွေဒေါတို့ကလည်း ပုံမှန်ခြေစွမ်းပြန်ရနေပြီး နိုင်ပွဲတွေဆက်နေတာမို့ အာဂျင်တီးနားတို့ ထင်သလောက်မလွယ်ပါဘူး။ အခုပွဲမှာ တိုက်စစ်မှူး မက်ဆီ ဒဏ်ရာကြောင့် မပါနိုင်တာက အာဂျင်တီးနားအတွက် ထိုးနှက်ချက်တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် စုဖွဲ့မှုကောင်းပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ အာဂျင်တီးနားဟာ ဒီပွဲမှာ အနိုင်ရလဒ်ကိုပဲ ပုံဖော်ပါလိမ့်မယ်။

**ဘိုလီးဗီးယားနှင့် ဥရုဂွေး**

ဒီနှစ်သင်းရဲ့ တွေ့ဆုံခဲ့မှုမှတ်တမ်းတွေကိုကြည့်ရင် ဥရုဂွေးတို့က နိုင်ပွဲရတာများနေပါတယ်။ နောက်ဆုံး ငါးပွဲ တွေ့ဆုံခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင်လည်း ဥရုဂွေးက သုံးပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ကာ ဘိုလီးဗီးယားက တစ်ပွဲနိုင်ထားပါတယ်။ ဘိုလီးဗီးယားရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ချီလီကို ငါးဂိုးပြတ် ရှုံးထားသလို ပီရူးကိုလည်း သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲဆက်ခဲ့ပြီး အာဂျင်တီးနားကိုတော့ ခုနစ်ဂိုးပြတ် ရှုံးနိမ့်ထားတာမို့ အခုပွဲမှာ ဥရုဂွေးကိုလည်း ရလဒ်ကောင်းအောင် အားထုတ်ဖို့မလွယ်ပါဘူး။ အသင်းလိုက် ကစားအားကောင်းတဲ့ ဥရုဂွေးဟာ ဒီပွဲမှာ ဂိုးမပြတ်ပေမယ့် ကပ်ပြီးအောင်ပွဲခံပါလိမ့်မယ်။

**ကိုလံဘီယာနှင့် ပီရူး**

ကစားအားကောင်းပြီး တိုက်စစ်ဖွင့် ကစားလာတဲ့ ကိုလံဘီယာတို့ဟာ ပီရူးကို ပြီးခဲ့တဲ့လက ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ အခုပွဲမှာ လူစုံထုတ်မှ ရပါလိမ့်မယ်။ ကိုလံဘီယာတို့ရဲ့ လောလောဆယ်ခြေစွမ်းက အာဂျင်တီးနားကို ဂိုးမရှိ သရေကစားထားနိုင်ခဲ့တာမို့ လျှော့တွက်လို့တော့ မရပါဘူး။ ဒါပေမယ့် ပီရူးရဲ့ စွမ်းဆောင်ရည်ကလည်း ဒီနှစ်ပိုင်းတွေမှာ မြင့်တက်လာတာကို သတိပြုရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကို ကြည့်ရင် သရေနှစ်ပွဲဖြစ်ခဲ့ပြီး ကိုလံဘီယာက နှစ်ပွဲနိုင်ကာ ပီရူးတို့က တစ်ပွဲနိုင်ခဲ့ပါတယ်။ လက်ရှိ ခြေစွမ်းအရ နှစ်သင်းစလုံး ဟန်ချက်ညီနေတာမို့ သရေရလဒ်ကို ဦးတည်သွားနိုင်တဲ့ အခြေအနေရှိပါတယ်။

**ဗင်နီဇွဲလားနှင့် ပါရာဂွေး**

ဗင်နီဇွဲလားတို့က ပါရာဂွေးနဲ့ ဆုံတိုင်း ပွဲမချောင်ခဲ့ပေမယ့် သရေရလဒ်တွေ ထွက်ပေါ်အောင် ရုန်းကန်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် လောလောဆယ် နောက်ဆုံး သုံးပွဲ ကစားခဲ့တဲ့ အနေအထားကို ကြည့်ရင် ဗင်နီဇွဲလားတို့ နိုင်ပွဲမရခဲ့တာမို့ ဒီပွဲမှာ ပါရာဂွေးကို ရလဒ်ပြတ်သားဖို့ အားထုတ်လာပါလိမ့်မယ်။ ပါရာဂွေးရဲ့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် အာဂျင်တီးနားကို ခြောက်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ပီရူးကို နှစ်ဂိုးပြတ် ဆက်တိုက်ရှုံးကာ ချီလီအသင်းကိုလည်း သုံးဂိုး-နှစ်ဂိုးနဲ့ ဆက်ပြီး ရှုံးခဲ့တာမို့ အခုပွဲဟာ အိမ်ရှင်တို့ အခွင့်သာနိုင်တဲ့ အနေအထားရှိနေတာတော့ အမှန်ပါပဲ။

# မန်ယူ နည်းပြဖြစ်လာနိုင်တယ်ဆိုတဲ့ ရိုင်ယန်ဂစ်



မန်ယူအသင်းမှာ အောင်မြင်ခဲ့တဲ့ နည်းပြကြီး ဖာဂူဆန်က ရိုင်ယန်ဂစ်ဟာ သူ့နေရာမှာ ဆက်ခံနိုင်တဲ့ နည်းပြဖြစ်လာလိမ့်မယ်လို့ ဝန်ခံပြောဆိုလိုက်ပါတယ်။ ရိုင်ယန်ဂစ်ဟာ အသက် ၄၀ တိုင်အောင် မန်ယူနဲ့အတူကစားခဲ့သူ ဖြစ်ပါတယ်။ ရိုင်ယန်ဂစ်ဟာ အသက် ၃၅ နှစ်အရွယ် အနားယူပြီးကတည်းက မန်ယူနည်းပြဖြစ်သင့်တယ်လို့ ဖာဂူဆန်က ဝန်ခံပြောဆိုလိုက်ပါတယ်။

ဒေးဗစ် မိုယက်စ်အနေနဲ့ ၂၀၁၃ ခုနှစ် ဖာဂူဆန် အနားယူသွားချိန် မန်ယူကို ကောင်းစွာ ကိုင်တွယ်နိုင်ခဲ့ခြင်းမရှိပါဘူး။ ၁၀ လတာအသင်းကို ကိုင်တွယ်ပြီး ထွက်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာလည်း နည်းပြဗန်ဟားလ်အနေနဲ့ အကောင်းဆုံးဖြစ်အောင် မလုပ်နိုင်ဘဲ ရှိနေပါတယ်။ မန်ယူရဲ့ လာမယ့်နည်းပြဟာ ရိုင်ယန်ဂစ် ဖြစ်သင့်တယ်လို့ ဖာဂူဆန်ကဆိုပါတယ်။




# ဆန်းဒါးလန်း နည်းပြလုပ်ဖို့ စိတ်မဝင်စားဘူးဆိုတဲ့ မိုယက်စ်

ဆန်းဒါးလန်းက နည်းပြသစ်ခေါ်ယူဖို့ မန်ယူနည်းပြဟောင်း ဒေးဗစ် မိုယက်စ်ကို ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ရာမှာ ပယ်ချလိုက်ပါတယ်။ ဆန်းဒါးလန်း နည်းပြလုပ်ဖို့ ကျွန်တော်အနေနဲ့ စိတ်ဝင်စားခြင်းမရှိပါဘူးလို့ မိုယက်စ်က ပြတ်ပြတ်သားသား ငြင်းဆိုလိုက်ပါတယ်။ ဆန်းဒါးလန်းက ရီးရဲဆိုစီဒက် နည်းပြ မိုယက်စ်ကို ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သို့ပေမယ့် သူဟာ ပရီမီယာလိဂ်သို့ ပြန်ဖို့ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။ မန်ယူနည်းပြဟောင်း မိုယက်စ်က လာလီဂါမှာပဲ နေတော့မယ်လို့ ဆိုပါတယ်။ ဆန်းဒါးလန်း နည်းပြ အက်ဗိုကတ်ဟာ ဝက်စ်ဟမ်းနဲ့ သရေကျပြီးနောက် ကတိပြုထားတဲ့အတိုင်း အသင်းမှထွက်ခွာသွားပြီဖြစ်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ အောင်မြင်ဖို့ မဖြစ်နိုင်တော့ဘူးလို့ ဆိုပါတယ်။ ဆန်းဒါးလန်းက နည်းပြသစ် ရှာဖွေနေပြီဖြစ်ပါတယ်။ ဆမ်အလာဒိုက်စ်နဲ့ ဆီယန်ဒိုင်ချီတို့ကလည်း ဆန်းဒါးလန်း နည်းပြလုပ်ဖို့ စိတ်မဝင်စားဘူးလို့ ဆိုပါတယ်။

# ဂျာဂျင်ကလော့ကို သုံးနှစ်စာချုပ်ဖို့ လီဗာပူးပြင်ဆင်

ကောင်းမြတ်သူ
စုစည်းသည်။



လီဗာပူးအသင်း တာဝန်ရှိသူတွေအနေနဲ့ နည်းပြရော်ဂျာကို အလုပ်ဖြုတ်လိုက်ပြီးနောက် ဒေ့ါမွန် နည်းပြဟောင်း ဂျာဂျင်ကလော့ကို ခေါ်ယူဖို့ ဖုန်းနဲ့ ဦးစွာ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ လီဗာပူး အပြောင်းအလဲ ပြုလုပ်ရေး ကော်မတီက ဂျာဂျင်ကလော့ကို သုံးနှစ်စာချုပ်နဲ့ ခေါ်ယူသွားဖို့ ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ ဒေ့ါမွန် နည်းပြဟောင်း ဂျာဂျင်ကလော့ဟာ လီဗာပူးက အလုပ်ဖြုတ်လိုက်တဲ့ ဘရီဒန်းရော်ဂျာနေရာမှာ ခန့်အပ်ဖို့ လျာထားတဲ့ နံပါတ်တစ် နည်းပြဖြစ်ပါတယ်။ သို့သော်လည်း အန်ဆယ်လော့တီဟာလည်း ရေပန်းစားနေပါတယ်။ လီဗာပူးအသင်း ပိုင်ရှင်တွေကတော့ အသက် ၄၈ နှစ်အရွယ်သာရှိသေးတဲ့ ဂျာဂျင်ကလော့ကို ခေါ်ယူဖို့ ပိုပြီး စိတ်ဝင်စားနေပါတယ်။ ယခုသီတင်းပတ် ကုန်ပိုင်းမှာ စာချုပ်နိုင်ဖို့ မျှော်လင့်ရပါတယ်။ ဂျာဂျင်ကလော့ဟာ ဒေ့ါမွန်အသင်းမှာ အောင်မြင်တဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။ လီဗာပူး တာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံး စာချုပ်နိုင်မယ်လို့ မျှော်လင့်နေပါတယ်။

# တိုက်တန်းနစ်က ဘယ်လိုသင်ခန်းစာတွေ ပေးခဲ့သလဲ

သိပ္ပံစာရေးဆရာကိုကိုအောင်

တိုက်တန်းနစ်ဟုဆိုလိုက်လျှင် ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းရိုက်ကူး၍ ပြင်သစ်မင်းသားချော လီယိုနာဒိုဒီကာပရီယိုနှင့် မင်းသမီးချော ကိတ်ဝင်းစလက်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြသော ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားကြီးကို ပြေး၍မြင်ယောင်မိကြပေလိမ့်မည်။ တိုက်တန်းနစ် ရုပ်ရှင်ဇာတ်ကားကို အော်စကာဆု ၁၁ ဆုရရှိသော ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ဖြစ်လာအောင် ရုပ်ရှင်အတတ်ပညာရှင်တို့က ငွေကြေးနှင့် အချိန်များစွာ အကုန်ခံပြီး စနစ်တကျ စီစဉ်ရိုက်ကူးခဲ့ကြသည်။ တကယ့်ဖြစ်ရပ်မှန်ကို အနုပညာရသနှင့် ပေါင်းစပ်ပြီး ကမ္ဘာ့ရုပ်ရှင်ကြည့် ပရိသတ်တို့ကို တသသ စွဲကျန်ရစ်အောင် တင်ဆက်နိုင်ခဲ့သည်။ အောင်မြင်မှုထူးခြားစွာရရှိခဲ့သော ဇာတ်ကားဖြစ်သည့်အတွက် သရီးဒီရုပ်ရှင်အဖြစ်သို့ပင် ပြောင်းလဲရိုက်ကူးခဲ့ကြပြီ ဖြစ်သည်။


တိုက်တန်းနစ် ရုပ်ရှင်ဇာတ်ကားမှာ ကြီးကျယ်ခမ်းနားသလို. . . ယင်းဇာတ်ကား၏ ကျောထောက်နောက်ခံ တကယ့်ဖြစ်ရပ်မှန်ကလည်း တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေခဲ့သည်။ ရာစုနှစ်တစ်စု ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုက်တန်းနစ်၏ အဖြစ်သနစ် အကြောင်းရင်းမှန်များကို စူးစမ်းလေ့လာလျက် သုတေသနလုပ်ကာ အဖြေရှာနေကြဆဲပင် ဖြစ်သည်။

**တည်ဆောက်မှုနောက်ခံသမိုင်း**

တိုက်တန်းနစ်ဆိုသည်မှာ ၁၉၁၂ ခုနှစ်က အသစ်စက်စက် ရေချခဲ့ပြီး ပထမဆုံးခရီးစဉ်အဖြစ် ဗြိတိန်နိုင်ငံ ဆောက်သမ်တန်မြို့မှ ခရီးသည်ပေါင်း ၂၂၂၇ ဦးကို တင်ဆောင်၍ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ခရီးနှင်ခဲ့သော သင်္ဘောကြီး၏ အမည်ဖြစ်သည်။

တိုက်တန်းနစ်ကို နှစ်ဆယ်ရာစု၏ အစပိုင်းကာလတွင် ထိုစဉ်က သင်္ဘောတည်ဆောက်မှုအတတ်ပညာနှင့် သင်္ဘောပုံစံများအရ အဆင့်အမြင့်ဆုံးဖြင့် ခမ်းနားကြီးကျယ်စွာ တည်ဆောက်ခဲ့ကြသည်။ တိုက်တန်းနစ် တည်ဆောက်ရာတွင် လုပ်သားအင်အား ၁၇၀၀၀ ကို အသုံးပြုခဲ့သည်။ ရေလုံအောင် အလွယ်တကူပိတ်နိုင်သော အခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ပထမတန်းစား အခန်းများ၏ တည်ဆောက်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၅၀၀၀ အထိပင် ရှိခဲ့သည်။ သင်္ဘောကိုယ်ထည်ကို စတုရန်းပေ ၃၀၀ စီရှိသော သင်္ဘောသုံးသံမဏိပြားများဖြင့် တည်ဆောက်ခဲ့ကြသည်။

မမျှော်မှန်းနိုင်သောအကြောင်းကြောင့် သင်္ဘောကိုယ်ထည်တွင် ထိခိုက်ပျက်စီးမှုရှိလာခဲ့ပါက ထိခိုက်ပျက်စီးသည့် နေရာ၏ အခန်းကို အလုံပိတ်လိုက်ပါက ထိုအလုံပိတ် အခန်းထဲ၌သာ ရေများဝင်ရောက်နိုင်ပြီး ကျန်နေရာများသို့ ရေများပျံ့နှံ့ ဝင်ရောက်သွားခြင်းမရှိအောင် စီစဉ်တည်ဆောက်ခဲ့ကြသည်။ သင်္ဘောနစ်စင်းတိုက်မိခြင်းကဲ့သို့သော အဆိုးရွားဆုံးအခြေအနေမျိုး



တိုက်တန်းနစ်ရုပ်ရှင်မှ သင်္ဘောနစ်မြုပ်သည့် ဇာတ်ဝင်ခန်း။

ကြုံတွေ့ခဲ့ရလျှင်ပင် တစ်စင်းလုံးစုံးစုံးမြုပ်သွားရန် အနည်းဆုံး ၂၄ နာရီမှ ၇၂ နာရီအထိ ကြာမြင့်အောင် တည်ဆောက်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ သင်္ဘောနစ်မြုပ်မှုနှင့် ကြုံတွေ့ခဲ့ရပါက အကူအညီများခေါ်ယူနိုင်ရန် လုံလောက်သည့်အချိန်ရရှိရေးအတွက် ကြိုတင်ပြင်ဆင်တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

**ဖြစ်စဉ်အစ**

၁၉၁၂ ခုနှစ် ဧပြီ ၁၂ ရက်တွင် တိုက်တန်းနစ်သင်္ဘောကြီး၏ခရီးစဉ်ကို စတင်ခဲ့ကြသည်။ အဆိုပါ သင်္ဘောကြီးတွင် လိုက်ပါစီးနင်းကြသော သင်္ဘောစီးခရီးသည်များသည် ဤသင်္ဘောခရီးစဉ်ဖြင့် လိုက်ပါခွင့်ရရှိရန် လအတန်ကြာကပင် ကြိုတင်လက်မှတ်များကို ဝယ်ယူထားခဲ့ကြသူများ ဖြစ်ကြသည်။ သင်္ဘောခရီးစဉ်တစ်လျှောက်လုံးတွင် ခရီးသည်များ၏ မျှော်လင့်ချက်အတိုင်း အစစအရာရာ ပြည့်စုံမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို တိုက်တန်းနစ်က ပေးစွမ်းဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ဧပြီလ ၁၅ ရက် ညခုနှစ်နာရီခွဲခန့်တွင် တိုက်တန်းနစ်သင်္ဘောထံသို့ ကယ်လီဖိုးနီးယား မီးသင်္ဘောမှ သတင်းပေးပို့ချက်တစ်ခု ရောက်ရှိလာခဲ့သည်။ ကယ်လီဖိုးနီးယားသင်္ဘော၏တောင်ဘက် ငါးမိုင်ခန့်အကွာတွင် ဧရာမရေခဲတောင်ကြီးသုံးလုံးကို တွေ့မြင်ခဲ့ရကြောင်း သတင်းပေးပို့ချက်ပင်ဖြစ်သည်။ ထိုနေ့ည ၁၁ နာရီခွဲတွင် တိုက်တန်းနစ်သည် နယူးဖောင်လန်ကျွန်း၊ ဂရင်းဘင့်၏ တောင်ဘက် ၉၅ မိုင်အကွာတွင် ရောက်ရှိနေခဲ့သည်။ ည ၁၁ နာရီ မိနစ် ၄၀ တွင် အမှောင်ထုအတွင်း၌ ခုတ်မောင်းနေသော တိုက်တန်းနစ်သင်္ဘောကြီးသည် ကယ်လီဖိုးနီးယား မီးသင်္ဘောက သတိပေးခဲ့သည့် ဧရာမရေခဲတောင်ကြီးကို အလွန်နီးကပ်သည့် အကွာအဝေးအရောက်တွင် ဘွားကနဲတွေ့မြင်လိုက်ရသည်။

ရေခဲတောင်နှင့်မတိုက်မိစေရန် အတတ်နိုင်ဆုံးကြိုးစား ရှောင်တိမ်းခဲ့သော်လည်း တိုက်တန်းနစ်သင်္ဘောကြီး၏ဦးပိုင်း လက်ယာဘက်အခြမ်းသည် မျောနေသော ဧရာမရေခဲတောင်ကြီးနှင့်ပွတ်တိုက်ကာ သင်္ဘောဦးပိုင်းရှိ ထိပ်ဆုံးအခန်း ခြောက်ခန်းမှာ ပွင့်ထွက်သွားခဲ့သည်။

**စတင်နစ်မြုပ်မှု**


ပျက်စီးသွားသောအခန်းများတွင် သင်္ဘောစက်ခန်းလည်း ပါဝင်ခဲ့ရာ ထိခိုက်မှုဒဏ်ကြောင့် ဘွိုင်လာမှ ရေပူများနှင့် ရေနွေးငွေ့များ ပန်းထွက်လာခဲ့သည်။ ဘွိုင်လာမီးထိုးသမားများမှာ စက်ခန်းမှထွက်ပြေးကြပြီး အခန်းတံခါးကို လုံအောင်ပိတ်ခဲ့ကြသည်။ ပွင့်ထွက်သွားသောအခန်းများအတွင်းသို့ ပင်လယ်ရေများ စီးဝင်ရောက်ရှိလာကာ ယင်းရေလုံခန်းများ၌ ရေပြည့်သွားသည်နှင့် သင်္ဘောဦးပိုင်းကြီး လေးလံကာ ရှေ့သို့ ဦးစိုက်ကျလာတော့သည်။ သန်းခေါင်ကျော် နံနက် ၂ နာရီတွင် သင်္ဘောပဲ့ပိုင်းမှာ လေထဲမြောက်တက်နေပြီး ရှေ့ပိုင်း၌ရှိနေသည့် ခေါင်းတိုင်ကြီးမှာရေထဲသို့ပြုတ်ကျသွားခဲ့သည်။

**နှစ်ပိုင်းပြတ်ခြင်း**

ထိုအချိန်တွင် သင်္ဘောမှာ ၄၅ ဒီဂရီ တိမ်းစောင်းနေပြီး သင်္ဘောခါးလည်ပိုင်းသည် နှစ်ပိုင်းပြတ်လု အခြေအနေသို့ ရောက်ရှိနေခဲ့သည်။ ထိုနေရာတွင် သက်ရောက်နေသည့် ဖိအားမှာ တစ်စတုရန်းလက်မပေါ်တွင် ၁၅ တန်ပမာဏအထိ ရှိနေခဲ့သည်။ ယင်းသက်ရောက်မှုအားကြောင့်ပင် သင်္ဘောရက်မကြီးကျိုးပြီး သင်္ဘောဝမ်းဗိုက်အောက်ခံသံမဏိပြားများ ကွေးကောက်တွန့်လိမ်သွားခဲ့သည်။

ထိုအချိန်တွင် တန်ချိန် ၁၆၀၀၀ အလေးချိန်ရှိသော ပင်လယ်ရေထုကြီး ဝင်ရောက်လာမှုကြောင့် သင်္ဘောဦးပိုင်းပြတ်ကျသွားကာ တစ်နာရီလျှင် ၁၃ မိုင်နှုန်းဖြင့် ပင်လယ်ကြမ်းပြင်ဆီသို့ ကျဆင်းသွားခဲ့သည်။ နံနက် ၂ နာရီခွဲခန့်တွင် ပဲ့ပိုင်းသည်လည်း တဖြည်းဖြည်း နစ်မြုပ်ပြီး ရေမျက်နှာပြင်အောက် ပေတစ်ရာအရောက်တွင် ပေါက်ကွဲကာ တန်ချိန်များစွာရှိသော ပစ္စည်းများသည် ရေထဲတွင် လွင့်စင်ပျံ့နှံ့ကုန်တော့သည်။

ဤသို့ဖြင့် တိုက်တန်းနစ် သင်္ဘောကြီးသည် အသက်ကယ်လှေများဖြင့် ထွက်ခွာခြင်းမပြုနိုင်သည့် ခရီးသည် ၁၅၀၀ ကျော်နှင့်အတူ ပင်လယ်ရေမျက်နှာပြင်အောက်



တိုက်တန်းနစ်သင်္ဘောကြီး စတင်ထွက်ခွာစဉ်။

၁၂၆၁၂ ပေအနက်ရှိ ပင်လယ်ကြမ်းပြင်ပေါ်၌ ထာဝရ အိပ်စက်ခဲ့ရတော့သည်။

**နစ်မြုပ်မှုမြန်ဆန်လွန်းခြင်း**

တိုက်တန်းနစ် တည်ဆောက်ခဲ့သည့် ကာလက သင်္ဘောများ တည်ဆောက်ရာတွင် အကြောင်းကြောင်းကြောင့် နစ်မြုပ်ခဲ့ပါက စတင်နစ်မြုပ်ချိန်မှ စုံးစုံးမြုပ်သွားသည်အထိ အနည်းဆုံး ၂၄ နာရီခန့်ကြာမြင့်စေရန် ပုံစံထုတ်၍ တွက်ချက်တည်ဆောက်ခဲ့ကြသည်။ မူလတွက်ချက်ထားသည့်အတိုင်း စုံးစုံးမြုပ်သွားရန် ကြာမြင့်မည့် အချိန်အတွင်း သင်္ဘောစီးခရီးသည်များနှင့် သင်္ဘောသားများမှာ အသက်ကယ်လှေများဖြင့်ထွက်ခွာရန် သို့တည်းမဟုတ် အခြားသော ကယ်ဆယ်ရေးအကူအညီများကို ရယူနိုင်ရန် အချိန်ကောင်းစွာရရှိမည်ဖြစ်သည်။ တိုက်တန်းနစ်ကို သမားရိုးကျသင်္ဘောများ တည်ဆောက်မှုနည်းပညာထက် ပိုမိုသာလွန်ကောင်းမွန်အောင် စီစဉ်ခဲ့ပါလျက် တကယ့်လက်တွေ့ဖြစ်ရပ်တွင် ရေခဲတောင်နှင့်တိုက်မိပြီး သုံးနာရီမျှပင်မပြည့်သော အချိန်အတွင်း၌ လုံးဝနစ်မြုပ်သွားခဲ့ရသည်။

**နစ်ပေါင်းရှစ်ဆယ်အကြာ**

တိုက်တန်းနစ်သင်္ဘောနစ်မြုပ်ပြီး ခရီးသည် ၁၅၀၀ ကျော် သေဆုံးမှုသည် တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ခြားသွားစေခဲ့သည်။ တိုက်တန်းနစ်သင်္ဘော နစ်မြုပ်မှုဖြစ်ပွားပြီး နှစ်ပေါင်းရှစ်ဆယ်ကျော်မျှ ကြာမြင့်ခဲ့သည့်တိုင်အောင် ဤမျှ မြန်မြန်ဆန်ဆန် နစ်မြုပ်ခဲ့ရသည့် အကြောင်းရင်းကို သိပ္ပံပညာရှင်များက တပ်အပ်သေချာ အဖြေရှာ၍မရခဲ့ကြပေ။

**သဲလွန်စ**

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလတွင် ဘော့စ်ဘောလတ်ဆိုသူ အဏ္ဏဝါဗေဒ ပညာရှင်တစ်ဦးက ပင်လယ်ရေမျက်နှာပြင်အောက် ၁၂၆၁၂ ပေအနက်ရှိသည့် ပင်လယ်ကြမ်းပြင်တွင် တိုက်တန်းနစ် သင်္ဘောပျက်မှ အပျက်အစီးအစိတ်အပိုင်းများကို စတင်တွေ့ရှိခဲ့သည်။

ယင်းနောက် ခြောက်နှစ်အကြာ ၁၉၉၁ ခုနှစ်တွင် ကနေဒါနိုင်ငံ သဘာဝအရင်းအမြစ်များဆိုင်ရာဌာနမှ ပင်လယ်ကြမ်းပြင်ဆိုင်ရာ ဘူမိဗေဒပညာရှင် စတိဗ်ဘလတစ်စ် ခေါင်းဆောင်သော သိပ္ပံစူးစမ်းရေးအဖွဲ့သည် ဆိုဗီယက်လုပ် မီယာရေငုပ်သင်္ဘောနှစ်စင်းဖြင့် နစ်မြုပ်နေသော တိုက်တန်းနစ်သင်္ဘောမှ အစိတ်အပိုင်းများကို စူးစမ်းလေ့လာခဲ့သည်။ တိုက်တန်းနစ်သင်္ဘောကြီး၏ ကိုယ်ထည်မှ ပြတ်ထွက်လွင့်စင်နေခဲ့သော သံတုံးတစ်တုံးကို တွေ့ရှိကောက်ယူခဲ့ပြီး လေ့လာသုတေသနပြုခဲ့ကြသည်။

အဆိုပါသံတုံး၏ အနားစွန်းများသည် အချွန်အတက်များဖြစ်နေပြီး ကွေးညွှတ်ထားသည့် သွင်ပြင်လက္ခဏာတစ်စုံတစ်ရာကို မတွေ့ရှိကြရပေ။ သုတေသနပညာရှင်များသည် အဆိုပါ တိုက်တန်းနစ်သင်္ဘောကြီး၏သံပြားကို လက်ရှိခေတ်သုံးအရည်အသွေးမြင့် သံမဏိပြားတစ်ခုနှင့် တွဲဖက်၍ ဟိုက်ဒရောလစ်ဖိအားသုံးပြီး တစ်ပြိုင်နက်ထုချလိုက်ရာ တိုက်တန်းနစ်သင်္ဘော၏ သံမဏိတုံးမှာ ဆတ်ခနဲ နှစ်ပိုင်းကျိုးထွက်သွားသော်လည်း လက်ရှိခေတ်သုံး သံမဏိတုံးကမူ ကျိုးထွက်မသွားဘဲ တွဲ၍ခံနေကြောင်း တွေ့ရှိခဲ့ရသည်။ တိုက်တန်းနစ်သင်္ဘော၏ သံမဏိတုံးမှာ ပင်လယ်ရေအောက်တွင် နှစ်ပေါင်းရှစ်ဆယ်နီးပါး ရှိနေခဲ့သည့်အတွက်ကြောင့် ယခုကဲ့သို့ ကျွတ်ဆတ်သွားရခြင်းမဟုတ်ဘဲ အဆိုပါ သံမဏိကို ထုတ်လုပ်စဉ်ကတည်းကပင် ကျွတ်ဆတ်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ကြသည်။

၁၉၁၂ ခုနှစ်က နစ်မြုပ်ခဲ့သော တိုက်တန်းနစ်သင်္ဘောပျက်မှ ပစ္စည်းအမျိုးပေါင်း ၁၅၀ ခန့်ကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလက ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အဏ္ဏဝါပြတိုက်တွင် အများပြည်သူကြည့်ရှုနိုင်ရန် စတင်ပြသခဲ့သည်။ အံ့သြဘွယ်ကောင်းသည့်အချက်မှာ တိုက်တန်းနစ်သင်္ဘော၏ သံမဏိထည် အစိတ်အပိုင်းများသည် ပင်လယ်ရေအောက်တွင် နှစ်ပေါင်းရှစ်ဆယ်ကျော်နေခဲ့ရသော်လည်း တိုက်စားမှု လုံးဝမရှိခဲ့ခြင်းပင်ဖြစ်သည်။

**ရရှိခဲ့သောသင်ခန်းစာများ**

အကယ်၍သာ တိုက်တန်းနစ်သင်္ဘောသည် ရေခဲတောင်ကြီးကို ရှောင်လွှဲခြင်းမပြုနိုင်ဘဲ တည့်တည့်ဝင်တိုက်ခဲ့မည်ဆိုပါက သင်္ဘောဦးပိုင်းရှိအခန်းအချို့သာ ပျက်စီးဘွယ်ရှိပြီး ယခုကဲ့သို့ စုံးစုံးမြုပ်ရသည့် အဖြစ်ဆိုးမျိုးကို ကြုံတွေ့ခဲ့ရမည် မဟုတ်ပေ။ တကယ့်ဖြစ်ရပ်၌မူ ရေခဲတောင်ကြီးကို ရှောင်တိမ်းလိုက်သည့်အတွက် တိုက်တန်းနစ်သင်္ဘော၏ ဘေးတစ်လျှောက်မှ သံမဏိပြားများသည် မာကျောလှသော ရေခဲတောင်ကြီးနှင့် ပွတ်တိုက်မိခဲ့သည့်အတွက် ကျိုးပဲ့ပြီး သင်္ဘောကိုယ်ထည်ကို ပွင့်ထွက်သွားစေခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ ရေကြောင်းပို့ဆောင်ရေးလောကတွင် တိုက်တန်းနစ်သင်္ဘောကြီး၏ အဖြစ်သနစ်မှတစ်ဆင့် ဆင်ခြင်သတိပြုဖွယ်ရာ သင်ခန်းစာများစွာကို ရရှိခဲ့ကြသည်။ ထိုထိုသော သင်ခန်းစာပေါင်းများစွာထဲမှ သိပ္ပံပညာရှင်တို့အတွက် ကြီးမားသော နည်းပညာဆိုင်ရာသင်ခန်းစာများကိုလည်း ရရှိခဲ့ကြသည်။

တိုက်တန်းနစ်သင်္ဘောကြီးကို ခမ်းနားကြီးကျယ်စွာ တည်ဆောက်ခဲ့သည်ဟုဆိုသော်လည်း ခမ်းနားကြီးကျယ်မှုနှင့် လိုက်လျောညီထွေမဖြစ်ခဲ့သော နည်းပညာအားနည်းချက်များသည် အကြီးမားဆုံးသော သင်ခန်းစာ ဖြစ်ခဲ့သည်။ ထိုစဉ်က သံမဏိပြားများထုတ်လုပ်ရာတွင် တူးဖော်ရရှိသော သံမဏိအရိုင်းများ၌ ပါဝင်ဖွဲ့စည်းနေသော ဆာလ်ဖာပါဝင်ကိန်းကို လျှော့ချခြင်းမပြုနိုင်ခဲ့သည့်အတွက် ဆာလ်ဖာပါဝင်ကိန်းမြင့်မားသော သံမဏိပြားများ၏ Tensile Strength ခေါ် ဆန့်ထွက်နိုင်သည့်အားမှာ သင်္ဘောတည်ဆောက်မှုနှင့် လားလားမျှမထိုက်တန်အောင် နိမ့်ကျခဲ့သည်။

ကျွတ်ဆတ်ပြီး အလွယ်တကူ ကျိုးပဲ့နိုင်သော သင်္ဘောသံမဏိပြားများသည် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုနှင့် ကြီးစွာသောပျက်စီးမှုများကို ဖြစ်ပွားစေခဲ့သည့်အပြင် ကမ္ဘာအရပ်ရပ်ရှိ အများပြည်သူတို့၏ စိတ်နှလုံးကိုပါ တုန်လှုပ်ချောက်ခြားသွားစေခဲ့သည်။

**စာမျက်နှာ ၂၁ သို့**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့

**ရမည်းသင်း အောက်တိုဘာ ၇**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် ရမည်းသင်းမြို့နယ်မှ အငြိမ်းစား မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများမှ ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲမှ ဆုရကျောင်းသားများအား ဆုချီးမြှင့်ပွဲကို ရမည်းသင်း မြို့နယ် ပညာရေးမှူးက ဦးစီး၍ ရမည်းသင်းမြို့ ရန်အောင်မြင် သာသနာ့ ဗိမာန်၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကန်တော့ခံ အသက် ၇၀ အထက် ဆရာကြီးဆရာမကြီး ၁၂၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီကို မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးတို့က လက်ရောက်လိုက်လံကန်တော့သည်။ ထို့နောက် ပညာရေးဌာနမှ လုပ်မှုထူးချွန်ဆုရရှိသော ဆရာကြီးဦးဝင်းရွှေနှင့် ဆရာကြီးဦးဇော်ဝင်းတို့အား မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုဆုများပေးအပ်ကာ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး ဦးဆန်းဌေးအောင်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၁၁၅)**

## အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကျောက်မဲ အောက်တိုဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ရှမ်းပြည်နယ် ကျောက်မဲခရိုင်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကား ပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းဝင်းက ရွေးကောက်ပွဲတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် တွေ့ကြုံနေရသည့် ပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ထို့နောက် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းသိန်းက ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် တာဝန်ကျလုံခြုံရေးအဖွဲ့များက ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် မဲပေးပုံအဆင့်ဆင့်ကို သရုပ်ပြဗီဒီယိုများ ဖွင့်လှစ်ပြသခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသို့ ကျောက်မဲခရိုင်အတွင်းမှ ဝင်ရောက်အရွေးခံမည့် နိုင်ငံရေးပါတီ ရှစ်ခုရှိပြီး ကျောက်မဲမြို့နယ်တွင် မဲဆန္ဒ နယ်နှစ်ခုရှိကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၂၀၉၃၆ ဦးရှိကြောင်း ခရိုင် ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

**မြင့်အောင်**




# တိမ်မြုပ်နေသောအခွန်ငွေများ ဖော်ထုတ်ကောက်ခံမည်

**စေတုတ္တရာ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း ဌာနဆိုင်ရာ ၂၉ ခုမှ ကောက်ခံနိုင်ခြင်းမရှိခဲ့သော တိမ်မြုပ်ခွန်များဖြစ်သည့် အိမ်ခွန်(အဆောက်အအုံခွန်)၊ လမ်းမီးခွန်၊ အညစ်အကြေးခွန်၊ ရေခွန်များအား ဒေသအကျိုးပြုလုပ်ငန်းများ၌ ထည့်ဝင်အသုံးပြုနိုင်ရန် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ညွှန်ကြားချက်အရ ဖော်ထုတ်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

"အခွန်လေးရပ်ကို မြို့တိုင်းမှာ ဌာနဆိုင်ရာတွေဆီက ကောက်ခံနေကြပါတယ်။ စေတုတ္တရာမြို့မှာ အရင်က ကောက်ခံနိုင်ခြင်းမရှိခဲ့ပါဘူး။ မြို့ကငယ်ပြီး ဌာနဆိုင်ရာလည်း နည်းပါတယ်။ ဒီဘက်နှစ်တွေမှာ ဌာနဆိုင်ရာ အဆောက်အအုံတွေ တိုးတက်လာပါတယ်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွေလည်း အရှိန် အဟုန်မြင့် ဆောင်ရွက်လာတာ တွေ့ရပါတယ်။ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ ထည့်သွင်းဆောင်ရွက်နိုင်ဖို့ တိမ်မြုပ်ခွန်တွေ ပြန်လည်ဖော်ထုတ်ဖို့ လိုအပ်လာတာကြောင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းထံလည်း တင်ပြထားပြီး သက်ဆိုင်ရာဌာနဆိုင်ရာတွေကိုလည်း မေတ္တာရပ်ခံစာတွေ ပေးပို့ထားပါတယ်"ဟု စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။

တိမ်မြုပ်ခွန်များ ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် ဌာနဆိုင်ရာများ အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဌာနဆိုင်ရာအဆောက်အအုံခွန်(ပစ္စည်းခွန်)များ ပေးဆောင်ရမည်ဖြစ်ပြီး ဘတ်ဂျက်တောင်းခံရာတွင် ထည့်သွင်းတောင်းခံကြရန်လိုကြောင်း၊ အခွန်ကောက်ခံရာတွင် သတ်မှတ်ထားသော ဌာနဆိုင်ရာစံနှုန်းများထက်လျော့ပြီး အိမ်ခွန် ခုနစ်ရာခိုင်နှုန်း၊ မီးခွန် သုံးရာခိုင်နှုန်း၊ အညစ်အကြေးခွန် သုံးရာခိုင်နှုန်း၊ စုစုပေါင်း ၁၃ ရာခိုင်နှုန်းသာ ကောက်ခံမည်ဖြစ်ကြောင်း၊ ရေပေးဝေနိုင်ခြင်းမရှိသည့်အတွက် ရေခွန်မပါသေးကြောင်း၊ ရရှိလာသောအခွန်ငွေများကို ဒေသတွင်း Infrastru cture အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီး စသည့် လိုအပ်ချက်များအတွက် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်

**ထားဝယ် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ထားဝယ်မြို့ရွှေဝယ်သီရိ အားကစားခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြိတ်မြို့နယ်အသင်းနှင့် လောင်းလုံးမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး မြိတ်မြို့နယ်အသင်းက သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပေါင်းစုံ အမျိုးသမီးပြိုင်ပွဲတွင် တတိယရရှိသော မြိတ်မြို့နယ်အသင်း၊ ဒုတိယရရှိသော တနင်္သာရီမြို့နယ်အသင်းနှင့် ပထမရရှိသော သရက်ချောင်းမြို့နယ်အသင်းများအား တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီးဒေါ်သက်ထားနှင့်တာဝန်ရှိသူများက လည်ဆွဲဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ထို့နောက် မြို့နယ်ပေါင်းစုံ အမျိုးသားပြိုင်ပွဲတွင် တတိယရရှိသော ပုလောမြို့နယ်အသင်းအား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်ကလည်းကောင်း၊ ဒုတိယရရှိသော လောင်းလုံးမြို့နယ်အသင်းအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းကလည်းကောင်း၊ ပထမရရှိသော မြိတ်မြို့နယ်အသင်းအား တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်းကလည်းကောင်း လည်ဆွဲဆုနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ပထမရရှိသော မြို့နယ်အသင်းများအား တံခွန်စိုက် ဆုဖလားကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပေးအပ်ချီးမြှင့်ခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ယာဉ်တိုက်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ယာဉ်မတော်တဆမှုကင်းဝေးရေးအတွက် ယာဉ်တိုက်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ အသိပေးရှင်းလင်းပွဲကို တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း၊ ယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီ(မစက)က ကြီးမှူး၍ ပုသိမ်မြို့ ကမ်မလင်းကျွန်း အဝေးပြေးဝင်း၌အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး (မစက) ဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ယာဉ်ထိန်းတပ်ဖွဲ့ ဒုရဲမှူးထွန်းနိုင်အောင်က ၂၀၁၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှု ၄၀၀ ကျော်ဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ၂၅၀ ကျော်ရှိခဲ့ကြောင်း၊ အများစုမှာ မဆင်မခြင်မောင်းနှင်ခြင်းကြောင့်ဖြစ်သဖြင့် ယာဉ်တိုက်မှုများ လျော့နည်းစေရေးအတွက် ယာဉ်တိုက်မှုအန္တရာယ် ထိန်းသိမ်းရေး ဥပဒေလုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး (မစက) အတွင်းရေးမှူး ဦးအောင်ဆွေက ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်ငန်းပိုင်ရှင်များအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများကို ခရိုင်နှင့် မြို့နယ်(မစက) အဖွဲ့ဝင်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက်တိုင်းဒေသကြီး (မစက) ဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုအန္တရာယ် ကင်းဝေးရေးအတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့်တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် (မစက) ကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**ပုသိမ်လှကြည်**

**စာမျက်နှာ ၂၀ မှ**

တိုက်တန်းနစ်သင်္ဘောကြီးတွင် လိုက်ပါခဲ့ကြသော ခရီးသည်ပေါင်း ၂၂၂၇ ဦးအတွက် အရေးပေါ်အသုံးပြုနိုင်သည့် အသက်ကယ်လှေအရေအတွက်မှာ ခရီးသည်နှင့်မမျှအောင် အလွန်နည်းပါးခဲ့သည့်အတွက် အသက်ကယ်လှေများဖြင့် ထွက်ခွာခြင်းမပြုနိုင်သော ခရီးသည် ၁၅၀၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ကြရသည်။

တိုက်တန်းနစ်သင်္ဘောကြီး၏ နစ်မြုပ်မှုမှာ မြန်ဆန်လွန်းသည်ဟု ဆိုစေကာမူ၊ အကယ်၍ ဤမျှမြန်မြန်ဆန်ဆန်နစ်မြုပ်ခဲ့လျှင် ဆိုသည့်အချက်ကို ကြိုကြိုတင်တင် မတွေးမိခဲ့ကြခြင်းကြောင့်လည်း အချိန်တိုအတွင်း၌ ကြီးမားသောပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်စဉ်က မာကိုနီ၏ ကြိုးမဲ့ကြေးနန်းကုမ္ပဏီဝန်ထမ်း ဒေးဗစ်ဆန်းနော့ဖ်သည် တိုက်တန်းနစ်သင်္ဘောကြီးပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ပြီး သင်္ဘောကြီး ဘေးဒုက္ခကျရောက်မှုအခြေအနေကို အခြားသင်္ဘောများဆီသို့ အကြောင်းကြားသတင်းပေးပို့ခဲ့သော်လည်း ထိုစဉ်က ကုန်သွယ်ရေကြောင်း လောကတွင် မြန်နှုန်းမြင့်ရေယာဉ်ငယ်များကို မတည်ဆောက်နိုင်ခဲ့ကြသည့်အတွက် အချိန်မီကယ်ဆယ်ခြင်းမပြုနိုင်ဘဲ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရခြင်း ဖြစ်သည်။

တိုက်တန်းနစ်သင်္ဘော မတော်တဆမှု ဖြစ်ပွားခဲ့ပြီး နှစ်ပေါင်းတစ်ရာအကြာတွင် စကြဝဠာအတွင်းရှိ နက္ခတ်သိပ္ပံဆိုင်ရာ ဖြစ်စဉ်တစ်ခုက တိုက်တန်းနစ် သင်္ဘောကြီးနှင့်တကွ လူ့အသက် ပေါင်း ၁၅၀၀ ကျော်ကို ဇီဝိန်ချုပ်ငြိမ်းစေခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ် တွေ့ရှိခဲ့ကြသည်။

၁၉၁၂ ခုနှစ် ဧပြီလက နှစ်ပေါင်း ၁၄၀၀ လျှင် တစ်ကြိမ်သာဖြစ်ပေါ်နိုင်သည့် ကမ္ဘာနှင့်လ အနီးကပ်ဆုံးသောဖြစ်စဉ်သည် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ကို သာမန်ထက်ထူးကဲစွာ မြင့်တက်စေခဲ့သည် အလွန်ထူးကဲလှသော ဒီရေတက်မှုကြောင့် နယူးဖောင်လန်ကျွန်းဒေသတစ်ဝိုက်ရှိ ဧရာမရေခဲတောင်ကြီးများသည် ပင်လယ်ကြမ်းပြင်မှကွာတက်ကာ ပင်လယ်ရေပြင်တွင် မျောပါရွေ့လျားခဲ့ကြသည်။

သာမန် ဒီရေတက်ချိန်များတွင်မူ အဆိုပါ ရေခဲတောင်ကြီးများသည် ထုထည်နှင့် အရွယ်ပမာဏကြီးမားလွန်းလှသဖြင့် ပင်လယ်ကြမ်းပြင်မှ ကွာတက်နိုင်ခြင်း မရှိပေ။ တန်ချိန်နှစ်သိန်း အလေးချိန်ရှိသော ရေခဲတောင်ကြီးသည် တိုက်တန်းနစ်သင်္ဘောနှင့် တိုက်မိစဉ်က ရွေ့လျားမျောပါနှုန်း တစ်နာရီလျှင် ၂၆ မိုင်ရှိနေခဲ့သည်။ ထိုစဉ်က ရေခဲတောင်များလေ့လာစောင့်ကြည့်ရေးအစီအစဉ်ကို ချမှတ်နိုင်ခြင်းမရှိခဲ့သဖြင့် ထိုသို့သော အဖြစ်ဆိုးမျိုးကို ကြုံတွေ့ခဲ့ကြရခြင်းလည်း ဖြစ်သည်။

တိုက်တန်းနစ် အဖြစ်ဆိုးကြီး ဖြစ်ပေါ်ပြီးနောက် နှစ်ပေါင်း တစ်ရာကျော် လွန်မြောက်လာချိန်၌မူ တိုက်တန်းနစ်-၂ ဟု အမည်ပေးထားသော ယခင်တိုက်တန်းနစ်ပုံစံတူ သင်္ဘောကြီးတစ်စင်းကို ဖင်လန်နိုင်ငံအခြေစိုက်ကမ္ဘာကျော် ရေကြောင်းအင်ဂျင်နီယာရင်းကုမ္ပဏီဖြစ်သည့် ဒယ်လ်တာမင်းကုမ္ပဏီက ပုံစံထုတ်ကာ တပ်ဆင်တည်ဆောက်ရန် ကြိုးပမ်းနေပြီဖြစ်သည်။ အလျား ၂၇၀ မီတာ၊ အမြင့် ၅၃ မီတာရှိပြီး တန်ချိန်သုံးသောင်း အလေးချိန်ရှိသည့် တိုက်တန်းနစ်-၂ သင်္ဘောကြီး၌ အခန်းပေါင်း ၈၄၀ ပါဝင်မည်ဖြစ်ပြီး ခရီးသည်နှစ်ထောင်ကျော်ကို တင်ဆောင်နိုင်မည်ဖြစ်သည်။ တိုက်တန်းနစ်၏ မူလရေလမ်းကြောင်းဖြစ်သည့် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု အကြား၌ပင် ပြေးဆွဲရန် စီစဉ်ထားကြသည်။

အကယ်၍ တိုက်တန်းနစ်-၂ စီမံကိန်းသည် အမှန်တကယ် ရုပ်လုံးပေါ်လာခဲ့လျှင်သော်မှ ယခင်တိုက်တန်းနစ်၏အဖြစ်ဆိုးမျိုးကို ကြုံတွေ့နိုင်တော့မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ပြောင်းလဲတိုးတက်လာသော သံမဏိသန့်စင်ထုတ်လုပ်ရေး နည်းပညာ၊ မိုဘိုင်းဆက်သွယ်ရေး ကွန်ရက်၊ ဂြိုလ်တုလမ်းပြ မြေပုံစနစ်၊ ကုန်သွယ်ရေကြောင်း လုံခြုံရေးအစီအမံ၊ ရေခဲတောင်လေ့လာစောင့်ကြည့်သတိပေးရေး စီမံချက်၊ အရေးပေါ်လေကြောင်းအကူအညီပေးရေး အစီအစဉ် စသောအဆင့်မြင့်နည်းပညာများက ယခင်တိုက်တန်းနစ်သင်္ဘောကြီး၏မအောင်မြင်ခဲ့သောခရီးစဉ်ကို တိုက်တန်းနစ်-၂အား လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားစေနိုင်လိမ့်မည်ဟု မျှော်လင့်ရသောကြောင့်ပင် ဖြစ်ပေသည်။

# ပြည်ရွှေဆံတော်စေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် စွယ်တော် လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်



**ပြည် အောက်တိုဘာ ၇**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၁၆)ကြိမ်မြောက် မြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၈ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၁၉ ရက်မှ ၂၈ ရက်)အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်းလဆန်း ၈ ရက်တွင် သံဃာတော် ၁၀၈ ပါးတို့က အရုဏ်ခံလေးခုတွင် ဗုဒ္ဓဘိသေကအနေကဇာတင်လျှူပြီး စေတီတော်မြတ်ကြီး ရင်ပြင်တော် မြတ်စွယ်တော်တိုက်၌ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားပြုလုပ်၍ ဘုရားအမှူးရှိသော သံဃာတော် ၁၀၈ ပါး စုစုပေါင်း ၁၀၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၉ ရက်တွင် မြတ်စွယ်တော်တိုက်၌ ဗုဒ္ဓမြတ်စွယ်တော်ကို ဂန္ဓကုဋိတိုက်မှ ယာဉ်ပင့်ဆောင်၍ ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်ပါသည်။ တန်ဆောင်မုန်းလဆန်း ၁၁ ရက်တွင် ဂန္ဓကုဋိတိုက်၌ တစ်နှစ်တာကိန်းဝပ်စံပယ်တော်မူခဲ့သော ဗုဒ္ဓ မြတ်စွယ်တော်ကို အခမ်းအနားနှင့်ဖွင့်လှစ်ပင့်ဆောင်မည်ဖြစ်ပါသည်။ ဖွင့်လှစ်ပူဇော်ပွဲကို မြတ်စွယ်တော်တိုက်၌ ပြုလုပ်မည်ဖြစ်ပါ သည်။ ဖွင့်လှစ်ပူဇော်ပွဲပြီးသောအခါ ဗုဒ္ဓမြတ်စွယ်တော်ကို မြတ်စွယ်တော်တိုက်သို့ ပြန်လည်ပင့်ဆောင်မည်ဖြစ်ပြီး နေ့စဉ် အပူဇော်ခံထားရှိမည်ဖြစ်ပါသည်။ တန်ဆောင်မုန်းလဆန်း ၁၂ရက်တွင် မြတ်စွယ်တော်အား မြတ်စွယ်တော်တိုက်၌ ဗုဒ္ဓဘိသေကအနေကဇာ တင်ပူဇော်ပါမည်။

တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် ဗုဒ္ဓမြတ်စွယ်တော်အား ကိန်းဝပ်စံပယ်ရာ ရွှေပလ္လင်တော်မှပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်ပင့်ဆောင်၍ မြောက်စောင်းတန်းထိပ်တွင် အသင့်ရှိသော ကရဝိတ်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်၍ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံမည့် လမ်းကြောင်းအစီအစဉ်အတိုင်း လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး ညနေပိုင်းတွင် စေတီတော်မြတ်ကြီး မြတ်စွယ်တော်တိုက်သို့ ပြန်လည်ပင့်ဆောင်အပူဇော်ခံမည်ဖြစ်ပါသည်။

တန်ဆောင်မုန်းလဆန်းလပြည့်ကျော် ၂ ရက်(၂၈-၁၁-၂၀၁၅)ရက်နေ့ ည ၉း၀၀နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား တစ်နှစ်တာ ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋိတိုက်သို့ ပင့်ဆောင်၍ သိမ်းဆည်းကိန်းဝပ်တော်မူလျက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ် တော်အပူဇော်ခံပွဲကို အခမ်းအနားအစီအစဉ်ဖြင့် ကျင်းပပိတ်သိမ်းမည်ဖြစ်ပါသည်။ ဗုဒ္ဓပူဇနီယပွဲတော်ကြီး ကျင်းပနေစဉ် ၁၀ ရက်အတွင်း နံနက် ၅း၀၀ နာရီတွင် စေတီတော်မြတ်ကြီးရင်ပြင်တော် မုခ်လေးမုခ်၌ ဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း ဖျော်ဖြေပွဲအနေဖြင့် စေတီတော်မြတ်ကြီးရင်ပြင်တော် အင်္ဂါထောင့်၌ ဓမ္မတေးဂီတအဖွဲ့များဖြင့် ပူဇော်၍ ပွဲတော်ကွင်း၌ ဆိုင်းပွဲများ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရှိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခု တည်ဆောက်လျက်ရှိ

**ခင်ဦး အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အရှေ့ဘက်ခြမ်းရှိ မိုးကောင်းသောက်လယ်မြေများ စိုက်ပျိုးရေ ရရှိရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် အောင်မင်္ဂလာ (၂) လျှပ်စစ်ရေတင်လုပ်ငန်းနှင့် အောင်သီရိ လျှပ်စစ်ရေတင်လုပ်ငန်းများကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းများကို ဇွန် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မင်္ဂလာ-၂ လျှပ်စစ်ရေတင်လုပ်ငန်းကို ရွှေဂျိုးဖြူရတနာ ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိပြီး ယင်းလုပ်ငန်းပြီးစီးပါက ရေသောက်ဧရိယာ ၄၀၀ ဧကကို အကျိုးပြုမည်ဖြစ်သည်။ အောင်သီရိလျှပ်စစ်ရေတင်လုပ်ငန်းကို ငွေယမင်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက ရေသောက်ဧရိယာ ၃၀၀ ဧကကို အကျိုးပြုနိုင်မည်သည်။ အဆိုပါ လျှပ်စစ်ရေတင်လုပ်ငန်းများကို ကင်းတပ်လက်ဝဲမြောင်းမကြီး(OMC)မှ လျှပ်စစ်ပန့်မော်တာများဖြင့် ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။



လျှပ်စစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# တိုင်ထောင်ပဲ ဈေးကောင်းရနေသဖြင့် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ

**သာစည် အောက်တိုဘာ ၇**

မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ ပဲတိုင်ထောင်(ခေါ်)ပဲတောင့်ရှည်များ ဈေးကောင်းရနေသဖြင့် မြို့နယ်အတွင်း ကျေးရွာများမှ ပဲစိုက်တောင်သူများမှာ ဝင်ငွေကောင်းကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ်အတွင်းရှိ ဆည်ကြီး(တောင်)ကျေးရွာ၊ ဆည်ကြီး(မြောက်)ကျေးရွာ၊ ကြက်မောက်ကျေးရွာ၊ သာစည်လေးကျေးရွာ၊ ကျောင်းရွာကျေးရွာ၊ ဇီးတောကျေးရွာနှင့် ချမ်းသာကြီးကျေးရွာများတွင် ပဲတိုင်ထောင်(ခေါ်)ပဲတောင့်ရှည်၊ ရှုန်းပတီသီး၊ ဖရဲ၊ ခရမ်းချဉ်၊ ပဲတီစိမ်းနှင့် နေကြာ စသည့်သီးနှံစုံစိုက်ပျိုးကြသော ကျေးရွာများဖြစ်သည်။ သီးနှံစုံစိုက်ပျိုးကြသည့်အနက် ပဲတိုင်ထောင်မှာ မြေအကျယ်အဝန်းအနည်းငယ်ဖြင့် စိုက်ပျိုးနိုင်ပြီး တောင်သူများအတွက် အကျိုးဖြစ်ထွန်းသောသီးနှံဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် ပဲတိုင်ထောင်များ ဈေးကောင်းနေပြီး တစ်ပိဿာလျှင် ငွေကျပ်ရှစ်ရာကျော်အထိ ဈေးကောင်းရနေသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ ထွက်ကုန်များကို တောင်ကြီး၊ အောင်ပန်း၊ ကလော၊ သာစည်နှင့် မိတ္ထီလာမြို့တို့မှ ကုန်သည်များက ကျေးရွာအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

ပဲတိုင်ထောင်ကို နွေရာသီနှင့် မိုးရာသီတို့တွင် စိုက်ပျိုးကြပြီး စတင်စိုက်ပျိုးချိန်မှ ဆွတ်ခူးရောင်းချပြီးချိန်ထိ အချိန်သုံးလကြာကြောင်း သိရသည်။ "စတင်စိုက်ပျိုးပြီး တစ်လခွဲအကြာမှာ သီးနှံစတင်ဆွတ်ခူးနိုင်ပါတယ်။ ပုံမှန်အားဖြင့် သုံးရက်တစ်ကြိမ်လောက် ခူးရပါတယ်။ ရာသီဥတုကောင်းရင်တော့ သီးနှံပိုထွက်ပြီး နှစ်ရက်တစ်ကြိမ်လည်း ဆွတ်ခူးရပါတယ်။ အကျိုးအမြတ်ကတော့ ရာသီဥတုလည်းကောင်းမယ်၊ ဈေးလည်းကောင်းမယ်ဆိုရင် လေးသိန်းကျော်လောက် ရပါတယ်"ဟု ဆည်ကြီးတောင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါကျေးရွာများတွင် ပဲတိုင်ထောင်ကို တောင်သူများအများစုက စိုက်ပျိုးကြသော်လည်း တစ်ဦးလျှင် အများဆုံးအဖြစ် ဧကတစ်ဝက်ခန့်အထိသာ စိုက်ပျိုးကြကြောင်း၊ တစ်မျိုးတည်းစိုက်ပျိုးခြင်းထက် သီးနှံစုံ မျှတစိုက်ပျိုးခြင်းက ပိုများကြောင်း၊ သီးနှံတစ်မျိုး ဈေးမကောင်းပါက အခြားဈေးကွက်ကောင်း သောသီးနှံဖြင့် အကျိုးအမြတ်ပြန်လည်ရရှိရန် ရည်ရွယ်စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အားကစားအဖွဲ့ချုပ်ကကြီးမှူး၍ အောင်သမာဓိစိန်ရွှေရတနာဆိုင်၏ အဓိကကူညီပံ့ပိုးမှုဖြင့် ဆရာဒသစီစဉ်သည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မန္တလေးအောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ မိုးလုံလေလုံကွင်းကြီး၌ အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲ၏ ထူးခြားချက်မှာ အခြားပြိုင်ပွဲများကဲ့သို့ သုံးချီ၊ လေးချီပွဲများ မပါဘဲ ငါးချီစိန်ခေါ်ပွဲ ၁၀ ပွဲသာ ပါဝင်ခြင်းဖြစ်သည်။ မြန်မာ-ထိုင်းပွဲစဉ်များမှာ ဖုံသွေးနှင့် လေသပ်စ်၊ ကျားပေါက်နှင့် စဲလ်တွန်း၊ ရဲသွေးနီနှင့် ရွက်စီ၊ လုံးချောလေးနှင့် ဝါလချရ်တို့ပွဲစဉ်များဖြစ်ပြီး ကျန်ခြောက်ပွဲမှာ မြန်မာလက်ဝှေ့သမားများ ယှဉ်ပြိုင်ထိုးသတ်ကြမည့် ပွဲစဉ်များဖြစ်သည်။ ပြိုင်ပွဲအတွက် ရုံဝင်ကြေးများမှာ ကျပ်သုံး သောင်း၊ ကျပ်တစ်သောင်းနှင့် ကျပ်ခုနစ်ထောင်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# သဘာဝဘေးလျော့ပါးရေး လေ့လာစရာပြခန်း ဖွင့်လှစ်

**လပွတ္တာ အောက်တိုဘာ ၇**

လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်း သဘာဝဘေးလျော့ပါးရေး လေ့လာစရာပြခန်းကို မြန်မာနိုင်ငံအင်ဂျီနီယာအသင်းနှင့် Seeds Asia Japan တို့ ပူးပေါင်း၍ လပွတ္တာမြို့နယ် အထက(၂)ကျောင်း၊ ဧရာဝတီခန်းမ၌ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ပြခန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် မြို့နယ်ဒုတိယပညာရေးမှူးတို့က အမှာစကားပြောကြားပြီး သဘာဝဘေးလျော့ပါးရေး လေ့လာစရာပြခန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံအင်ဂျီနီယာအသင်းတာဝန်ရှိသူများနှင့် အထက(၂) ကျောင်းအုပ် ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ပြခန်း၌ ပြသထားသည့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အချက်အလက်များကို လေ့လာကြည့်ရှုခဲ့ကြသည်။ **ဝင်းကျော်မြင့်(ပြန်/ဆက်)**

# သီးနှံစုံစိုက်ပျိုးပြီး စီးပွားရေးအောင်မြင်လျက်ရှိသည့် သံရွာ



**ကျောက်ဆည် အောက်တိုဘာ ၇**

ကျောက်ဆည်ခရိုင်သည် ပုဂံခေတ်ကတည်းက လယ်ယာစိုက်ပျိုးရေးအောင်မြင်ခဲ့ကာ ကျောက်ဆည်လယ်တွင်းကိုးခရိုင်မှာ ရှေးမြန်မာမင်းများ လက်ထက်ကပင် စိမ်းလန်းစိုပြည်သာယာသော နေရာဖြစ်ခဲ့သည်။ ကျောက်ဆည်ခရိုင်တွင် ဇော်ဂျီမြစ်၊ မြစ်ငယ်မြစ်၊ ပန်းလောင်မြစ်များရှိသည်။ ထိုမြစ်သုံးမြစ်မှ ရေများဖြင့် စပါးများ စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ ကျောက်ဆည်နယ်တွင် ငှက်ပျော၊ ကွမ်း၊ နနွင်း၊ စပါး၊ သရက်၊ နှမ်းဖြူ၊ နှမ်းနက်စသည့် သီးနှံစုံကို စိုက်ပျိုးထွက်ရှိသည်။

ကျောက်ဆည်မြို့နယ် အရှေ့ပိုင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည်။ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှာင်သို့သွားသော ကားလမ်းဘေးတွင် သံရွာရှိသည်။ သံရွာသည် အထက်တန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ရဲစခန်းနှင့်ဈေးများရှိသော စံပြရွာကြီးဖြစ်သည်။

သံရွာကျေးရွာအုပ်စုတွင် နောင်ခမ်း၊ ငပြောင်၊ သံရှေ့ရွာ၊ သံနောက်ရွာ၊ လွဲရွာ၊ အေးရွာ၊ ညွှန့်ပင်ရွာ၊ သပြေကုန်းရွာ၊ ဈေးတန်း၊ ကွက်သစ်၊ ရဲတံခွန်၊ အောင်ချမ်းသာနှင့် ရေတန်းရွာများ ပါဝင်သည်။ သံရွာကျေးရွာအုပ်စုရှိ ရွာများတွင် နေထိုင်သူအများစုမှာ တောင်သူလယ်သမားများဖြစ်ကြပြီး စပါး၊ ပဲမျိုးစုံ၊ နှမ်း၀ါ၊ ငရုတ်၊ ကွမ်း၊ ငှက်ပျော၊ သရက်များ အဓိကထားစိုက်ပျိုးကြသည်။

သံရွာမှ လယ်သမားများသည် ယခင်က သတ်မှတ်စိုက်ပျိုးသီးနှံများဖြစ်သော စပါး၊ ၀ါ၊ နေကြာများကိုသာ စိုက်ပျိုးကြရပြီး ကွမ်း၊ ငှက်ပျောသီးများကို တောင်ခြေမျက်ကွယ်တွင် ခိုးစိုက်ကြရသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် သီးနှံလွတ်လပ်ခွင့်ရ၍ ကွမ်းနှင့် ငှက်ပျောအပါအ၀င် ကြိုက်ရာသီးနှံများကို တရားဝင်စိုက်ပျိုးလာကြသည်။

သံရွာကျေးရွာအုပ်စုသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် နယ်နိမိတ်ချင်း ထိစပ်နေသဖြင့် ရေမြေကောင်းသည်။ ချောင်းငယ်မြောင်းငယ် ပေါများသည်။ ဇော်ဂျီမြစ်လည်း ရှိသဖြင့် စိုက်ပျိုးရေလုံလောက်စွာရသည်။ ထို့ကြောင့် စိုက်သမျှသီးနှံများ အောင်မြင်ဖြစ်ထွန်းသည်။ သံရွာတွင် ငှက်ပျောခြံစိုက်သူ အများအပြားရှိပြီး တစ်ဦးလျှင် ငါးဧကမှ ၁၀ ဧကကျော်အထိ စိုက်ပျိုးသည်။ တစ်ဧကလျှင် အပင် ၅၀၀ မှ ၇၀၀ အထိ စိုက်ပျိုးကြသည်။ ငှက်ပျောအထွက်ကောင်းလျှင် ကြိုတင်ဝယ်ယူသူများရှိပြီး ငှက်ပျောစိုက်သူများမှာ စီးပွားရေးအောင်မြင်ဖြစ်ထွန်းကြသည်။

သံရွာတွင် ငှက်ပျောသာမက စီးပွားဖြစ်ကွမ်းခြံများလည်း ရှိသည်။ ကွမ်းစိုက်ရာတွင် တစ်ဧကလျှင် အပင်ရေ ၄၀၀၀ မှ ၅၀၀၀ အထိ စိုက်ပျိုးကြပြီး ကွမ်းတစ်ဧကကို လူငါးယောက်ခန့် ပြုစုပျိုးထောင်ရသဖြင့် အရင်းအနှီးများပြားသည်။ တစ်ဧကလျှင် ကွမ်းရွက်ပိဿာချိန် ၁၀၀ မှ ၁၅၀ အထိထွက်ကာ ကွမ်းတစ်ပိဿာလျှင် ၁၀၀၀ မှ ၁၅၀၀ ကျပ်၊ ရှားပါးချိန်တွင် ၃၀၀၀ မှ ၃၅၀၀ ကျပ်အထိ ရသည်။ ဆောင်းရာသီတွင် ကွမ်းတစ်ပိဿာ ၈၀၀ မှ ၁၀၀၀ ဈေးသာရသည်။ ကွမ်းခြံများမှာ မကောင်းခြောက်လ၊ ကောင်းခြောက်လ ခံစားရသော အမျိုးအစားဖြစ်သည်။ သို့သော် ကွမ်းထွက်ရာသီ ကွမ်းပိဿာထောင်ချီထွက်ပြီး ဈေးကောင်းရသဖြင့် ကွမ်းခြံတောင်သူများ စိုက်ရကျိုးနပ်သည်။ ထို့ကြောင့် သံရွာတွင် ကွမ်းစိုက်တောင်သူများ စီးပွားရေးအောင်မြင်နေကြသည်။ ကွမ်းခြံများလည်း ပေါများသည်။

သံရွာ၏ စီးပွားဖြစ် သီးနှံများတွင် နှစ်ရှည်စိန်တစ်လုံး သရက်ခြံများလည်း ပါဝင်သည်။ စိန်တစ်လုံး သရက်သီးမှာ ၁၉၇၀ ခုနှစ်က စတင်ပေါ်ခဲ့သည်။ သရက်ခြံ တစ်ဧကတွင် ၃၅ ပင် စိုက်ပျိုးနိုင်သည်။ တစ်ပင်နှင့် တစ်ပင် ပေ ၃၀ ကွာခြားစိုက်ရသည်။ အစေ့စိုက်၊ ကိုင်းကူးစိုက်နှင့် ပျိုးပင်စိုက်ဟူ၍ ရှိသည်။ သရက်ခြံများတွင် ပျိုးပင်စိုက်များကြသည်။ သရက်စိုက်ပျိုးပြီး လေးနှစ်သားအရွယ်တွင် ပန်းပြသည်။ ငါးနှစ်သားတွင် အသီးစသီးသည်။ သရက်ပင်ငါးနှစ်သားမှာ အလုံး ၅၀မှ ၁၀၀ ကြားသာ သီးသည်။ သက်တမ်းရှစ်နှစ်ကြာအပင်များမှာ တစ်ပင်အလုံး ၃၀၀ မှ ၅၀၀ အထိ သီးကြသည်။ ၁၀ နှစ်ကျော် သက်တမ်းရင့် သရက်ပင်များမှာ အလုံး ၇၀၀ မှ ၁၀၀၀ အထိ သီးကြသည်။ သရက်သီးမှာ ဧပြီလမှာ စတင်သီးပြီး မေလကုန်အထိ သီးသည်။ စိန်တစ်လုံးသရက်သီး ပေါ်ခါစတွင် တစ်လုံး ၂၀၀ မှ ၂၅၀ အထိ ဈေးရသည်။ သရက်ခြံတစ်ခြံ ရာသီချိန်တွင် သရက်သီး အလုံးပေါင်း ထောင်သောင်းချီသီးသည်။ ထွက်သမျှ သရက်သီးများမှာ ဈေးကောင်းရ၍ ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ တရုတ်ပြည်နှင့် တောင်ကြီးမြို့များသို့ ဈေးကွက်အဖြစ်တင်ပို့ ရောင်းချကြသည်။

ဤကဲ့သို့ သံရွာတွင် ဈေးကွက်စီးပွားရေး အောင်မြင်နေသည့် ငှက်ပျော၊ သရက်၊ ကွမ်းခြံများအပြင် အခြားသီးနှံများဖြစ်သော နိုင်ငံခြား ဝင်ငွေရသည့် နှမ်းဖြူ၊ နှမ်းနက်၊ နနွင်းတက်နှင့် စပါး၊ ၀ါ၊ ငရုတ်အခြားသီးနှံများလည်း စိုက်ပျိုးကြသည်။ ထို့ကြောင့် သံရွာသည် စိုက်ပျိုးရေးတွင် အထူးအောင်မြင်ပြီး စီးပွားရေးဈေးကွက်တွင် ဝင်ငွေရနေသည့် စံပြရွာကြီး တစ်ရွာဖြစ်ကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၇**

မိတ္ထီလာမြို့နယ် ကံကြီးကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သည့် ထာ၀ရအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဒေါ်မြင့်မြင့်သန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ စာကြည့်တိုက်မြေအလှူရှင် ဒေါ်လှလှသန်း၊ ကျေးရွာကော်မရှင်ဥက္ကဋ္ဌဦးစံမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်ပြန်/ဆက်ဦးစီးအရာရှိက အမှာစကားပြောကြားကာ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းရီက စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ပညာပေးဟောပြောပြီး စာကြည့်တိုက်မြေအလှူရှင် ဒေါ်လှလှသန်းက မြေလှူဒါန်းမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာစာကြည့်တိုက်ကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်သို့ ရေဒီယိုတစ်လုံးနှင့် သုတရသစာအုပ် ၂၅၀ အုပ်ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို အုတ်ဖိုကျေးရွာ ရွာဦးကျောင်းထိုင်ဆရာတော် ဦးဆောင်၍ ကျေးရွာသူကျေးရွာသားများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၃၅ သိန်းဖြင့် အလျား ၂၇ ပေ၊ အနံ ၂၇ပေရှိ နံကပ်၊ သွပ်မိုးအဆောက်အအုံအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စာကြည့်တိုက်ဖွင့်ပွဲနှင့်အတူ ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း ကျင်းပခဲ့ပြီး ကံကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**


# တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သော ဘဏ်လီမိတက်

## အများနှင့်သက်ဆိုင်သောဘဏ်လီမိတက်မိတ်ဆက်ပွဲနှင့် အစုရှယ်ယာရှင်များ ဖိတ်ခေါ်ခြင်း အခမ်းအနား ဖိတ်ကြားလွှာ

တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သောဘဏ်လီမိတက် (Farmers Wealth Public Bank Limited)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄၆၂၉/၂၀၁၄-၂၀၁၅)ဖြင့် ၁၇-၁၂-၂၀၁၄ ရက်တွင် ခွင့်ပြုချက်ရရှိပြီး ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစတင် ဆောင်ရွက်ခွင့်အမှတ် ၃၂/၂၀၁၄-၂၀၁၅ဖြင့် ၂၆-၃-၂၀၁၅ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ ယခုအခါ တောင်သူလယ်သမားများကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သောဘဏ်လီမိတက်ကို ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် အမြန်ဆုံးစတင်ဖွင့်လှစ်နိုင်ရန် ဘဏ်လီမိတက်၏အစုရှယ်ယာအမျိုးအစား(က)အစုရှယ်ယာနှင့်(ခ)အစုရှယ်ယာများ ဝယ်ယူနိုင်ရန်အလို့ငှာ အောက်ပါအစီအစဉ်အတိုင်း အခမ်းအနားကိုကျင်းပပါမည်။

**အခမ်းအနားအစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၀၁၅ခုနှစ်၊ အောက်တိုဘာ ၁၀ရက်
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ
**ကျင်းပမည့်နေရာ** - Asia Plaza Hotel(Grand Ballroom)

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံသား မည်သူမဆို အထက်ပါအခမ်းအနားသို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက** - Ph:09-784559893, 09-784559894, 09-784559895
E-Mail:info.fwpbank@gmail.com

**ဒါရိုက်တာအဖွဲ့**
**တောင်သူလယ်သမားများကြီးပွားတိုးတက်ရေးအများနှင့်သက်ဆိုင်သောဘဏ်လီမိတက်**

## မဇ္ဈိမဂုဏ်ရည်ဆရာတော်နှင့် မြိုင်ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ(၁)လမ်း မိသားစု၏ လမ်းအောင်ပွဲအထိမ်းအမှတ်အဖြစ်ကျင်းပသော ဓမ္မသဘင်မြတ်၌ ၈-၁၀-၂၀၁၅ ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒမှ လည်းကောင်း၊ ၉-၁၀-၂၀၁၅ရက်တွင် မြိုင်ဆရာတော် အရှင်ပညာဇောတမှလည်းကောင်း ညစဉ် ၇း၀၀ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပါသည်။

## တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ယောဆရာတော်ကြီး၏ အဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ ရေစက်ချအနုမောဒနာတရားပွဲ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ (၁၀)မိုင်ကုန်း၊ မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲတွင် ပင်မအလှူရှင်များဖြစ်ကြသည့် ဗိုလ်မှူးခင်မောင်ထွန်း(ငြိမ်း)-ဒေါ်အမာဝါ၊ ဗိုလ်မှူးမျိုးသန့်(ငြိမ်း)မိသားစု၊ ဗိုလ်မှူးမျိုးဝင်း(ငြိမ်း)-ဒေါ်နုနုမိသားစုနှင့် စုပေါင်းအလှူရှင်များမှ လှူဒါန်းသည့် နှစ်ထပ်သံဃာဆောင်၊ တစ်ထပ် သံဃာဆောင်၊ အမျိုးသားယောဂီဆောင် လေးဆောင်နှင့် စက်ရေတွင်းများ၊ အုတ်ရေကန်များ၊ ရေစင်နှင့်ရေစက်များမှာ ဆောက်လုပ်ပြီးဖြစ်ပါသဖြင့် အဆိုပါရိပ်သာတွင် ဝါတွင်းတတိယပတ် တရားစခန်း၏ အဋ္ဌမနေ့ဖြစ်သော ၁၃၇၇ခုနှစ် တော်သလင်းလကွယ်နေ့ (၁၃-၁၀-၂၀၁၅ရက်) နံနက် ၈း၃၀နာရီတွင် စုပေါင်းလှူဒါန်းမည်ဖြစ်ရာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အနုမောဒနာတရားတော်မြတ်ကို ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တာဘိဝံသ၊ယောဆရာတော်ကြီးကိုယ်တိုင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် စုပေါင်းအလှူရှင်များဖြစ်သော ဓမ္မမိတ်ဆွေများအား အနုမောဒနာတရား အတူတကွနာကြားနိုင်ရန် အသိပေးအပ်ပါသည်။

## အမည်မှန်နှင့်ဖခင်အမည်မှန်

ကလေးမြို့ အထက(၆) အဋ္ဌမတန်းမှ မမြတ်မြတ်သွယ်၏အမည်မှန်မှာ မမြင့်မြတ်သွယ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကြိုင်းအောင် ၅/ကလထ(နိုင်)၁၈၀၉၉၈ ဖြစ်ပါကြောင်း။ **မမြင့်မြတ်သွယ်၊ ဦးကြိုင်းအောင်**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မပိုးအိထွေး၏ဖခင် ဦးကြည်သန်း(ခ)ဦးယဉ်ထွေး ၅/ကလထ(နိုင်)၂၂၉၆၁၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကြည်သန်း(ခ)ဦးယဉ်ထွေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေးဓမ္မာရုံ တည်ဆောက်ရန်အတွက် (၈၄ ပေ× ပေ ၅၀) အဆောက်အအုံဒီဇိုင်းပုံစံများ ရွေးချယ်သတ်မှတ်ပြီး ဖြစ်ပါသည်။ ၎င်းအဆောက်အအုံဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါဖောင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅ ရက်
**တင်ဒါဖောင်ပိတ်မည့်ရက်** - ၃၀-၁၀-၂၀၁၅ ရက်
**တင်ဒါဖောင်ဝယ်ယူတင်သွင်းရန်နေရာ** - နေပြည်တော်၊ မြို့မဈေးဓမ္မာရုံ ဖြစ်မြောက်ရေးကော်မတီရုံး

**ဖုန်း-၀၉-၂၂၀၁၅၉၀၊ ၀၉-၇၉၇၆၂၈၆၆၅၊ ၀၉-၆၅၀၁၀၉၈**

## ရုပ်ရှင်၊ ဗီဒီယိုလောကသားများ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ်ကျင်းပသည့် 'မြန်မာ့ရုပ်ရှင်နေ့'နှင့် '(၅၂)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ'အခမ်းအနားကို ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၃ရက် (အင်္ဂါနေ့) နံနက် ၉း၀၀နာရီ အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ စုံစုံညီညီတက်ရောက်နိုင်ကြရန် ဖိတ်ကြားပါသည်။ **ဓာတ်ကားရိုက်ကူးရေးများကို မွန်းတည့် ၁၂း၀၀ နာရီမှ ရိုက်ကူးကြပါရန်** မေတ္တာရပ်ခံပါသည်။

'(၅၂)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ'အတွက် အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်းနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အမည်မှန်မွေးသက္ကရာဇ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သောင်ကြီးကျေးရွာနေ ဦးကျော်သင်း၏ သမီး မရင်လှ၏အမည်မှန်မှာ မယဉ်လှ ဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်မှာ ၄-၂-၁၉၈၈ မှန်ကန်ကြောင်း မှတ်ပုံတင် ၇/ကဝန(နိုင်)၁၅၆၄၆၂ ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့၊ အထက(၅)၊ စတုတ္ထတန်း(က)မှ စိုင်းဆိုင်ဟန်၏ အမည်မှန်မှာ စိုင်းဟန်ဆိုင် ဖြစ်ပါကြောင်း။

**စိုင်းဟန်ဆိုင်**

## အမည်မှန်

တောင်ကြီးမြို့၊ အထက(၅)၊ အဋ္ဌမတန်း(D)မှ နန်းလောင်၏ အမည်မှန်မှာ နန်းထွေးလောင် ဖြစ်ပါကြောင်း။

**နန်းထွေးလောင်**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မညီပြုံး၏ မိဘအမည်မှန်မှာ ဦးဝင်းမြင့်-ဒေါ်မြစိမ်း ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်-ဒေါ်မြစိမ်း**

## မန္တလေး မြဟ္မစိုရ်အသင်း ဘီပိုးစီပိုး အခမဲ့ကုသရေးဆေးခန်း

ပါမောက္ခ ခင်မောင်ဝင်း(အသည်း)မှ ဦးစီးဆောင်ရွက်ပါသည်။

ဆေးခန်းဖွင့်ပွဲအခမ်းအနားကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် မည်သူမဆို တက်ရောက်နိုင်ပါသည်။

**ရက်စွဲ** - ၁၁-၁၀-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီမှ ၁၀ နာရီ
**နေရာ** - Oriental House ခန်းမ၊ မန္တလေးမြို့

- အသည်းခြောက်အဆင့်လူနာများကို ဦးစားပေး အခမဲ့ကုသပေးပါမည်။
- တစ်လလျှင် လူနာ ၃၀ ခန့် ကုသပေးပါမည်။

## မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်နေမျိုးကိုကို၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းရီ(ခ)ဒေါ်ခင်ညို ဖြစ်ပါသည်။ **ဒေါ်ဝင်းရီ(ခ)ဒေါ်ခင်ညို**

**၁၂/အစန(နိုင်)၀၉၆၀၉၈**

## အမည်မှန်

ဦးဖုန်းမြင့် ၁၃/သပန(နိုင်)၀၀၂၅၄၀ ၏ သမီးအမည်မှန်မှာ သီပေါမြို့၊ အလက(၂) တွဲဖက်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မချိုရည်ဖုန်းမြင့် ၁၃/သပန(နိုင်)၁၂၃၆၈၈ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အထက (နှောကန်) တက္ကသိုလ်ဝင်တန်း(C)မှ မထက်ထက်လှိုင်၊ အလက(သက္ကယ်ကျင်း) သတ္တမတန်းမှ မဝင်းပပလှိုင်နှင့် ပထမတန်းမှ မအေးနော်ဖူးတို့၏ ဖခင်အမည်မှန်မှာ ဦးမြို့လှိုင် ၉/မလန(နိုင်)၀၇၈၃၈၄ ဖြစ်ပါသည်။

**ဦးမြို့လှိုင်**



STI MYANMAR UNIVERSITY

University of Bedfordshire

## STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။

### Faculty of Health Science NEW!

1. Master of Business Administration (Hospital & Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK

### Faculty of Education & Linguistics

Master of Education in Leadership and Management

#### ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

#### ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်

- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

### Faculty of Business

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

### Faculty of Engineering

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန် Ph: 507151/52, 377988, 09 250064451

https://www.facebook.com/STIMyanmarUni www.stiedu.net

### ဖခင်အမည်မှန်

တောင်နီ အထက၊ တက္ကသိုလ်ဝင်တန်း(ECO.B)မှ မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်မော် ၅/တဆန(နိုင်)၀၆၂၅၂၉ ဖြစ်ပါကြောင်း။

ဦးမြင့်မော်

### ဖခင်အမည်မှန်

တောင်ကြီး အဝေးသင်တက္ကသိုလ်၊ တတိယနှစ်၊ ပထဝီမှ နန်းမေသီရိ၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်မြ ၁၃/ဆဆန(နိုင်)၀၀၃၇၈၀ ဖြစ်ပါကြောင်း။

ဦးခွန်အောင်မြ

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်နာရန်းနှင့် မမေနူးတို့၏ဖခင်အမည်မှန်မှာ ဦးပရ်ကားစ် ၁၃/လလန(နိုင်)၀၅၁၆၀၇ ဖြစ်ပါကြောင်း။

ဦးပရ်ကားစ်

### ဖခင်အမည်မှန်

ဆီဆိုင် အထက၊ နဝမတန်း(က)မှ နန်းခင်စိန်၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်မြ ၁၃/ဆဆန(နိုင်)၀၀၃၇၈၀ ဖြစ်ပါကြောင်း။

ဦးခွန်အောင်မြ

### ဖခင် အမည်မှန်

ဟိုပင်မြို့၊ အထက(မြသီတာ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဆုမွန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးယောဟန် ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

ဟိုပင်မြို့၊ အထက(မြသီတာ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းမှုံဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၂-၂၀၀၀ ဖြစ်ပါသည်။

### အမည်ပြောင်း

အထက(ခွဲ)၊ တနိုင်း၊ နဝမတန်း(B)မှ (ဘ) ဦးအောင်ရွှေသန်း၏သမီး မခက်ခက်အောင်အား မသဇင်ဖြူဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

အထက(နမ္မတီး)၊ တက္ကသိုလ်ဝင်တန်း(D)မှ မပြုံးခင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၁/မကတ(နိုင်)၀၄၂၈၀၀ ဖြစ်ပါသည်။

### မိဘအမည်မှန်

အထက(နမ္မတီး)၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဆလိုင်းနိုင်နိုင်၏ မိဘအမည်မှန်မှာ ဦးမနားနိုင်း ၁/ကမန(နိုင်)၀၅၁၈၀၃နှင့် ဒေါ်ယောလိန်းလှူးပိုင် ၄/မကန(နိုင်)၀၀၁၇၇၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ (အထက) တက္ကသိုလ်ဝင်တန်း(K)မှ မောင်ကျော်သူရ ကျောင်းဝင်အမှတ် (၇၀၉၂)၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ထွေး ဖြစ်ပါသည်။

ဦးဗိုလ်ထွေး

### အမည်ဖြည့်စွက်

စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်နေ ဦးဂေါက်ရအောင်၏သား မောင်ကျော်နိုင်ဌေး ၁၁/စတန(နိုင်)၁၀၃၂၅၈ အား မောင်ကျော်နိုင်ဌေး(ခ)မောင်အေးနိုင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ကျော်နိုင်ဌေး(ခ)အေးနိုင်

### အမည်ပြောင်း

ကျွန်တော် ဦးဇော်လင်းအောင် ၉/လဝန(နိုင်)၁၃၅၉၁၃ ၏သမီး အလက စက်ရုံကျောင်း(အေလာမြို့)မှ မအေးချမ်းမြင့်မိုလ်အား မဂျူးသဥ္ဇာဝေဟု ပြောင်းလဲခေါ်ပါရန်။

မဂျူးသဥ္ဇာဝေ

### အမည်ဖြည့်စွက်

စစ်တွေမြို့ မင်းဂံ အထက(၉) အဋ္ဌမတန်းမှ (ဘ) ဦးမောင်အောင်ခင်၏သမီး မခိုင်သဇင်ကျော်အား မခိုင်သဇင်ကျော်(ခ)မထက်ဆုသီရိဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မခိုင်သဇင်ကျော်(ခ)မထက်ဆုသီရိ

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**အနောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၅၂**

| | | |
|---|---|---|
| ၁။ ဦးအောင်ဆန်းဦး<br>၂။ ဦးဆန်းထွန်း<br>၃။ ဦးကျော်နိုင်စိုး | နှင့် | ၁။ ဒေါ်ကျင်ခ<br>၂။ ဒေါ်ရင်ကြည် } အတူနေ<br>၃။ ဦးထွန်းဝေ } ဇနီးမောင်နှံ<br>၄။ ဒေါ်သန်းသန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၅၆)နေ တရားပြိုင်များဖြစ်သော (၁) ဒေါ်ကျင်ခ၊ (၂) ဒေါ်ရင်ကြည်၊ (၃) ဦးထွန်းဝေ၊ (၄) ဒေါ်သန်းသန်း (ယခုနေရပ်လိပ်စာမသိသူများတို့) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**အနောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၅၃**

| | | |
|---|---|---|
| ၁။ ဦးဝင်းနိုင်<br>၂။ ဦးတေဇအောင်<br>၃။ ဒေါ်မြင့်မြင့်သန်း၊ ၄။ ဒေါ်ခင်သန်းနွယ်<br>(၁) တရားလိုကိုယ်တိုင်နှင့် (၂၊ ၃၊ ၄)၏ အခွင့်ရကိုယ်စားလှယ်) | နှင့် | ၁။ မြေပိုင်ဝယ်ယူရေးအဖွဲ့<br>၂။ ဒေါ်ဝင်းရီ |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၁)နေ တရားပြိုင်များဖြစ်သော (၁) မြေပိုင်ဝယ်ယူရေးအဖွဲ့၊ (၂) ဒေါ်ဝင်းရီ (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၆၂**

| | | |
|---|---|---|
| ဦးသန်းရီ<br>(ဇာမဏီဆည်၊ ကွမ်းခြံကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့) | နှင့် | ၁။ ဒေါ်အေးသိန်း(ခ)ဒေါ်နွဲ့ရီ<br>အမှတ် ၅၆၊ ဗိုလ်ချိုလမ်း၊ ၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့<br>၂။ ဒေါ်စန်းရီ |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ်(၅၆)၊ ဗိုလ်ချိုလမ်း၊ ၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ အမှတ်(၁) တရားပြိုင် ဒေါ်အေးသိန်း(ခ)ဒေါ်နွဲ့ရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၆ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယုအောင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊
ရေတွင်း၊ ရေကန် ဒါယိကာမကြီး

### ဒေါ်ခင်မေ

အသက်(၈၈)နှစ်

ဦးတင်လတ်-ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd. ငွေကျားတိုက် လျှပ်စစ်)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်မေသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကိုကိုထွေး
ဥက္ကဋ္ဌ
တော်ဝင်မိသားစုကုမ္ပဏီ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မေ

အသက်(၈၈)နှစ်

ဦးတင်လတ်-ဒေါ်မာလာမြင့်(Silver Tiger Group of Co.,Ltd. ငွေကျားတိုက် လျှပ်စစ်)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်မေသည် ၅-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်
**Fortune International Limited**

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးခင်မောင်ထွေး(ပျဉ်းမနား) အသက်(၈၅)နှစ်

၂၇-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော ဖခင်ကြီးဦးခင်မောင်ထွေး နာမကျန်းဖြစ်စဉ် အထူးဂရုစိုက်ပြုစုကုသပေးခဲ့သော S.S.C ဆေးရုံမှ ဆရာဝန်ကြီးများ၊ ဆရာမများနှင့် ဆေးရုံဝန်ထမ်းများ၊ ကွယ်လွန်ပြီးနောက် ကိုယ်တိုင်လာရောက်သတင်းမေးကာ ဈာပနကိစ္စအဝဝနှင့် ရက်လည်ဆွမ်းကျွေးပြီးသည်အထိ အားပေးစောင့်ရှောက်ကူညီခဲ့သော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဝန်ထမ်းများ၊ နိုင်ငံရေးနယ်ပယ်၊ အားကစားနယ်ပယ်၊ စာပေနှင့် အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ တယ်လီဖုန်း၊ အီးမေးလ်များဖြင့်ဆက်သွယ်မေးမြန်းအားပေးခဲ့ကြသည့်ရပ်ဝေးရပ်နီးမှမိတ်ဆွေများ၊ နာရေးသတင်းဖော်ပြပေးခဲ့ကြသည့် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ၊ ဈာပနမှတ်တမ်း ထုတ်လွှင့်ခဲ့ကြသည့် ရုပ်သံသတင်းဌာနများ၊ လူကိုယ်တိုင်လာရောက်မပို့ဆောင်နိုင်သော်လည်း လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ ပို့ဆောင်ခဲ့ကြသည့် မိတ်ဆွေများ၊ ရပ်ကွက်အတွင်းမှ လိုလေသေးမရှိ ကူညီခဲ့ကြသည့် မိတ်ဆွေများနှင့် အခြားကျေးဇူးတင်ထိုက်၊ တင်အပ်သူပုဂ္ဂိုလ်အားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ညွန့်ညွန့်ကျော်(ခ)ညွန့်ညွန့် (ထားဝယ်)

အသက်(၇၁)နှစ်

မီးပုံးပျံ ဦးကျော်ရင်ဆေးတိုက်နေ (ဦးကျော်မင်း-ဒေါ်ခင်စော) ဒေါ်သန်းကြည်တို့၏သမီး၊ (ဦးစံဝင်း-ဒေါ်မေမေသိန်း)တို့၏သမီးချွေးမ၊ ဒေါ်သန်းမြင့်၏တူမ၊ (ဦးဘကျော်-ဒေါ်ကြည်ကြည်)၊ (ဦးမြတ်စိုး)-ဒေါက်တာဒေါ်သိန်းသိန်း (UK) တို့၏ညီမ၊ ဒေါ်အေးအေးချစ်(စာရင်းစစ်မှူး)၊ ဒေါ်အေးအေးစိန်၊ ဦးငွေလွင်ကျော်၊ ဒေါ်မာမာစိန်တို့၏အစ်မ၊ ထားဝယ်မြို့၊ ကညံ့ရပ်၊ သီတာလမ်း၊ အမှတ် ၂၀၄နေ (ဦးခင်မောင်ဝင်း)၏ဇနီး၊ ကိုမင်းလွင်အောင်-မအိခိုင်ကျော်၊ မဇင်ဇင်လင်း၊ ကိုမင်းသူတို့၏မိခင်သည် ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၅ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (ကုန်တင်ကုန်ချ)

အသက်(၅၀)

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်နေ (ဦးအောင်မြင့်)-ဒေါ်တင်မြတို့၏သား၊ ဦးမြင့်ဦး-ဒေါ်အေးအေးသန်း(Active Asia Co.,Ltd.)၊ ဦးရွှေတိုး(မြေစာရင်း)-ဒေါ်ခင်ပြုံးရီ(အဘူး)၊ ဦးမျိုးမြင့်အောင်(Air KBZ)-ဒေါ်အေးအေးဝင်းတို့၏ညီ၊ ဒေါ်လှလှထွေး(သစ်တော)၊ ဦးခင်မောင်ထွေး၊ ဦးအောင်ကျော်ဦးတို့၏အစ်ကို၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အာခါဈေးနောက်၊ ပြည့်ဖြိုးအောင်သောက်ရေသန့်လမ်းကြား၊ အခန်း ၄နေ ဒေါ်ပြုံးပြုံးအေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်စိုးထွန်း(ဧရာဝတီဘဏ်)၊ မောင်တင်အောင်ဝင်း(ခ)စိုင်းရီခမ်း၊ မောင်စိုးပိုင်-မအားမီ၊ ကိုအောင်-မအေးအေးမော်၊ မမြကြာဖြူတို့၏ချစ်လှစွာသောဖခင်သည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မဟာမြတ်မုနိဘုရားကြီးကျောင်းမှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် အာခါဈေးနောက်၊ ဝိန်းကျောက်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ခင်ကြီး

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အထက(၆)အလုံ
အသက်(၉၅)နှစ်

အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ကျောင်းအုပ်ဆရာမကြီး ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၆-၁၉၉၆ခုနှစ်**
**ပညာသင်နှစ်ကျောင်းသား/ကျောင်းသူဟောင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မလှစိန် (စစ်တွေ)

အသက်(၈၃)နှစ်

(ဦးမောင်သာဒိုး-ဒေါ်မသာဦး)တို့၏သမီး၊(ဦးဦးစောလှ-ဒေါ်ဦးစိန်)တို့၏သမီးချွေးမ၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ အမှတ် ၂၄နေ ဦးထွန်းအောင်ဖြူ(ပွဲစားကြီး)၏ချစ်လှစွာသောဇနီး၊ ဦးဦးလှထွန်း-ဒေါ်သန်းရီ၊ ဒေါ်မမြင့်ခင်-ဦးရွှေမောင်(လူပုံ လက်ဖက်ခြောက်)၊ ဦးအောင်ကျော်ထွန်း-ဒေါ်လှမြသိန်း(အင်ကြင်းမြိုင် လက်ဖက်)၊ ဦးမြတ်ထွန်း(အကိုချေ) (ကုဋ္ဌေတိုးပွဲရုံ၊ ပြည်မြို့)-ဒေါ်ခင်ခင်နု၊ ဦးသိန်းထွန်း(ထွန်းမောင်)-ဒေါ်ခင်ခင်ဖြူ၊ ဒေါ်ခင်နှင်းဖြူ(နီနီ)-ဦးအေးထွန်းသာ(ရွှေမြေအထွေထွေရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၉ယောက်တို့၏အဘောင်ရှင်၊ မြစ် ၁၁ယောက်တို့၏အဖီးရှင်သည် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁၀-၂၀၁၅ရက်(သောကြာနေ့)တွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မလှစိန်(စစ်တွေ) အသက်(၈၃)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ အမှတ် ၂၄နေ ဦးထွန်းအောင်ဖြူ(ပွဲစားကြီး)၏ချစ်လှစွာသောဇနီး၊ ဦးဆန်းဝင်း-ဒေါ်ရီရီသိန်း၊ ဦးစိုးဝင်း-ဒေါ်ဝင်းသန္တာခိုင်၊ ဦးမျိုးဝင်း-ဒေါ်ပြည်စုံ၊ ဦးမောင်မောင်-ဒေါ်နှင်းနှင်းနိုင်၊ ကိုဇော်နိုင်ဦး၊ ဒေါ်မြသန္တာဝင်း-ဦးဇော်ထွန်းအောင်၊ ဒေါ်မြသူဇာ-ဦးသာထွန်းချေ၊ ဒေါက်တာအေးခိုင်ဖုံ-ဦးသာကျော်၊ ဦးစိုးဝေမောင်-ဒေါ်ဝင်းလဲ့မွန်၊ ကိုအောင်မြင့်မြတ်(တူးတူး)၊ ဒေါ်အေးမြင့်သူ-ဒေါက်တာသိန်းလှိုင်၊ ဒေါ်သီရိထွန်းမောင်-ဦးရန်အောင်၊ ကိုနေထွန်းအောင်(KBZ)၊ မသီရိမြတ်ဇင်(ပုံ့ပုံ့)၊ မခိုင်မြတ်မြတ်သူ(မီးချေ)၊ မမေသရဖီ(ရှမဝ)၊မမြတ်အိန္ဒြေခင်(ပိုပို)၊ မခိုင်မွန်မွန်ကျော်(အပြုံး)၊ မနှင်းဝတ်ရည်ထွန်း(တိုးတိုး)တို့၏အဘောင်ရှင်၊မြစ် ၁၁ယောက်တို့၏အဖီးရှင်သည် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၅ရက်(သောကြာနေ့)တွင် အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးမြစ်တစ်စု

## ဒေါ်နုနု (ပခုက္ကူ) အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၂၂၊ အခန်း ၂နေ ဦးပေါ်အေး-ဒေါ်အေးတို့၏သမီး၊ (ဦးစိန်လှ၊ အကောက်ခွန်)၏ဇနီး၊ ဦးငြိမ်းဦး(PSS ကုမ္ပဏီ)၊ ဦးနေမျိုး(Sunrise Co.,Op)၊ ဒုတိယဗိုလ်မှူးကြီးသက်နိုင်(တဆရ ၂/၄၀၀)-ဒုတိယဗိုလ်မှူးကြီးဝင်းမာအေး(သမက ၁/၃၀၀)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်မြိုင် အသက်(၇၆)နှစ်

စား/ဖျော်(ငြိမ်း)

မလှိုင်မြို့၊ (၈)ရပ်ကွက်နေ (ဦးလှမောင်)၏ဇနီး၊ ဒေါ်မိုးကြည်၏အစ်မ၊ ဦးတင်ထွန်းအောင် (မန်နေဂျာ၊ သစ်ထုတ်ရေး)-ဒေါ်မြင့်မြင့်ဦး၊ ဦးသာလှိုင် (မှူးအုပ်၊ ဖျောက်ဆိပ်ကျင်း)-ဒေါ်မြင့်မြင့်မိုး(မှူးအုပ်၊ သန်းကုန်း)၊ ဒေါက်တာဥမ္မာသင်း၊ ဦးလှမျိုးသန့်(ထ-ခွဲ၊ လက်ပံပင်)-ဒေါ်ကြူကြူမာ(မှူးအုပ်၊ စံပယ်ပင်)၊ ဦးဇင်မင်းထိုက်(WHO) - ဒေါ်နွေးနွေးလှိုင်တို့၏ ချစ်လှစွာသောမိခင်သည် ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၁၃နာရီတွင် ရမည်းသင်းပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ဝင်းစိန်

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ တိုက် ၂၆၅၊ အခန်း ၄နေ ဒေါ်ကြည်ညွန့်-(ဦးဇေယျ)တို့၏သမီး၊ ဒေါ်ဘုတ်ဘုတ်(ခ)ဒေါ်လွင်လွင်မေ၏အစ်မ ဒေါ်ခင်ဝင်းစိန်သည် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များ**
**ပရဟိတအသင်း**

## ဒေါ်ခင်ခင်ကြီး

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အထက(၆)အလုံ
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အနော်ရထာအိမ်ရာ၊ တိုက် (အေ)၊ အမှတ် ၃/၁ (ပထမထပ်)နေ (ဦးစိန်ဝင်းလှိုင်)၏ဇနီး၊ ဒေါက်တာကျော်ညွန့်လွင်-ဒေါက်တာနုနုထွတ်၊ ဒေါက်တာဘမော် - ဒေါက်တာထက်ထက်ဝင်းတို့၏ချစ်လှစွာသောမိခင်၊ မစပါယ်လွင်၊ မောင်ဖြိုးထွတ်လွင်တို့၏အဘွားသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးဆောင်

(ပျဉ်းမနား အေးဆောင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဧရာ ၅လမ်း၊ အမှတ် ၈၉၈နေ ဒေါ်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုကြီး-ဒေါ်အိအိထွေး၊ (ဦးကိုကိုလေး-ဒေါ်မာလာအေး)၊ ဦးနီစိန်-ဒေါ်စန္ဒာအေး၊ ဦးကိုကိုနိုင်-ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်အေး-ဒေါ်ဥမ္မာဆွေ၊ ဦးသက်ခိုင်-ဒေါ်ဥမ္မာအေး၊ ဦးဇော်အေး - ဒေါ်အေးအေးထွေး၊ ဗိုလ်မှူးစိန်အေး(ငြိမ်း) - နန်းမြဖူးခိုင်၊ (ဦးအောင်ဆန်းအေး)၊ (ဦးထွေးမင်းအေး)တို့၏ချစ်လှစွာသောဖခင်၊ မြေး ၃၂ယောက်၊မြစ် ၂၁ယောက်တို့၏အဘိုးသည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းဆိုင်

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၄၀၊ မြေညီထပ် (အောင်မေတ္တာစားသောက်ဆိုင်)နေ(ဦးစု-ဒေါ်စိန်ခန့်)တို့၏သား၊ (ဦးကြည်-ဒေါ်ကျင်)၊ (ဦးစိန်ဝင်း-ဒေါ်သန်းတင်)၊ (ဦးထွန်းလှိုင်)၊(ဦးညောင်စိန်)-ဒေါ်ရီ၊ (ဦးထွန်းခိုင်)တို့၏ညီ/မောင်၊ တူ ၁၇ယောက်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၄၀ နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း

### ဒေါက်တာဒေါ်ခင်စန်း

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မြတ်သန္တာမဟာစည်ယောဂီ
အသက်(၇၁)နှစ်

၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာဒေါ်ခင်စန်း မကျန်းမာစဉ် ဂရုတစိုက်ကြပ်မတ်ကုသပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဆေးရုံကြီးမှ ဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဦးဝင်းမြိုင်၊ ဒေါက်တာဦးကြည်လှိုင်၊ ဒေါက်တာဦးအောင်ကြည်နှင့် ဆရာဝန် ဆရာမများ၊ ပန်းလှိုင်ဆေးရုံကြီးမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်သက်သက်ခိုင်၊ဒေါက်တာ ဦးတင်အောင်လင်းနှင့် ဆရာဝန် ဆရာမများ၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်လျက် လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသော Naing Group Holding Co.,Ltd ၏ B.O.D အဖွဲ့၊ Youth Force Hotel Co.,Ltd ၏ B.O.D အဖွဲ့၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်(ငြိမ်း)များ၊ မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ အငြိမ်းစား မြန်မာစာပါမောက္ခဌာနမှူးများ၊ ဆရာ/ဆရာမများ၊ မြတ်သန္တာ မဟာစည်ယောဂီများ၊ တယ်လီဖုန်း၊ E.mail တို့ဖြင့် ဝမ်းနည်းကြောင်း နှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ဝင်းကြည်

(အထက-၃၊ ဗဟန်း)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၂၁နေ (ဦးထွန်းရီ-ဒေါ်သန်းရင်)တို့၏ သမီး၊ ဒေါ်ဝင်းဝင်းရီ (အလက-၄၊ တောင်ဥက္ကလာပ)၊ ဦးတင်ဇော်မိုး၊ ဒေါ်သန်းသန်းထွေးတို့၏အစ်မ၊ မမေသူခန့်၊ မောင်ဘုန်းသန့်တို့၏ ကြီးမေသည် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ည ၁၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးခိုင်

အကြီးတန်းစာရေး(ငြိမ်း)
ထွေအုပ်ဌာန
(မင်းပြား/စစ်တွေ)
အသက်(၆၃)နှစ်

စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်၊ အမှတ် ၃တ/၅၄နေ ဦးဦးလှသိန်း(မြေစာရင်း၊ငြိမ်း)၏ဇနီး၊ ဦးကျော်လင်းမြတ် (အထက်တန်းရှေ့နေ)၊ ဦးသန်းထွန်းအောင်(အခွန်ဦးစီး၊ အရာရှိ)၊ ဒေါ်မြတ်သက်ဝေတို့၏မိခင်၊ မယွန်းနဒီအောင်၏အဘွားသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၇း၀၅နာရီတွင်အမှတ် ၉၊ (ငါးလွှာ)၊ ကျားကွက်သစ်လမ်း နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၀-၁၀-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## တန်အင်စွီး(ခ)ဦးအင်စွီး (မြိတ်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအပိုင်း(၄)၊ အမှတ် (၄၁/ဘီ)နေ ဦးအောင်ကြပ်-ဒေါ်အော်ဖွာတို့၏သား၊ ဒေါ်ကြည်ကြည်ဝါ၏ခင်ပွန်း၊ ဒေါ်ချိုချိုသန်း၊ ဦးထွန်းထွန်းဦး-ဒေါ်သီတာဝင်း၊ ဦးတင်ထွန်း-ဒေါ်အေးအေးမို၊ ဦးကျော်ကျော်ဦး-ဒေါ်တင်တင်မူတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၇-၁၀-၂၀၁၅ရက် နံနက် ၉း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးလှကျင်

အသက်(၈၄)နှစ်

ကျိုက်လတ်မြို့နယ်၊ ထိန်ကျွန်းကျေးရွာနေ (ဦးပွကြီး-ဒေါ်သယ်)တို့၏သား၊(ဦးချစ်သန်း-ဒေါ်ရီ)တို့၏သားသမက်၊ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ တကကအောင်မိုးသိန်း(ရန်ကုန်တိုင်းစစ်ဌာနချုပ်)-ဒေါ်သန်းသန်းလှ(အထက-၃၊ မရမ်းကုန်း)၊ ဒေါ်တင်တင်လှ(ဒေဝူးကုမ္ပဏီလီမိတက်)၊ဗိုလ်ကြီးမြင့်ဇော်(ငြိမ်း)(ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်မြမြသက်တို့၏ဖခင်၊ မအိသဉ္ဇာအောင်၊ မောင်သက်မျှးဟန်၊ မောင်လင်းကိုကိုဟန်၊ မနှင်းဦးဝေတို့၏အဘိုးသည် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ချော်တွင်းကုန်းအိမ်ရာ၊ လိုင်း ၃၊ အခန်း ၂၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နု(ခ)ဒေါ်တင်အေး (ဓနုဖြူ)

အသက်(၈၁)နှစ်

သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်သက် - ဒေါ်တင်တင်မြတ်တို့၏မိခင် ဒေါ်နု(ခ)ဒေါ်တင်အေးသည် ၅-၁၀-၂၀၁၅ရက်တွင် ဓနုဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MATA-အဖွဲ့ဝင်များ**
**အရပ်ဘက်အဖွဲ့အစည်း-EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့**

## ဦးအေးကို အသက်(၈၀)

(အင်းစိန်ဟိုက်စကူးကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၉၄ (မြေညီထပ်)နေ (ဦးမောင်ခင်-ဒေါ်အုန်းကြည်)တို့၏သား၊ (ဦးဘကျော်-ဒေါ်တင်ရွှေ၊ သူရဲသမိန်)တို့၏သားသမက်၊ ဒေါ်မေသန်း၊ (ဦးမြင့်သိန်း-ဒေါ်အေးသိန်း)တို့၏မောင်၊ (ဦးမြင့်ဇော်-ဒေါ်ကြည်)၊ (ဦးသိန်းညွန့်-ဒေါ်ငွေငွေ)တို့၏အစ်ကို၊ ဦးသန့်စင်ကို (ရွှေမဲကုမ္ပဏီလီမိတက်၊ တေဇ-၁၀)-ဒေါ်မိုးဆွေအောင် (အထက-၂၊ ရန်ကင်း)၊ ဦးသန်းဝင်း-ဒေါ်ဥမ္မာ၊ ဒေါ်ချိုချိုမြင့်တို့၏ဖခင်၊ကိုနေမျိုးထက်-မသက်စုခင်၊ ဒေါက်တာစုစုအောင်၊ မဖြူစင်မိုးကြယ်၊ မလဲ့ရည်မိုးပွင့်တို့၏အဘိုး၊ မောင်မြတ်သူထက်၊ မဆုမြတ်ထက်တို့၏ဘိုးဘိုးသည် ၆-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြည်ကြည်ဝင်း

(မိုးညိုမြို့)
အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ထောက်ကြံ့ကျေးရွာနေ (ဦးခင်မောင်-ဒေါ်သိန်းဆင့်)တို့၏သမီး၊ ဦးအေးသောင်း၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဇော်ဦး - ဒေါ်ချိုချိုဝင်း၊ ဦးဝင်းနိုင်-ဒေါ်မူမူအောင်၊ မကွေးမြို့၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်နေ ဒုတိယဗိုလ်မှူးကြီးစိန်လင်း-ဒေါ်နှင်းဝတ်ရည်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၃း၄၀နာရီတွင်မကွေးမြို့ ပသာဒဆေးရုံ၌ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မကွေးမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မိုး(ခ)

### ဦးအောင်မင်း

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၄(က)နေ (ဦးသောင်းကျော်) - ဒေါ်ခင်နွဲ့အေးတို့၏သား၊ (ဗိုလ်ကြီးဝမ်းတင် - ဒေါ်သိန်းကြည်)တို့၏သားသမက်၊ ဦးသီဟကျော်-ဒေါ်စမ်းစမ်းမြင့်၊ ဦးမြတ်သန့်-ဒေါ်စန်းစန်းတင့်တို့၏ညီ/မောင်၊ ဦးဇော်မိုးလွင်-ဒေါ်ခင်ဆွေလွင်တို့၏အစ်ကို၊ မအိမ့်မြတ်မိုး [အထက(၁)၊ သဃ်န်းကျွန်း၊ Grade-11]၊ မခြူးမြတ်နိုး (Grade-9)တို့၏ဖခင်၊ မခင်ဆုမွန်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)ည ၁၁း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# အဖျောက်တာကို လာမည့်ပွင့်လင်းရာသီတွင် အသစ်ပြန်လည်တည်ဆောက်မည်



ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ရှိသော အရှည် ၇ ဒသမ ၂၅ မိုင်ရှိသည့် အဖျောက်တာကိုတွေ့ရစဉ်။

**ရန်ကုန်　　အောက်တိုဘာ　　၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ရှိသော အရှည် ၇ ဒသမ ၂၅ မိုင်ရှိသည့် အဖျောက်တာကို လာမည့်ပွင့်လင်းရာသီရောက်ရှိလျှင် တာအသစ် ပြန်လည်တည်ဆောက်တော့မည်ဖြစ်သည်။

ထို့အတွက်ကြောင့် အဖျောက်တာအသစ် တည်ဆောက်ရေး စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ယူအကုန်ကျခံတည်ဆောက်ပေးမည့် Expert Team နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က အောက်တိုဘာ ၇ ရက်နံနက် ၁၁ နာရီက အဖျောက်တာအသစ်တည်ဆောက်မှုအတွက် လာရောက်ကြည့်ရှု ကွင်းဆင်းလေ့လာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကျော်မျိုးတို့က အဖျောက်တာအတွက် ပြန်လည်ပြုပြင် ထိန်းသိမ်းရန်လိုအပ်သောအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ■

## အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်　　အောက်တိုဘာ　　၇**

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများကို စတင်ယှဉ်ပြိုင်ကစားလျက်ရှိရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် လက်ဘနွန် လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စူပါချာလာစိုင်း အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို MRTV News Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဇုန်အသီးသီးတွင် ခြေစစ်ပွဲများကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဇုန်၏ အုပ်စု G တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ယခုလက်ရှိတွင် မြန်မာအသင်းအနေဖြင့် သုံးပွဲယှဉ်ပြိုင်ထားပြီး တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁ မှတ်သာ ရရှိထား၍ အဆင့် ၄ နေရာသာ ရရှိထားသည်။

မြန်မာအသင်းသည် အောက်တိုဘာ ၁၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စူပါချာလာစိုင်း အားကစားကွင်း၌ လာအိုအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာလက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည့် ၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲပွဲစဉ်များကို MRTV News Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှုကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်မိုးကြီးနိုင်

**နေပြည်တော်　　အောက်တိုဘာ　　၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊

*စာမျက်နှာ ၁၀ ကော်လံ ၆* ✻

**အမျိုးသမီးငယ်တွေ၊ လူငယ်တွေအနေနဲ့ လူသူကင်းမဲ့တဲ့နေရာတွေကို အချိန်မတော် သွားလာတာတွေ ရှောင်ရှားဖို့လိုပါတယ်**

*စာမျက်နှာ-၁၃*

**မိုးညှင်းမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ဒေသခံများ ဒဏ်ရာရရှိ**

*စာမျက်နှာ-၁၄*




မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

# စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၇

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း(ခေါ်)ပါစီပြည်ဟိန်းက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ကျွန်တော်ကတော့ စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီမှ ပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း ခေါ် ပါစီပြည်ဟိန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ မြန်မာလို စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီဖြစ်ပြီး အင်္ဂလိပ်ဘာသာအားဖြင့် Negotiation , Stability And Peace Party ဟု ခေါ်ပါသည်။ အတိုကောက်အားဖြင့် NSPP ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူသားအခွင့်အရေးများရရှိခံစားစေရန် လူသားထုအတွင်း မပြေလည်မှုများကိုဖြေရှင်းရန် ရည်ရွယ်၍ ကျွန်တော်တို့ပါတီကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** ကျွန်တော်တို့ပါတီရဲ့ အလံနဲ့တံဆိပ်တို့ဟာ အတူတူပဲဖြစ်ပါတယ်။ အလံသည် အနီရောင်နှင့်အစိမ်းရောင်ကို နောက်ခံထားပြီး အလယ်တွင်အပြာရောင်အဝိုင်းကြီးပါရှိပါတယ်။ အပြာရောင်အဝိုင်းကြီးထဲ၌ အရွယ်တူကြယ်ဖြူ ၁၄ လုံးက လွတ်လပ်ရေးကျောက်တိုင်ကြီးအား ဝန်းရံထားတယ်။ အပြာရောင်အဝိုင်းကြီးထဲတွင် လူသားအချင်းချင်း လက်ဆွဲနှုတ်ဆက်နေသော ပုံသဏ္ဌာန်ပါရှိပါတယ်။

၁။ နောက်ခံအနီရောင်သည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရဲရဲဝံ့ဝံ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

၂။ နောက်ခံအစိမ်းရောင်သည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးကို ရည်ညွှန်းပါတယ်။

၃။ အပြာရောင်အဝိုင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရှိစေရန် ရည်ညွှန်းပါတယ်။

၄။ အရွယ်တူ ကြယ်ဖြူ ၁၄ လုံးသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု အခွင့်အရေးသာတူညီမျှမှုကို ရည်ညွှန်းပါတယ်။

၅။ လွတ်လပ်ရေးကျောက်တိုင်သည် တိုင်းပြည်၏အထိမ်းအမှတ်လက္ခဏာဖြစ်ပြီး အရွယ်တူကြယ်ဖြူ ၁၄ လုံးက ဝန်းရံထားခြင်းသည် ဥမကွဲသိုက်မပျက် လွတ်လပ်စွာနေထိုင်ရန် ဖြစ်ပါတယ်။

၆။ လက်ဆွဲနှုတ်ဆက်နေသည့်ပုံသဏ္ဌာန်မှာ နိုင်ငံတော်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ မတူညီသောအမြင်များ အမျိုးသားရေးပြဿနာများကို ဖြေရှင်းပေးရန်ပါတီ၏ အမည်နာမအတိုင်း စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးတာဝန်ကို ရည်ညွှန်းပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** နိုင်ငံရေးဆိုသည်မှာ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်ပြီး ကျယ်ဝန်းနက်နဲတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ခက်ခဲနက်နဲပြီးရှုပ်ထွေးတဲ့သဘောလည်း ဆောင်ပါတယ်။ ထိုသို့သဘောရှိသော်လည်း မည်သူကမှ နိုင်ငံရေးကို မျက်ကွယ်ပြုလို့မရပါဘူး။ နိုင်ငံရေးရဲ့တကယ့်အနှစ်သာရကို မိမိတို့ပါတီမှပြည်သူလူထုတစ်ရပ်လုံး နားလည်သဘောပေါက်စေရန်ချပြရမှာပဲ ဖြစ်ပါတယ်။ မိမိတို့ပါတီ၏ ကြိုးပမ်းမှုဖြင့် နိုင်ငံရေး၏စစ်မှန်သော အနက်အဓိပ္ပာယ်ကို ပြည်သူများနားလည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိမှု တာဝန်ယူမှုတို့ဖြင့် ဆောင်ကြဉ်းနိုင်မှာ ဖြစ်ပါတယ်။ လူသားတို့ဟာ မိမိတို့၏စားဝတ်နေရေး လူမှုရေးကိစ္စရပ်များကိုဖြေရှင်းရန်၊ စီမံရန်၊ အုပ်ချုပ်ရန် ကွပ်ကဲထိန်းကျောင်းရန် ပို၍ကောင်းသောနည်းစနစ်များကို ရှာဖွေလာခဲ့ကြပါတယ်။

နိုင်ငံရေးအတွေးအခေါ် အယူအဆများ၊ သဘောတရားများ၊ အဖွဲ့အစည်းများ ဖြစ်ပေါ်လာသောကြောင့် ယုံကြည်သည့်အပေါ် အခြေတည်ထားသည့် လူမှုရေးကို အခြေပြု၍ လွတ်လပ်ခွင့်ရရှိစေရန် ဖော်ဆောင်မည့်သဘောရှိတဲ့ဝါဒပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** ကျွန်တော်တို့ပါတီရဲ့ ခံယူချက်က ဘယ်ကိစ္စပဲဖြစ်ဖြစ် စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဟာ ဒီမိုကရေစီအစစ်အမှန် ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဟာ ညီမျှခြင်းဖြစ်မှရမယ်။ ညီမျှခြင်းဆိုတဲ့ သင်္ချာသင်္ကေတဟာ ဘယ်ဘက်ကိုမှ အလေးသာလို့မရပါဘူး။ ကျွန်တော်တို့ပါတီဟာ စစ်မှန်တဲ့ရွေးကောက်ပွဲဖြင့် ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားကိုးရသောအစိုးရတစ်ရပ်ဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းသွားရမည်။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများကိုဖိတ်ခေါ်ပြီး တိုင်းရင်းသားပြည်သူများပါဝင်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ပြီး နိုင်ငံတော်၏စီးပွားရေးတိုးတက်ခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ကြွယ်ဝသော သယံဇာတအရင်းအမြစ်များကို တိုင်းရင်းသားပြည်သူများ မျှဝေသုံးစွဲနိုင်ရမယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများ အင်တိုက်အားတိုက် ပါဝင်လုပ်ကိုင်နိုင်ရမယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံးပါဝင်စေရမယ်။

စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီဆိုသည့် အမည်နာမအရ မိမိတို့ပါတီသည် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ပြည်သူနှင့်အုပ်ချုပ်သူအစိုးရကြား မတူညီသည့်အမြင်များ၊ ပဋိပက္ခများ၊ အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိအောင် တတ်စွမ်းသမျှကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** နိုင်ငံတော်ဟာ နှစ်ပေါင်းများစွာ နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှုကို ခံခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်လည်း နိုင်ငံရေးခေါင်းဆောင်များ ယုံကြည်သည့် ဝါဒသဘောတရားများ မတူညီမှုများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းမရှိခဲ့ဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ဘဝ အဘက်ဘက်မှ နိမ့်ကျခဲ့ရပါတယ်။ ကျွန်တော်တို့ဟာတိုင်းဒေသကြီးနှင့် ပြည်နယ်ဟူ၍မခွဲခြားဘဲ တစ်တိုင်းပြည်လုံး စုပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်နှင့်လူထုကောင်းစားစေရန် အကောင်းဆုံးကျင့်သုံးရမည့် ကျင့်စဉ်အမှန်မှာ ဒီမိုကရေစီကျင့်စဉ်သာလျှင် ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အတိတ်ကာလ နိုင်ငံရေးဝါဒများ၏ ဆိုးမွေကောင်းမွေများဖြစ်သည့် နိုင်ငံရေးဖြစ်စဉ်များ၊ လူ့အဖွဲ့အစည်းရှိ နိုင်ငံရေးသုခမိန်တို့၏ အတွေးအခေါ်များ၊ ဝါဒသဘောတရားများ၊ နိုင်ငံရေးသီအိုရီများကို လေ့လာသိရှိခြင်းဖြင့် မျက်မှောက်ခေတ်ကာလ နိုင်ငံရေးပြဿနာများ မိမိနိုင်ငံနှင့်ပတ်သက်သောပြဿနာများကို ဖြေရှင်းရာတွင် သင်ခန်းစာများရယူပြီး မှန်ကန်ကောင်းမွန်တဲ့ဆုံးဖြတ်မှု၊ လုပ်ဆောင်မှုအကြံအစည်များ ရယူရန်လိုအပ်ပါတယ်။ စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ၏ နိုင်ငံရေးလမ်းစဉ်မှာ ဒီမိုကရေစီဝါဒပဲဖြစ်ပါတယ်။ ပါတီ၏ခံယူချက်က နိုင်ငံတော်အတွင်း လူတစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်းအားလုံးသင့်မြတ်စွာနေထိုင်၍ တရားဥပဒေကိုလေးစားလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာရေးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-** မိမိတို့ပါတီသည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး၊ ဘာသာစာပေ၊ ကိုးကွယ်ယုံကြည်မှုတို့ကို ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လူမှုရေးအမြင်ဆိုသည်မှာ အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်စေ၊ လူ့သမိုင်းတွင်ဖြစ်စေ၊ လူသားတို့၏စွမ်းပကားဖြင့် ဖော်ဆောင်ခဲ့ကြသော ကိုးကွယ်သည့် ဘာသာတရား၊ စာပေစကား၊ သုခုမအနုပညာများ၊ ဓလေ့ထုံးတမ်းများကို လေ့လာသုံးသပ်၍ တိုင်းရင်းသားလူမျိုးစုတစ်စုချင်း၏ တိုးတက်လာသောခေတ်နှင့်အညီ လူမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမျိုးစုများမပပျောက်ရေးကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကပြယုဂ်မှာ တိုင်းပြည်၏ စီးပွားရေးခိုင်မာတောင့်တင်းမှုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ မြေလွတ်မြေရိုင်းလယ်ယာမြေများ အလွန်ပေါများသောကြောင့် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ တစ်နိုင်ငံလုံးအဆင့်မြှင့်တင်ပြီး စိုက်ပျိုးရေးကဏ္ဍကို အားသွန်ခွန်စိုက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကိုဖိတ်ခေါ်၍ ပြည်တွင်းရှိ သယံဇာတများနှင့်ကုန်ကြမ်းများကို ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည့် စီးပွားရေးမျိုး အဓိကထားလုပ်ဆောင်နိုင်ရန် ကြိုးပမ်းရမှာဖြစ်ပါတယ်။ သဘာဝနယ်မြေများ သမိုင်းဝင်နယ်မြေများကို ဆွဲဆောင်မှုရှိအောင်၊ စီမံ၍ ကမ္ဘာ့ခရီးသွားများဝင်လာအောင် ခရီးသွားလုပ်ငန်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်အောင် စီမံပေးခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် မြေယာတန်ဖိုးကြီးထွားနေခြင်းကို နိုင်ငံတော်မှဥပဒေများ ပြဋ္ဌာန်း၍ ကာကွယ်ပေးရမယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးသည် ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီပညာရေးအတွက် ပညာရေးကဏ္ဍတွင် ကြီးမားစွာမြှုပ်နှံရမည်။ ဆရာ၊ ဆရာမများကို အရည်အသွေးကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ ပညာရေးစနစ်အခြေအနေနှင့် တိုးတက်သည့် နိုင်ငံများ၏ပညာရေးစနစ် အခြေအနေများကို စဉ်ဆက်မပြတ်လေ့လာနှိုင်းယှဉ်ရမည်။

တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များနှင့်စာမတတ်သူများအား စာတတ်မြောက်လာအောင် ဆောင်ရွက်ပေးရမည်။ ပညာသင်အရွယ်ဖြစ်သည့် ကလေးသူငယ်အားလုံး ကျောင်းစာသင်ခန်းမများသို့ ရောက်ရှိစေရမည်။ ပညာသင်သင့်သည့် အရွယ်တွင် ပညာမသင်ဘဲ လုပ်ငန်းခွင်၌ အဓမ္မခိုင်းစေခြင်းခံရသော ကလေးသူငယ်များအား ရှာဖွေဖော်ထုတ်၍ စာသင်ခန်းမများသို့ ပြန်လည်ပို့ဆောင်ပေးရမည်။ ကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လိင်အနိုင်ကျင့်မှုများ မဖြစ်ပေါ်စေရေးအတွက် မိမိတို့ပါတီမှ အထူးအလေးထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့မှ ဝိုင်းဝန်းလုပ်ကိုင်စေပြီး သက်သာသောနှုန်းထားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်စေရမည်။ ဆေးလိပ်နှင့်အရက်အလွန်အကျွံသောက်သုံးခြင်းများကို တားမြစ်နိုင်စေရမည်။ ကျန်းမာရေးအတွက် ပညာပေးသရုပ်ပြခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံဆောင်ရွက်ပေးရမည်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** နိုင်ငံတော်သည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် လယ်သမားများသည် တိုင်းပြည်၏ အရေးကြီးသောအခန်းကဏ္ဍ၌ရှိနေပြီး လယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်များကို သားစဉ်မြေးဆက် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် စီစဉ်ပေးရမှာဖြစ်ပါတယ်။ လယ်သမားများ သားစဉ်မြေးဆက်လယ်ယာလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ကိုင်နိုင်စေရန်အတွက် နိုင်ငံတော်မှ အားပေးကူညီဆောင်ရွက်ပေးရမည်။ စားနပ်ရိက္ခာသည် လူသားတို့အတွက် အရေးကြီးသဖြင့် လယ်မြေများပေါ်တွင် မြို့ရွာများချဲ့ထွင်လာမှုကို ဥပဒေများပြဋ္ဌာန်း၍တားဆီးရမည်။

လယ်သမားများ လိုအပ်သည့် စက်ပစ္စည်းယန္တရားများ၊ ငွေကြေးများကို ထောက်ပံ့ပေးနိုင်ရမည်။ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ရာနှုန်းပြည့် ပြောင်းလဲနိုင်ရမည်။ စီးပွားရေးတွင် ဆန်စပါးကို အဓိကပို့ကုန်အဖြစ်ထားရှိပြီး အခြားသီးနှံများကိုလည်း ဖြစ်ထွန်းအောင်မြင်စေရမည်။ အလုပ်သမားများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရေးနှင့် သတ်မှတ်လုပ်အားခများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးနိုင်ရမည်။ အလုပ်သမားထု၏ စားဝတ်နေရေး သက်သာချောင်ချိရေးကို စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့မှုသည် တပ်မတော်၏အဓိကတာဝန်ဖြစ်သည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာဖြစ်တယ်။ ထို့အတွက်ကြောင့် တပ်မတော်ကို ခေတ်မီစေရမယ်။ ခေတ်မီလက်နက်ဆန်းများ တပ်ဆင်ပေးရမှာဖြစ်တယ်။ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အတွက် သက်ဆိုင်ရာလက်နက်များ တပ်ဆင်ပေးရမယ်။ နိုင်ငံတကာစစ်ရေးအမြင်ရှိစေရန် တပ်မတော်သားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးရပါမယ်။

ပြည်ပနိုင်ငံများ၏ စစ်တပ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အခါအားလျော်စွာ ပြုလုပ်ပေးရပါမည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အရွယ်ရောက်သူတိုင်း စစ်ပညာသင်ကြားစေပြီး လိုအပ်လျှင် စစ်မှုထမ်းရမည်။ ပြည်တွင်းလုံခြုံရေးအတွက် အဓိကအင်အားစုမှာ တပ်မတော်ဖြစ်ပြီး ဒုတိယအင်အားစုဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လက်ရှိအင်အားထက် ငါးဆတိုးချဲ့ပြီး အင်အားတောင့်တင်းခိုင်မာစေရန် စီမံဆောင်ရွက်ရပါမည်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-** ယနေ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်းလုပ်လို့မရပါ။ နိုင်ငံရေးအင်အားစုအားလုံး၊ အဖွဲ့အစည်းအားလုံး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းရေးသည် ညီမျှခြင်းမဖြစ်ဘူးဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမဖြစ်နိုင်ပါ။ တိုင်းပြည်ဟာ နိုင်ငံရေးခရီးလမ်းမှာ ကြမ်းတမ်းစွာမောင်းနှင်နေရဆဲဖြစ်ပါတယ်။ လက်နက်ကိုင်များ၊ လူမျိုးစုများ၊ ပြည်တွင်းအင်အားစုများ နိုင်ငံရေးပါတီများအကြားရှိ သဘောထားကွဲလွဲမှုများ အမြင်မတူမှုများ၊ အားပြိုင်မှုများ ပြင်းထန်နေဆဲဖြစ်ပါတယ်။ တိုင်းပြည်ဟာ ရှေ့ကိုမရောက်နိုင်ဘူးဖြစ်နေတယ်။ အုပ်စုများအကြား အငြိုးအတေးတွေ နာကြည်းမုန်းတီးမှုတွေကို အဆုံးသတ်ပြီး All Inclusive အားလုံးပါဝင်သော တိုင်းပြုပြည်ပြုလူထုအကျိုးပြုလုပ်ငန်းများကို လုပ်မှရတော့မယ်။

အင်အားစုအားလုံး မတူတာတွေဖယ်ရှားပြီး တူတာတွေကို လုပ်ရတော့မယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ သည်းထိတ်ရင်ဖိုဇာတ်လမ်း တစ်ခုဖြစ်ပါတယ်။ ဘယ်သူပဲနိုင်နိုင် ဘယ်သူပဲရှုံးရှုံး နိုင်သူရှုံးသူ အားလုံးပြုံးပြီး တိုင်းပြည်အတွက် ကောင်းအောင်လုပ်မှဖြစ်တော့မယ်။

**ဒီနေရာမှာပဲ ကျွန်တော့်ရဲ့ဟောပြောမှုကို နိဂုံးချုပ်လိုက်ပါတယ်။ မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

## မဲရုံ၊ မဲရုံမှူးလုပ်ငန်းစဉ် ဆောင်ရွက်ပုံ သင်တန်းဖွင့်

ကသာ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က မဲရုံ၊ မဲရုံမှူးလုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိသည်။ အဆိုပါသင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအုံ့ကျော်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးစန်းထွန်းက မဲရုံ၊ မဲရုံမှူးလုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းအဆင့်ဆင့်ကို သင်ကြားပေးခဲ့သည်။ သင်တန်းသို့ ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား/သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၇

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




လေးစားမြတ်နိုးထိုက်ပါသော ကျေးဇူးရှင်တောင်သူလယ်သမားများနှင့် လုပ်သားပြည်သူမိဘအပေါင်းတို့ခင်ဗျား. . .

ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာထိ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းနိုးကြားပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျာ. . .

ကျွန်တော်ကတော့ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းသူ ဖြစ်ပါတယ်ခင်ဗျာ- ကျွန်တော်ပထမဦးဆုံး ကျေးဇူးတင်စကားပြောလိုတာကတော့ ကျေးဇူးရှင်လယ်သမားဦးကြီးများ စိုက်ပျိုးသောဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌဖြစ်လာခြင်းနှင့်နိုင်ငံရေးတွင် လူငယ်များရှုပ်ရှုပ်ချွံချွံပါဝင်ခွင့်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၊ နိုင်ငံတော်သမ္မတကြီးနှင့်အတူတကွ ကျွန်တော်တို့ပါတီ၏ အမှတ်တံဆိပ်အဓိပ္ပာယ်နှင့် မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများအားလုံးနှင့် နားသောတဆင်ပေးသော မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရပါတယ်ခင်ဗျား-

ကျွန်တော်တို့ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီကို ၂၉-၄-၂၀၁၅ တွင် တည်ထောင်ခွင့်လျှောက်ထားပြီး ၅-၈-၂၀၁၅ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ်-၉၉ ဖြင့် ပါတီတည်ထောင်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များမှာ လယ်သမားစစ်စစ်ကြီးများနှင့် ဖွဲ့စည်းထားသလို ရှေ့နေ(၃)ဦးနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီရဲ့ ပါတီအလံအမှတ်တံဆိပ်ရဲ့အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားပေးပါမယ်ခင်ဗျား-

**၁။ ပါတီ၏အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

ပါတီ၏အမည်မှာ **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ** ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် Union Farmer Force Party ဟု ခေါ်တွင်စေရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း နေထိုင်ကြသော အလုပ်သမား၊ လယ်သမားများ အစဉ်အေးငြိမ်းချမ်းသာရေးအတွက် နောင်တက်လာမည့် အစိုးရအဆက်ဆက်နှင့် စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးကို အဓိကထားပြီး **မြန်မာ့လယ်သမားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန်** ရည်သန်ပါသည်။

**၂။ ပါတီအလံနှင့်တံဆိပ်၏ အဓိပ္ပာယ်**

၁။ အနီရောင်နောက်ခံထားပြီး အရွယ်တူကြယ်ဖြူ (၁၄)လုံး၏ အလယ်နှင့် အစိမ်းရောင်စက်ဝိုင်း၏အလယ်တွင် ပြုံးရွှင်တက်ကြွနေသောမျက်နှာဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေသော လယ်သမားပုံကို အသိအမှတ်ပြုရေးဆွဲထားပါသည်။

(က) အနီရောင်နောက်ခံသည်လယ်သမားအပေါင်းတို့၏ သွေးသည် ရဲရင့်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိမည့်စိတ်ဓာတ်ကို ရည်ညွှန်းပါသည်။

(ခ) အရွယ်တူကြယ်ဖြူ(၁၄)လုံးသည် တိုင်းနှင့်ပြည်နယ်(၁၄)ခုတို့အား ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အဆင့်အတန်းမခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ဖော်ညွှန်းပါသည်။

(ဂ) အစိမ်းရောင်စက်ဝိုင်းသည် ၇၀% ရှိသော ပြည်ထောင်စုတောင်သူလယ်သမားများ၏စွမ်းအားဖြင့် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်ညွှန်းပါသည်။

(ဃ) ပြုံးရွှင်တက်ကြွနေသော လယ်သမား၏ပုံသည် ရန်သူမျိုးငါးပါးမည်သို့ပင်ကျရောက်ပါစေ ပင်ပန်းဆင်းရဲခံနေရမှုကို သားသမီးတို့အား အသိမပေးဘဲအပြုံးဖြင့် အစဉ်လုပ်ကျွေးနေမည်ဟူသော ဖခင်ကောင်း၏စိတ်ဓာတ်ကို ရည်ညွှန်းပါသည်။

(င) တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်သည် ၇၀% ရှိသော တောင်သူလယ်သမားအင်အားဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာထာဝရဖူလုံရေးအတွက် အားကြိုးမာန်တက်ကြိုးစားနေသကဲ့သို့ တံစဉ်ကိုင်သောလက်သည် တိုင်းတစ်ပါးမှ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နှင့်အတူ နိုင်ငံတော်ကိုကာကွယ်ရန်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ရည်ညွှန်းပါသည်။

၂။ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၏ သုံးစွဲသည့် အလံနှင့်တံဆိပ်မှာ အတူတူပင် ဖြစ်ပါတယ်။

**မူဝါဒသဘောထား (မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား)**

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းနှင့်ပြည်နယ်(၁၄)ခုတို့တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံးတို့ ပိုင်ဆိုင်ကြသကဲ့သို့ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ သွေးစည်းညီညွတ်မှု၊ အခြေပြုရပ်တည်ဖွဲ့စည်းထားသည့် နိုင်ငံတော်ကြီးဖြစ်ပါသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ၇၀%ရှိသော ကျေးလက်နေတောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် စက်မှုလယ်ယာစနစ်သို့ မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ရေးနှင့် မြို့ပေါ်နေအလုပ်သမားလူတန်းစားများ၏ ဘဝတိုးတက်မြင့်မားရေးကိုအခြေပြုလျက် ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်း ဖြစ်ပါသည်။

ပါတီကိုအမည်ပေးရာ၌ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတော်ဖြစ်သလို ၇၀%မှာ တောင်သူလယ်သမားများ အများစုဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားတောင်သူလယ်သမားများ၏အင်အားနှင့် စုစည်းပြီး ခေတ်အဆက်ဆက်တက်လာမည့် အစိုးရနှင့် လက်တွဲညှိနှိုင်းကာ ပြည်ထောင်စုကြီးအေးချမ်းသာယာရေးကိုရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)/၂၁(က) အရ နိုင်ငံသားတိုင်း၏ အခွင့်အရေးရရှိရေးကိုရည်ရွယ်ပြီး **"ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ"** ကို ဖွဲ့စည်းတည်ထောင်ပါသည်။

**နိုင်ငံရေးဆိုင်ရာမူဝါဒ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်ကျူးကျော်လာပါက တံစဉ်ကိုင်ကာ ပြည်သူ ၅၁ သန်းအား အလုပ်အကျွေးပြုနေသော လယ်သမားလက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ရပ်တည်မည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းကြီးအား အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ရောက်ရှိရေးကို အလေးထားရပ်တည်မည်။

(ဂ) အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံ၏လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ကြရသည့် ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ်အခြေခံသည့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားတောင်သူလယ်သမားတို့၏ အင်အားဖြင့် အမျိုးသားရေးကို သစ္စာမဖောက်ဘဲ အမျိုးသားအကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားရမည်ဟု အလေးအနက်ယုံကြည်သည်။

(ဃ) ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့်ပြည်နယ်များအား စုပေါင်းတည်ထောင်သည့် ပြည်ထောင်စုကြီးအဖြစ် ဖွဲ့စည်းခြင်းဖြင့်တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရမည်ဟု အလေးအနက်ခံယူသည်။

(င) လူထုလူတန်းစားကို ကိုယ်စားပြုသည့် ပွင့်လင်း၍ ထင်သာမြင်သာရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရှိရမည်ဖြစ်သည်နှင့်အညီ-

(၁) အလုပ်သမားလူတန်းစား ကိုယ်စားပြုအဖွဲ့အစည်းများ။
(၂) လယ်သမားလူတန်းစား ကိုယ်စားပြုအဖွဲ့အစည်းများ။
(၃) မြို့နေလူတန်းစား ကိုယ်စားပြုအဖွဲ့အစည်းများ။
(၄) တိုင်းရင်းသားလုပ်ငန်းရှင်များ ကိုယ်စားပြုအဖွဲ့အစည်းများ။
(၅) အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများ။
(၆) ကျောင်းသားသမဂ္ဂများဖွဲ့စည်းခွင့်ရရှိရေးကို ထောက်ခံဆောင်ရွက်ပါမည်။

**၁။ ဥပဒေရေးရာမူဝါဒ**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဥပဒေပြဋ္ဌာန်းရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေအထက်မှာ မည်သူမှမရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံးက တန်းတူလက်ခံကျင့်သုံးမှသာလျှင် တရားဥပဒေစိုးမိုးမည်ဖြစ်ပါတယ်။

လယ်သမားများအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ဥပဒေနှင့် လယ်ယာမြေသိမ်းဆည်းမှုတွင် ဥပဒေနှင့်အညီရှိရမည် ဖြစ်ပါတယ်။ အလုပ်သမားများအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ငန်းခွင်အတွင်း ပျက်စီးဆုံးရှုံးခံလိုက်ရသော အလုပ်သမားတစ်ဦး၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် ထိုက်တန်သောထောက်ပံ့မှုများရရှိနိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်သော အလုပ်သမားရေးဝန်ကြီးများ ပေါ်ပေါက်လာရေးကို ဆောင်ရွက်မည် ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းသည် တရားဥပဒေစိုးမိုးရေးကိုလက်ခံပြီး ဥပဒေ၏အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**၂။ ကျန်းမာရေးဆိုင်ရာမူဝါဒ**

ဆင်းရဲသားလယ်သမား အလုပ်သမားများအတွက် ကျန်းမာရေးဟာအဓိကပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးလိုအပ်ပါတယ်။ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးမကောင်းသော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိမှုနည်းပါးနေမှုကို ယခုမျက်မှောက်ကာလတွင် တွေ့မြင်နေရပါတယ်။ ၎င်းတို့ကိုလည်း အဓိကထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**၃။ စီးပွားရေးဆိုင်ရာမူဝါဒ**

ဆင်းရဲသားလယ်သမား အလုပ်သမားများအတွက် ခိုင်လုံသော စီးပွားရေးအဆင်ပြေစေရန် တည်ငြိမ်သောစပါးဈေးကွက်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးကို အလေးထားဆောင်ရွက်မည်။

**၄။ ပညာရေးဆိုင်ရာမူဝါဒ**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဆက်ဆံရာတွင် အဓိကအကျဆုံးမှာ ပညာရေးပင်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကောင်းဖို့လိုအပ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပညာရေးဝန်ထမ်းများ အများအပြားလိုအပ်ပါတယ်။ လယ်သမားများအတွက် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းရေးမှာ အဓိကအကျဆုံးအရာဟာ ပညာရေးပင်ဖြစ်ပါတယ်။ ပညာတတ်မှ နည်းပညာကိုသိမှာပါ။ နည်းပညာသိမှသာလျှင် နိုင်ငံတော်သမဝါယမအသင်းစုနှင့် ကုမ္ပဏီများမှ အရစ်ကျချပေးသော လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို စနစ်တကျအသုံးပြုလာနိုင်ပြီး စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုမှာ လွယ်ကူလာမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် စာသင်ကျောင်းများလည်း ရှားပါးသကဲ့သို့ ပညာရေးဝန်ထမ်းများလည်း မျက်မှောက်ကာလမှာ ရှားပါးနေမှုများကို တွေ့မြင်ရပါတယ်။ ထို့ကြောင့် ၎င်းဒေသရှိ ကျေးရွာလူကြီးများမှ မိမိတို့ကျေးရွာအတွက် နေ့စားလပေး ဆရာ၊ ဆရာမများကို ခေါ်ယူလျက်ရှိနေသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါတယ်။ နေ့စားလပေးဆရာ၊ ဆရာမများသည် ပညာရေးကောလိပ်မှ ဆင်းသက်လာသော ပညာရေးဝန်ထမ်းများ မဟုတ်သောကြောင့် သင်ကြားရေးမှာ မတိုးတက်ဘဲရှိနေသည်ကို တွေ့မြင်နေရပါတယ်။ အဆိုပါပြဿနာများကိုလည်း အဓိကဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။




**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် (၅)မြို့နယ်၊ (၅)နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဝေါမြို့နယ်၊ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း(၃)ဦး၊ ကဝမြို့နယ် မဲဆန္ဒနယ်မြေ(၁)တွင် တိုင်းဒေသကြီးကိုယ်စားလှယ်လောင်းတစ်ဦး၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်မြေ(၂)တွင် တိုင်းဒေသကြီးကိုယ်စားလှယ်လောင်း(၁)ဦးတို့ဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**ရှေ့လုပ်ငန်းစဉ်**

**မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျား-**

ရွေးကောက်ပွဲကြီးအလွန်၌ ကျွန်တော်တို့ပါတီ၏ လွှတ်တော်အတွင်းမှလည်းကောင်း၊ လွှတ်တော်ပြင်ပမှလည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆောင်ရွက်သွားပါမယ်-

၁။ အမှန်တကယ် လယ်ယာမြေလုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများအား စိုက်ပျိုးစရိတ်ချေးငွေအချိန်မီရရှိရေး။

၂။ မျိုးစပါးများအား မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများမှ မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမှုအား တာဝန်ယူမှု၊ တာဝန်ခံနိုင်သောဥပဒေများ ပြဋ္ဌာန်းနိုင်ရေး။

၃။ သွင်းအားစုဟုခေါ်တွင်သော ဓာတ်မြေဩဇာများအား သင့်တင့်သောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး။

၄။ ထွက်ရှိလာသော စပါး၊ ကောက်ပဲသီးနှံများအား ရသင့်ရထိုက်သောဈေးနှုန်းများရရှိစေရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး။

၅။ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ခေတ်မီဖွံ့ဖြိုးပြောင်းလဲရေးအတွက် သင်တန်းများ ပို့ချနိုင်ရေး။

၆။ အမှန်တကယ် လုပ်ကိုင်စိုက်ပျိုးနေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေဧကနှင့်အညီ ချေးငွေများကို ရရှိစေရေး။

၇။ အမှန်တကယ်လုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိနိုင်ရေးနှင့် လယ်သမားစစ်စစ်များကိုသာ ပုံစံ(၇)ထုတ်ပေးနိုင်ရေး။

၈။ လယ်ယာကုန်ထုတ်သီးနှံများ ရောင်းချရန်အတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးနှင့် ကျေးရွာတိုင်းတွင် ပြုလုပ်ပေးနိုင်ရေး။

၉။ တောင်သူလယ်သမားများ လူသုံးကုန်ပစ္စည်းများ သက်သာစွာဝယ်ယူနိုင်ရေးအတွက် လယ်သမားသက်သာဆိုင်များ ကျေးလက်ဒေသများတွင် ဖွင့်လှစ်နိုင်ရေး။

၁၀။ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများ အမှန်တကယ် စိုက်ပျိုးနေသော လယ်ယာမြေများအား သိမ်းယူမှုမရှိစေရေးကို နောင်တက်လာမည့် အစိုးရအဆက်ဆက်နှင့် ညှိနှိုင်းဆောင်ရွက်သွားရေး။

၁၁။ ဆုံးရှုံးသွားသော လယ်ယာမြေများအား ကျေးဇူးရှင်တောင်သူလယ်သမားကြီးများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် နောင်တက်လာမည့် အစိုးရအဆက်ဆက်နှင့် ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားများလက်ဝယ်သို့ လယ်ယာမြေများ ပြန်လည်ရောက်ရှိရေးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ ဆင်းရဲသားအလုပ်သမားများအတွက် သက်သာဆိုင်များ ဖွင့်လှစ်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများမှ အလုပ်သမားအခွင့်အရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများကိုလည်း နောင်တက်လာမည့် အစိုးရသက်ဆိုင်ရာဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့တိုင်းပြည်ဟာ ရိုးသားကြိုးစားသော အလုပ်သမား၊ လယ်သမားများနှင့် နိုင်ငံတည်ထားခြင်းပဲ ဖြစ်ပါတယ်။ ဥပမာဆိုရလျှင် နိုင်ငံရဲ့လယ်သမား၊ အလုပ်သမားများက ကောင်းကင်မှာရှိသော ကြယ်ပွင့်များနှင့်တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့စွမ်းအားနှင့် ညအခါမှ အလင်းပြန်ပေးနိုင်တာပါ။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်မှာ အဖစွမ်းအင်နှင့်တူသော နေရောင်ခြည်ကဲ့သို့ မေတ္တာအလင်းဓာတ်ပေးနိုင်သော ဆင်းရဲသားလယ်သမား၊ အလုပ်သမား မိဘပြည်သူ့အသံကို အစဉ်ဂရုစိုက်နားထောင်သော နိုင်ငံတော်သမ္မတပေါ်ထွန်းရေးနှင့် လမင်းကဲ့သို့ အေးမြခြင်းပေးစွမ်းနိုင်သော အမိနှင့်တူသော မေတ္တာဓာတ်ပေးစွမ်းနိုင်သော ပြည်သူအသံကို အကောင်အထည်ဖော်ခွင့်ပေးနိုင်မည့် လွှတ်တော်သုံးရပ်၏ ဥက္ကဋ္ဌများပေါ်ထွန်းလာမှသာ ဆင်းရဲသားလယ်သမား အလုပ်သမားများ၏ဘဝဟာလည်း နိုင်ငံတော်ကိုပြန်လည်ပြီး အလင်းခွန်အားများပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်အေးချမ်းသာယာဝပြောပြီး ပါတီစုံဒီမိုကရေစီပေါ်ထွန်းရေးအတွက် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကောင်းမွန်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ကောင်းမွန်သော သမ္မတများအား မိဘပြည်သူတို့၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နောင်နှစ်ပေါင်းများစွာထိ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။

# ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၇

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇောက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျာ-

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီမှဥက္ကဋ္ဌ ဦးအောင်ကျော်ဇောဖြစ်ပါတယ်။

ကျွန်တော်တို့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ နောက်ဆုံးဝင်ရောက်လာတဲ့ ပါတီဖြစ်ပါတယ်။ သို့အတွက် ဒိုင်းနက်လူမျိုးများအကြောင်းကို အနည်းငယ်တင်ပြပါရစေ။

ကျွန်တော်တို့ ဒိုင်းနက်လူမျိုးတွေကိုရှေးအခါက ရခိုင်တို့က အရှေ့သက်လို့ခေါ်ကြပါတယ်။ မြန်မာသက္ကရာဇ် ၆၉၅ ခုနှစ် ရခိုင်ဘုရင်မင်းထီးက အရှေ့သက်တို့၏ နိုင်ငံတော်မဇ္ဈာဂီရိကို တိုက်ခိုက်သိမ်းယူပြီး အိမ်ထောင်စုတစ်သောင်းခန့်ကို ရခိုင်သို့ခေါ်ဆောင်ကာ ဒိုင်းနက်ငွေခွန်ဖွဲ့စည်းခဲ့သောကြောင့် ဒိုင်းနက်လူမျိုးလို့ အမည်တွင်လာခြင်းဖြစ်ပါတယ်။ ဒိုင်းနက်တွေက မိမိကိုယ်မိမိ ဆက္ကမာလူမျိုးလို့သာ ခေါ်ဝေါ်ကြပါတယ်။ မူရင်းနာမည်က ဆက္ကမာဖြစ်ပြီး သမိုင်းမှတ်တမ်းအရ အရှေ့သက်လူမျိုးများ ဖြစ်ကြပါတယ်ခင်ဗျာ။

**လေးစားအပ်တဲ့ မိဘပြည်သူတိုင်းရင်းသားအပေါင်းတို့ခင်ဗျာ-**

လူမျိုးအကြောင်းကိုပြောပြီးနောက်မှာ ဒိုင်းနက်ပါတီဖြစ်ပေါ်(တည်ထောင်)လာရခြင်းအကြောင်းကို အကျဉ်းချုပ်တင်ပြပါရစေ။ ကျွန်တော်တို့ဒိုင်းနက်လူမျိုးတွေဟာလွန်ခဲ့တဲ့ အစိုးရခေတ်အဆက်ဆက်က နိုင်ငံရေးမလုပ်ခဲ့ကြပါဘူး။ နိုင်ငံရေးဟာဘာလဲဆိုတာတောင် မသိခဲ့ကြပါဘူး။ စိတ်လည်းမဝင်စားခဲ့ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒိုင်းနက်လူမျိုးတွေဟာ ဆင်းရဲကြတယ်။ ပညာမတတ်ကြဘူး။ အရှက်အကြောက်များတယ်။ တောရွာတွေမှာ နေထိုင်ကြတယ်။ အဲဒီလိုနေထိုင်ကြတာကိုတောင် တချို့သောအုပ်စုတွေက အခွင့်ကောင်းယူပြီး နိုင်ငံရေးမှာ အမြတ်ထုတ်လာခဲ့ကြပါတယ်။ တောရွာနေ ဒိုင်းနက်လူမျိုးတစ်ယောက်စ နှစ်ယောက်စကို မြို့ပေါ်ခေါ်တင်ပြီး ဟိုပြောဒီပြောနှင့် ရိုးသားတဲ့ဒိုင်းနက်တွေခမျာ၊ ပြန်မပြောဝံ့ မဆိုဝံ့နှင့် ကျွေးရာကိုယ်စား ထားရာမှာနေ ခိုင်းရာကိုလုပ်ရတဲ့ဘဝနှင့် စာမတတ်ပေမတတ် ဆင်းရဲပေါင်းများစွာ၊ ဒုက္ခပေါင်းများစွာနှင့် ဘဝကိုရုန်းကန်ခဲ့ကြရပါတယ်။

ဒိုင်းနက်လူမျိုးတွေဟာ ဒီဘက်ခေတ်ရောက်မှပဲ တစ်ယောက်စ နှစ်ယောက်စ မြို့ပေါ်တက်ပညာသင်၊ အစိုးရဌာနအသီးသီးလက်အောက်မှာ အမှုထမ်း၊ အမြို့မြို့အရွာရွာရောက်တဲ့အခါမှသာ တခြားလူမျိုးတွေနဲ့ မိမိတို့လူမျိုးတွေရဲ့ ဘဝအဆင့်အတန်းကွာခြားနေတာကို တွေ့မြင်လာကြတယ်။ မိမိတို့လူမျိုး ဘာကြောင့် အဆင့်အတန်းနိမ့် အောက်ကျရသလဲဆိုတာ သိလာကြတယ်။ တခြားလူမျိုးတွေအခွင့်အရေးရပြီး ငါတို့လူမျိုး ဘာဖြစ်လို့ အခွင့်အရေးဆုံးရှုံးနေရတာလည်းဆိုတာကို သိလာကြတော့ တရားမျှတရေးအတွက် တန်းတူအခွင့်အရေးရအောင် လုပ်ဆောင်မှဖြစ်မယ်။ နိုင်ငံရေးအဖွဲ့ထဲမှာ မိမိတို့လူမျိုးမရှိလို့ တန်းတူအခွင့်အရေးဆုံးရှုံးနေရတာကို တွေ့မြင်လာကြတယ်။ သို့အတွက်နဲ့ ဒိုင်းနက်လူမျိုးတွေမှာလည်း မိမိတို့အရေးကိုတင်ပြနိုင်ခွင့်ရှိတဲ့ နိုင်ငံရေးပါတီတစ်ခုရှိသင့်တယ်လို့ မြင်လာကြပါတယ်။

**လေးစားရပါသော ပြည်ထောင်စုဖွားမိဘပြည်သူအပေါင်းတို့ခင်ဗျာ-**

ယခုအခါဆိုရင် မြန်မာနိုင်ငံအစိုးရကလည်း မြန်မာနိုင်ငံသားတိုင်းရင်းသားလူမျိုးနွယ်စုအလိုက် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပေးလာတော့ ကျွန်တော်တို့ မိမိကိုယ်မိမိ ဆက္ကမာလို့ခေါ်ကြတဲ့ ဒိုင်းနက်လူမျိုးများအနေနဲ့လည်း အခြားသော တိုင်းရင်းသားမျိုးနွယ်စုများနည်းတူ နိုင်ငံရေးပါတီတစ်ခုရှိသင့်တယ်လို့ ယုံကြည်ကြတဲ့အတွက် ဤဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီကို တည်ထောင်ရခြင်းဖြစ်ပါတယ်ခင်ဗျား-

ကျွန်တော်တို့ပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြပါမယ်-

**မူဝါဒသဘောထား**

(က) ကမ္ဘာ့နိုင်ငံများအလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်သွားနိုင်ရေး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်။

(ခ) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်သွားရန်။

(ဂ) ဒိုင်းနက်တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း အခြားသောလူနည်းစု၊ လူမျိုးစုငယ်တို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီသွားရန်။

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ သည်းခံခွင့်လွှတ်မှုဟူသော မိသားစုစိတ်ဓာတ်ခိုင်မာရှင်သန်စေရေး ဆောင်ရွက်သွားရန်။

(င) ဒိုင်းနက်လူမျိုးတို့၏ ဓလေ့၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့်လျော်ညီစွာ တီထွင်ကြံဆပြုစုပျိုးထောင်မှုများ ပြုလုပ်သွားရန် ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်ကတော့**

(က) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်များဖြစ်ကြောင်းကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့အလယ်တွင် ရပ်တည်ဆောင်ရွက်သွားရန်။

(ခ) ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူထားရှိမှု၊ အပြန်အလှန်လေးစားမှု ပုဂ္ဂိုလ်ရေးရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကိုအခြေခံ၍ ဆောင်ရွက်သွားရန်။

(ဂ) ဗဟုသုတနည်းပါး၍ အသိမကြွယ်မှု၊ အခွင့်အလမ်းနည်းပါးမှု ဆုံးရှုံးမှုတို့ကြောင့် ခေတ်နောက်ကျကျန်ရစ်ခဲ့သော မိမိတို့လူမျိုးများနှင့် အခြားသော တိုင်းရင်းသားလူမျိုးနွယ်စု၊ လူနည်းစုတို့၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်။

(ဃ) ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ အမျိုးသားရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်။

(င) မိမိတို့ ဒိုင်းနက်လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားသော တိုင်းရင်းသားပါတီ/အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများခင်ဗျာ-**

ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ ဌာနချုပ်ရုံးကို ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ အမှတ် (၅၉၃) မင်းစောမွန်လမ်း သပြေကုန်းရပ်ကွက်တွင် (ယာယီ) ဖွင့်လှစ်ထားရှိပါတယ်။




**ပါတီရဲ့အလံနှင့် အမှတ်တံဆိပ်ကတော့**

(က) ပါတီ၏အလံမှာ အနီနှင့် အဝါရောင်နှစ်မျိုးဖြင့် သတ်မှတ်ထားရှိပါတယ်။ အထက်တွင် အနီရောင်နှင့် အောက်တွင် အဝါရောင်တို့ဖြင့် အချိုးညီ အလျားလိုက်ပြုလုပ်ထားပါတယ်။

(ခ) အထက်အနီရောင်၏ လက်ဝဲဘက်ထောင့်တွင် ကြယ်ကြီးတစ်လုံးပါရှိပြီး ကြယ်၏အရောင်မှာ အဖြူရောင် ဖြစ်ပါတယ်။

(ဂ) အနီရောင်သည် ရဲရင့်ခြင်း၊ အဝါရောင်သည် အမျိုးဘာသာကို စောင့်ထိန်းခြင်း၊ အေးချမ်းခြင်းအဓိပ္ပာယ်ဆောင်ပြီး အဖြူရောင်ကြယ်ကြီးမှာ ပြည်ထောင်စုကြီးကို ရည်ညွှန်းပါတယ်။

(ဃ) ပါတီအလံကို ၅း၃ အချိုးအစားအတိုင်း အရွယ်အစားအမျိုးမျိုး သတ်မှတ်အသုံးပြုနိုင်ပါတယ်။

(င) ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီ၏ အမှတ်တံဆိပ်မှာ အဝါရောင်နောက်ခံပေါ်တွင် အနက်ရောင်ရှိသော ဒိုင်းနှင့်စကြာကို ထည့်သုံးထားပြီး အပေါ်ပိုင်းတွင် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟု ပါရှိပါတယ်။ အောက်ပိုင်းတွင် Daingnet Development Party ၏ အင်္ဂလိပ်လိုအတိုကောက် (D.N.D.P) ဟု ပါရှိပါတယ်။ အဝါရောင်သည် အမျိုးကိုစောင့်ထိန်းခြင်း၊ အေးချမ်းခြင်းကို ဖော်ဆောင်ပြီး အနက်ရောင်ရှိသောဒိုင်းသည် ဒိုင်းနက်လူမျိုးကို တိုက်ရိုက်အဓိပ္ပာယ်ဆောင်ပါတယ်။ စကြာဝိုင်းသည် စွမ်းရည်သတ္တိနှင့်ပြည့်စုံသော လူမျိုးဖြစ်ကြောင်း ဖော်ညွှန်းပါတယ်။

**ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူများနှင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မဲဆန္ဒရှင်များခင်ဗျာ-**

ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်ရှိ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များ ဖြစ်ကြပါတယ်။ ရခိုင်ပြည်နယ်ရှိ ခမီး၊ မြို၊ သက်၊ ရခိုင်၊ ဒိုင်းနက် စတဲ့မျိုးနွယ်စုဝင်အချင်းချင်းဟာ ရှေးပဝေသဏီကပင်မရှိအတူ၊ ရှိအတူ၊ အေးတူပူအမျှ ဒုက္ခ၊ သုခခံပြီး နေထိုင်လာခဲ့ကြတဲ့သူတွေဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အုပ်ချုပ်သူအစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ မိမိတို့လူမျိုးများ၊ လူမျိုးစုများစည်းလုံးညီညွတ်စွာဖြင့် နေထိုင်လာခဲ့ကြတာယခုအချိန်ထိပါပဲ၊ မိမိတို့ပြည်နယ်၊ မိမိတို့လူမျိုး၊ လူမျိုးစုများစည်းလုံးညီညွတ်မှုရရှိရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆောင်ရွက်ခွင့်ရှိသော ယနေ့အချိန်အခါမှာ ကျွန်တော်တို့ ရခိုင်မျိုးနွယ်စုဝင်ပါတီငယ်တစ်ခုဖြစ်တဲ့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟာ ပြည်ထောင်စုကြီးရဲ့အကျိုး၊ ရခိုင်ပြည်နယ်ရဲ့အကျိုး၊ ရခိုင်မျိုးနွယ်စုများရဲ့အကျိုးကို အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရှိရေးတို့ကို ကြိုးစားသွားမယ့်ပါတီ ဖြစ်ပါတယ်။

ထို့ကြောင့် ဒိုင်းနှင့်စကြာအမှတ်တံဆိပ်ပါတဲ့ ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီကို မဲပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အားလုံးကျန်းမာ ချမ်းသာကြပါစေ…။**

## မဲဆန္ဒရှင်ပြည်သူများ အသိပညာပေးရေးသင်တန်းဖွင့်



**ရန်ကုန် အောက်တိုဘာ ၇**

ယခုလာမည့် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲကြီးတွင် အလွှာအသီးသီးမှ ပြည်သူများပါဝင်နိုင်ရန်နှင့် ရွေးကောက်ပွဲ၏အကျိုးသက်ရောက်မှုများကို ထုတ်လွှင့်တင်ဆက်ပေးနိုင်ရန် မဲဆန္ဒရှင်အသိပညာပေးရေးသင်တန်းကို အောက်တိုဘာ ၅ ရက်က ရန်ကုန်မြို့ Orchid Hotel ၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါသင်တန်းကို မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်မှုတွင် အဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိသော Internews မှ ဦးဆောင်ကြီးကြပ်ကာ ပြည်တွင်းမီဒီယာလုပ်ငန်းများကြားရှိ ရေဒီယိုအသံထုတ်လွှင့်မှုပိုင်းဆိုင်ရာဌာနများ၊ ရုပ်မြင်သံကြားဌာနများ၊ သတင်းစာများ၊ ဂျာနယ်များနှင့် အွန်လိုင်းမီဒီယာများမှ သတင်းထောက်များ၊ အယ်ဒီတာများနှင့်သက်ဆိုင်သူများ တက်ရောက်ကြပြီး အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကာ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးရေး အစီအစဉ်များကို ထုတ်လွှင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် မီဒီယာကျင့်ဝတ်များနှင့် စောင့်ထိန်းရမည့်ဥပဒေများ၊ ရေဒီယိုပိုင်းဆိုင်ရာအထွေထွေဗဟုသုတများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနေ့လိုသင်တန်းမျိုးက မီဒီယာလောကအတွက် အလွန်ပဲအကျိုးရှိပါတယ်။ ခုဆို ရွေးကောက်ပွဲက တော်တော်လေးနီးနေပြီ။ အမှန်တကယ်ဆို အခုချိန်မှာ ပြည်သူတွေကို ရွေးကောက်ပွဲဆိုင်ရာ အချက်အလက် ဗဟုသုတတွေ အဆက်မပြတ်ထုတ်လွှင့်တင်ဆက်ပေးနေရမှာပါ။ ရွေးကောက်ပွဲဆိုင်ရာနဲ့ ပတ်သက်လို့ အားလုံးမှာတာဝန်ရှိသလို၊ မီဒီယာမှာ တာဝန်ပိုရှိတာကြောင့် ဒါမျိုးသင်တန်းတွေကို အဆက်မပြတ်ဖွင့်ပေးနေဖို့ လိုအပ်တယ်လို့မြင်ပါတယ်”ဟု ပြည်တွင်းရေဒီယိုအသံလွှင့်ဌာနတစ်ခုမှ သင်တန်းသူ မစန်းစန်းဝေက ဆိုသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသားစုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း- မင်းထက်၊ဓာတ်ပုံ- မိုးမခ**

## ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဆရာဖြစ်သင်တန်းဖွင့်

**လားရှိုး အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် မဲရုံတာဝန်ရှိသူအဖွဲ့ဝင်များကို ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆရာဖြစ်သင်တန်းကို အောက်တိုဘာ ၅ ရက်က လားရှိုးမြို့ ရပ်ကွက်(၂)ရှိ ကက်သလစ်သာသနာကျောင်းဝင်းရှိ နှင်းဆီခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးနစ်ဆန်းဦးက အမှာစကားပြောကြားခဲ့ပြီး လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေက အဆိုပါသင်တန်းပို့ချမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**

## မဲရုံမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ချောင်းဆုံ အောက်တိုဘာ ၇**

မဲရုံတွင်မီးလောင်မှုဖြစ်ပွားပါက မဲပုံးများ၊ မဲလက်မှတ်နှင့်စာရွက်စာတမ်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို ချောင်းဆုံမြို့ မုရစ်ကြီး အမကကျောင်း၌ အောက်တိုဘာ ၅ ရက်က ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် မဲပုံး၊ မဲလက်မှတ်များဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ မီးငြိမ်းသတ်ဆေးဘူးဖြင့်လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးလောင်အဆောက်အအုံများရေဖျန်း၍ လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို တာဝန်ရှိသူများက စုပေါင်းပြီးသရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ ယင်းသရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၆၂ ရုံကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တာဝန်ခံ ဦးသန်းအောင်က ပြောကြားသည်။

**ထူးအိမ်(ပြန်/ဆက်)**

# အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် အောက်တိုဘာ ၇**

**အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာလှမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းဝင်းတို့က ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ကျွန်တော်က အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာလှမြင့်ဖြစ်ပါတယ်။ အခုကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း ၁၂ ဦးကို ရွေးချယ်ခဲ့ပြီး ရွေးကောက်ပွဲဝင်ဖို့ လျှောက်ထားခဲ့ပါတယ်။ ခြောက်ယောက် ခွင့်ပြုချက်ရပြီး ခြောက်ယောက်ကတော့ အပယ်ခံရလို့ အယူခံတင်ခဲ့တာမှာ လေးဦး အောင်မြင်ခဲ့ပါတယ်။ ပေါင်း ၁၀ ယောက်ခွင့်ပြုချက်ရခဲ့တာကြောင့် ကိုယ်စားလှယ်လောင်းအသီးသီးဟာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ လုပ်နေကြပါပြီ။ ကော်မရှင်ကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားပါရစေ။

ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်တွေ အရွေးခံရလို့ လွှတ်တော်အသီးသီးကို ရောက်သွားကြတဲ့အခါ ကျွန်တော်တို့ လူနည်းစုတွေ ဆုံးရှုံးနေရတဲ့ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေကိုရနိုင်ဖို့ လွှတ်တော်တွေမှာ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒါ့ပြင် လွှတ်တော်အသီးသီးကို ရောက်လာကြမယ့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ယုံကြည်တဲ့သူ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို လိုလားကြသူ ကိုယ်စားလှယ်တွေ၊ ညီနောင်တိုင်းရင်းသား ကိုယ်စားလှယ်တွေနဲ့အတူ တွဲဖက်ပြီး လွတ်လပ်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ပေါက်လာဖို့ ကြိုးစားကြမယ်လို့ ရည်မှန်းပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကိုတော့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းဝင်းက တင်ပြမှာ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။




အနာဂတ်မြန်မာနိုင်ငံတော်သစ်ကို ပုံဖော်နိုင်ဖို့အတွက် နောက်တစ်ကြိမ်အခွင့်အရေးရဖို့ ခဲယဉ်းလှတဲ့ အခြေအနေမှာ ဆန္ဒမဲတစ်ပြားစီကို ထိုက်ထိုက်တန်တန်ကိုင်ဆောင်ထားကြတဲ့ မိဘပြည်သူ၊ အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား၊ ကျောင်းသားလူငယ်အပေါင်းတို့ခင်ဗျား-

လေးစားစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်…

ငြိမ်းချမ်းခြင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ. . .။

ကျွန်တော်တို့ပါတီဖြစ်စဉ်အကျဉ်းကို အမြွက်မျှ တင်ပြပါရစေ။ လက်ရှိ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီဟာ ၂၈-၂-၂၀၁၂ နေ့မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ရခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာလည်း ဒီပါတီနာမည်နဲ့ပဲ ရွေးကောက်ပွဲ ဝင်ခဲ့တာဖြစ်ပါတယ်။ ဒီမတိုင်ခင်ကတော့ မြန်မာတစ်နိုင်ငံလုံး တစ်စု၊ တစ်စုစီပြန့်ကျဲနေတဲ့ မွတ်စလင်တွေကို တစ်စုတည်းစုပြီး လွတ်လပ်ရေးအတွက် နိုင်ငံရေးအင်အားတစ်ရပ်အနေနဲ့ ထူထောင်ဖို့ ဆရာကြီးဦးရာဇတ်ကို ဗိုလ်ချုပ်က တိုက်တွန်းတာကြောင့် 'ဗ မ က' ဗမာမွတ်စလင် ကွန်ဂရက်ကို ဖွဲ့စည်းပြီး 'ဖဆပလ' အဖွဲ့ချုပ်ကြီးရဲ့ တပ်ပေါင်းစုဝင်အဖြစ်နဲ့ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ တောင်ပေါ်မြေပြန့်မခွဲတဲ့ စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ပင်လုံစာချုပ်ကြီးကိုလည်း ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးကြီးကိုလည်း အရယူနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်မှာလည်း 'ဗမက'ဟာ 'ဖဆပလ'ရဲ့ မဟာမိတ်အဖြစ်နဲ့ ၁၉၅၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ နိုင်ငံရေးမျက်နှာစာမှာ အထင်ကရလှုပ်ရှားပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးနဲ့ စက်မှုထုတ်ကုန်တိုးမြှင့်ရေးတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံအားလုံးလိုလိုက မော့ကြည့်ရတဲ့ထိ အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် ပါတီဖျက်ပြီး နောက်တစ်နေ့ အောက်တိုဘာ ၁ မှာ 'ဗမက (သစ်)' လို့ ပြန်ဖွဲ့သူတွေကဖွဲ့သလို ၁၉၆၁ မှာ 'ဗပက' ကို ဖွဲ့ပြီး၊ 'ပမညတ'အဖွဲ့ကြီးနဲ့ မဟာမိတ်ဖွဲ့ အတိုက်အခံနိုင်ငံရေးအုပ်စုအဖြစ် လှုပ်ရှားခဲ့ပါတယ်။ ၁၉၆၄ မှာ 'မဆလ' တစ်ပါတီစနစ် တည်မြဲဖို့အတွက် ကျန်ပါတီတွေအားလုံးကို ဖျက်သိမ်းလိုက်ရာမှာ 'ဗမက(သစ်)' ရော၊ 'ဗပက'ပါ ပါသွားခဲ့ရပါတယ်။

ဥတုသုံးလီ (၂၆)ကြိမ်ပြောင်းပြီးတဲ့နောက်မှာတော့ နိုင်ငံရေးရာသီဥတု တစ်ခုကြုံလာတဲ့အခါ ၁၉၉၀ ရွေးကောက်ပွဲဝင်ဖို့ ပါတီထောင်ပြီး မှတ်ပုံတင်ခဲ့ပေမယ့် သမိုင်းရှိခဲ့တဲ့ အရင်နာမည်တွေကို သုံးခွင့်မပြုတာကြောင့် 'အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ' (UNC)အမည်နဲ့ မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ခဲ့ရပါတယ်။ နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းခဲ့ပြီး တစ်ဖန် ၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီတွေ ပြန်တည်ထောင်ကြတော့လည်း လေးသံကို နားထောင်ရင်း စောင့်ကြည့်နေခဲ့ရတာကြောင့် ၂၀၁၂ မှာမှ မှတ်ပုံတင်နိုင်ခဲ့တာပါ။ ဒါတောင်မှ အရင်သမိုင်းက အမည်ဟောင်းတွေကို ပြန်သုံးခွင့်မရဘဲ "အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ" (UNC)အမည်ကိုသာ သုံးခဲ့ရတာပါ။

အတိတ်သမိုင်းကို ပြန်ကြည့်ရင် နိုင်ငံရေးရာသီဥတုကိုလိုက်ပြီး အမည်တွေ ပညတ်တွေ ဘယ်လိုပဲပြောင်းပြောင်း နိုင်ငံတော်ထူထောင်ရေးနဲ့ ကာကွယ်ရေးကိစ္စတွေမှာ ပြည်သူတွေအားလုံးနဲ့အတူ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ခွင့်တူညီမျှ မခြားမနားခံစားခဲ့ကြသလို နိုင်ငံတော်လည်း တင့်တယ်ခဲ့ရပါတယ်။ ခုအခါမှာလည်း နိုင်ငံတော်ရဲ့ အရေးကိစ္စဟူသမျှမှာ အရင်ကနဲ့မခြား၊ ကာကွယ်ရေး၊ တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးခေတ်မီရေးကိစ္စတွေမှာ အားလုံးနဲ့အတူ ပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ တိုင်းပြည်အတွက် တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ကြီးမားတဲ့ကျွန်တော်တို့ လူမှုအစုအဖွဲ့တွေကို ကျွန်တော်တို့ UNC ပါတီအနေနဲ့ သန်းခေါင်စာရင်းကောက်ကာလက ထိတွေ့သိရှိခဲ့ရတာကြောင့်၊ အသုံးမတည့်ဘဲ အဟောသိကံ မဖြစ်စေချင်ပါ။ ကိုယ့်နိုင်ငံ အနီးအနားက ရှေ့တန်းကို ရောက်နေကြတဲ့ နိုင်ငံတွေမှာ "ခြားနားမှုရှိသော်ငြားလည်း အားထားရသူတွေ" အဖြစ် ဖန်တီးပေါင်းစပ်နိုင်ခဲ့ကြလို့သာ အကျိုးရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို ကြီးမားလှတဲ့ လူ့အစုအဝေးကြီးတစ်ရပ်ကို ပစ်ပယ်ထားဖို့မူရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာဆိုရင်တော့ တကယ့်ငြိမ်းချမ်းရေးနဲ့ တိုးတက်မှုကို ဘယ်လိုမှ ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး။ ခုလို မြန်မာပြည်အနှံ့ တောင်ပေါ်မြေပြန့်မကျန် ရေတွေကြီးကြရာမှာ အဆီးအတားတွေအားလုံးပျောက်ပြီး ငါ့ဆီသူလာ၊ သူ့နေရာငါရောက် မကွဲမပြား ဝိုင်းကူကြတာ အကျိုးရှိလိုက်တာ။ အားရဝမ်းသာစရာပါ။

တိုင်းပြည်အတွက် အားလုံးနဲ့အတူ ဝိုင်းကူဆောင်ရွက်ဖို့ အားသန်တာမှာ ကျွန်တော်တို့အနေနဲ့ NEGATION OF NEGATION ဆန့်ကျင်ခြင်းကို ဆန့်ကျင်ခြင်းနည်းကို သုံးမှာမဟုတ်ပါဘူး။ အပြန်အလှန် နားလည်မှုရအောင် ပူးပေါင်းဆောင်ရွက်တဲ့နည်း၊ အပြန်အလှန် သိမှတ်နားလည်မှုပေးခြင်းကို စိတ်ရှည် လက်ရှည်လုပ်တဲ့နည်း၊ မေတ္တာပေး၊ မေတ္တာယူတဲ့နည်းနဲ့ မုန်းခြင်းမပါ၊ ချစ်ခြင်းကိုသာ ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ငါတို့ စိတ်တူကိုယ်တူ ကြိုးစားကြမယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ ၂၀၁၅ ခု ဖေဖော်ဝါရီ ၂၀၊ ၂၁၊ ၂၂ ရက်တွေမှာ ပြည်လုံးကျွတ်ညီလာခံကြီးခေါ်ယူပြီး ပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး ဒီရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

လူတိုင်းလူတိုင်းဟာ သဘာဝတရားအရ ညီတူညီမျှ မွေးဖွားလာကြပါတယ်။ မြန်မာပြည်သားအားလုံး ခွင့်တူညီမျှရှိပါမှ ညီညွတ်မှုကို ရကြပါမယ်။ လူမျိုးစုအားလုံးဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရပါ့မယ်။လူ့တန်ဖိုးနဲ့ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး လူ့အခွင့်အရေးပြည့်ဝ၊ လူမျိုးဘာသာ၊ ရာထူးဂုဏ်သိမ်၊ လိင်မခွဲတဲ့ဝါဒ၊ နေရာလပ်မကျန်၊ ပြည်လုံးအနှံ့ သက်ရောက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရပါမယ်။

အားကြီးတဲ့လူမျိုးက အားနည်းတဲ့လူမျိုးကို နှိပ်ကွပ်၊ အာဏာလက်ရှိက အာဏာလက်မဲ့ကို ဖိနှိပ်၊ အောက်ခြေပြည်သူကို လျစ်လျူရှုပြီး အထက်အုပ်ချုပ်ရေးအာဏာကို အရယူကာ အောက်ခြေပြည်သူ သဘောမတူဘဲ သယံဇာတတွေကို ထုတ်ယူ၊ လည်သူတွေက ရိုးသူတွေအပေါ် အမြတ်ထုတ်၊ ကြားခံကိရိယာမျိုးစုံကို သုံးပြီး လုယ့်ပတ်၊ နေမြဲနေစေ၊ နိမ့်မြဲနိမ့်စေ၊ မွဲမြဲမွဲစေ၊ မသိမြဲမသိစေ၊ စွဲလန်းမြဲစွဲလန်းစေ၊ အယူသီးမြဲအယူသီးစေ၊ ရှုံ့ရှာမြဲ ရှုံ့ရှာနေစေဖို့ ဖြားယောင်းမြဲဖြားယောင်းနေမှုတွေ သက်ဆိုးရှည်နေသမျှ ငြိမ်းချမ်းတဲ့၊ တိုးတက်တဲ့၊ ခေတ်မီတဲ့၊ လူသားဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့၊ လူ့အခွင့်အရေး ပြည့်မီတဲ့၊ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားတဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ပေါ်ထွန်းလာလိမ့်မယ်လို့ ယုံနိုင်ဖွယ်မရှိပါ။

ဒီမိုကရေစီယဉ်ကျေးမှု အလေ့အကျင့်ဟာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံနဲ့ အံလွဲနေတယ်လို့ မြင်တဲ့အတွက် အံဝင်အောင်ပြင်ရမယ်လို့ ယုံကြည်ပါတယ်။

တရားဥပဒေနဲ့ တရားစီရင်ရေးစနစ်ဟာ အစိုးရဘက်ကချည်းရှိနေတဲ့ ယဉ်ကျေးမှုကနေ ပြည်သူဘက်က ရပ်တဲ့ယဉ်ကျေးမှုအဖြစ် ပြောင်းရပါမယ်။ အစိုးရလစာစားနေရတယ်လို့အယူလွဲပြီး အစိုးရဘက်ကိုချည်းလိုက်နေတဲ့ ဝန်ထမ်းတွေရဲ့ စိတ်အခြေကိုလည်း ပြည်သူတွေပေးတဲ့ လစာကိုစားနေရတယ်လို့ အသိပြောင်းပြီး ပြည်သူကို စောင့်ရှောက်လုပ်ကျွေးတတ်တဲ့ အကျင့်ကိုမွေးမြူပေးရပါမယ်။

နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်ဟာ ခိုင်မာပီပြင်အသက်ရှင်ရပါမယ်။ နိုင်ငံတော်လက်ဝါးကြီးအုပ်စီးပွားရေးနဲ့ ပုဂ္ဂလိက လက်ဝါးကြီးအုပ်စီးပွားရေးကို လုံးဝရှင်းပစ်ပြီး လွတ်လပ်တဲ့ ပြိုင်ဆိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းပြီးအာမခံရပါမယ်။ အသေးစားနဲ့အလတ်စား စီးပွားရေးနဲ့ ကုန်ထုတ်လုပ်ငန်းတွေကို နိုင်ငံတော်က ထောက်ပံ့ချီးမြှောက်ရပါမယ်။

အလုပ်သမားတွေရဲ့လုပ်ခလစာကို စားလောက်ရုံမျှနဲ့ မတွက်ချက်ဘဲ ဝတ်ရေးနဲ့ နေရေးကိုပါထည့်တွက်ဖို့ လိုပါမယ်။ ကျန်းမာရေးနဲ့ပညာရေးအတွက်ကိုတော့ နိုင်ငံတော်ကကျခံရမှာဖြစ်ပါတယ်။ အဲဒီအတွက် စရိတ်ကို နိုင်ငံတော်မှာအမြင့်ဆုံးသုံးထားတဲ့ စရိတ်တွေထဲက သုံးပုံနှစ်ပုံလောက်ထိ ဖြတ်တောက်သုံးစွဲဖို့ စီစဉ်ရပါမယ်။

လယ်သမားတွေကိုလည်း "လယ်လုပ်သူလယ်ပိုင်စေ" အာမခံချက်ပေးရပါမယ်။ စီးပွားရေးတွက်ခြေကိုက်တဲ့ သီးနှံကို လယ်သမားက ရွေးချယ်စိုက်ပျိုးခွင့်ရှိရပါမယ်။ မြေပိုင်ရှင်ကြီးစနစ်ပေါ်ပေါက်မလာဖို့ ဥပဒေပြုပြီး ထိန်းသိမ်းကာကွယ်ရပါမယ်။ စိုက်ပျိုးရေးထောက်ကူစရိတ်ကို နိုင်ငံတော်ကတာဝန်ယူရပါမယ်။ သိမ်းပိုက်ခံလယ်ယာမြေတွေကိုလည်း လက်ငုတ်လက်ရင်း လယ်သမား၊ ယာသမားလက်ထဲ လက်တွေ့ကျကျ မြန်မြန်ရောက်အောင် လှည့်ပတ်မှုမပါ၊ အချိန်ဆွဲမှုမပါဘဲ ဥပဒေပြဋ္ဌာန်းစီစဉ်ပေးရပါမယ်။

ကျေးလက်က နေစရာမြေမရှိတဲ့ပြည်သူတွေကို နိုင်ငံတော်ပိုင်မြေထဲက စနစ်ချမှတ်ပြီး နေမြေလက်ရောက်ပေးဖို့ လိုအပ်ပါမယ်။ လူတိုင်းဟာ မိမိကိုယ်တိုင်နေမယ့်မြေကိုကိုယ်တိုင်ဝယ်ယူနေထိုင်ဖို့ မစွမ်းရင် နိုင်ငံတော်က ပေးဖို့တာဝန်ယူရပါမယ်။ မြို့ပြက အိမ်ခြေမဲ့တွေကိုလည်း နိုင်ငံတော်ကမြေစိုက်ပြီးတန်ဖိုးနည်းအိမ်ခန်းတွေကို နိုင်ငံတော်ကစီမံကိန်းချဆောက်လုပ်ပေးရပါမယ်။

လွတ်လပ်တဲ့ ဗဟိုချုပ်ကိုင်မှုကင်းတဲ့ LIBERAL DEMOCRATIC EDUCATION ကိုဖော်ဆောင်ရပါမယ်။ ဂုဏ်သိက္ခာရှိတဲ့ပညာကို ဂုဏ်သိက္ခာရှိပြီး မိမိကိုယ်ကိုယ်ယုံကြည်တဲ့ ကျောင်းသားတွေက ကိုယ်တိုင်တွေးခေါ် ဆုံးဖြတ်ရဲစွာနဲ့ ဆရာစားမချန် ပညာရော စေတနာနဲ့ မေတ္တာပါပြွမ်းတဲ့ ဆရာတွေက သင်ပေးတဲ့ လေးစားခံ့ညားဖွယ်ရှိတဲ့ ကျောင်းတွေမှာ သင်ယူနိုင်ရပါမယ်။ တက္ကသိုလ်ပညာကိုလည်း ဂုဏ်သရေကြီးမြင့်တဲ့ တက္ကသိုလ်ကျောင်းကြီးတွေမှာ တက္ကသိုလ်ကျောင်းသားဘဝ သရုပ်ပီပြင်စွာနဲ့ ကမ္ဘာနဲ့ သီအိုရီအရရော၊ လက်တွေ့မှာပါ ချိတ်ဆက် ဆက်ဆံနိုင်တဲ့ ပညာရေးဖြစ်ဖို့လိုပါတယ်။ တက္ကသိုလ်ကျောင်းသားလို့ အဓိပ္ပာယ်သတ်မှတ်တဲ့အထဲမှာ အဆောင်နေခွင့်ဟာ ကျွဲကူးရေပါ တစ်ပါတည်းပါပြီးသားဖြစ်ရပါမယ်။ ခိုးသားတွေရဲ့ အလယ်မှာ ကြီးပြင်းရတဲ့ ကျေးသူငယ်လို မဖြစ်စေရပါဘူး။ ကျောင်းသားသမဂ္ဂတွေ ဆရာသမဂ္ဂတွေကို လွတ်လပ်စွာ ဖွဲ့စည်းပြီး လွတ်လပ်စွာ လှုပ်ရှားခွင့်ပေးရပါမယ်။

နေရာတကာမှာ လာဘ်ပေးလာဘ်ယူကိစ္စဟာ ရဲတင်းစွာပျံ့နှံ့တဲ့ ယဉ်ကျေးမှုကြီးဖြစ်နေပါပြီ။ မပေးသူဟာ မယဉ်ကျေးသူ ဖြစ်နေပါပြီ။ တစ်စုံတစ်ရာ မပေးလိုက်ရရင် နေမထိထိုင်မသာ စိတ်ရောဂါဖြစ်နေကြပါပြီ။ ဒီကင်ဆာကို အမြစ်မဖြတ်ဘဲ ဘယ်အားဆေးမှ အရာရောက်မှာမဟုတ်ပါ။ ခပ်ကြမ်းကြမ်းကိုင်တွယ်ပြီး ခပ်မြန်မြန် ဖြေရှင်းဖို့ မဖြစ်မနေလိုအပ်နေပါပြီ။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ စစ်မှန်တဲ့သင့်မြတ်ရင်ကြားစေ့ရေးဟာ မဖြစ်မနေလုပ်ရမှာဖြစ်ပေမယ့် အကျပ်ကိုင်ခြိမ်းခြောက်မှု မပါ၊ ဖြားယောင်းသွေးဆောင်မှုမပါ၊ ညစ်ကွက်တွေ အထက်ဆီးတွေမပါတဲ့ ပကတိလွတ်လပ်ခွင့် ABSOLUTE FREEDOM နဲ့ လုပ်တာ ဖြစ်ရပါမယ်။ ကြောက်ရွံ့စိုးရိမ်မှုမပါတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ ပွင့်လင်းမြင်သာတဲ့ ညှိနှိုင်းဆွေးနွေးမှု ဖြစ်ရပါမယ်။ ပြဋ္ဌာန်းဥပဒေတွေဟာ ပင်မဥပဒေတွေအပေါ် ပြန်ချုပ်တဲ့ ကန့်သတ်တဲ့ဥပဒေတွေ မဖြစ်စေရပါဘူး။

ဒါတွေကို တစ်ဦးတည်း တစ်ပါတီတည်းက လုပ်လို့မရနိုင်တာကြောင့် အားလုံးနဲ့အတူ ဝိုင်းလုပ်နိုင်ဖို့အတွက် လွှတ်တော်တွေထဲ ကိုယ်စားလှယ်တွေစေလွှတ်ပြီး "ပြိုင်တူတွန်းလျှင် မရွေ့နိုင်ဘူးလား" လို့ ကြွေးကြော်ရင်း အရွေ့တစ်ခုကို ရှာလိုတာ ဖြစ်ပါတယ်။

**လေးစားမြတ်နိုးအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား-**

ခုတင်ပြတဲ့မူဝါဒတွေကို ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက မဲဆန္ဒရှင်တွေရဲ့ နေအိမ်တံခါးဝထိအောင်အရောက်လာပြီး ရှင်းပြပါမယ်။ အောင်နိုင်ရေး ကြေညာချက်ကိုတော့ ကျွန်တော်တို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၁။ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ (UNC)သည် မြန်မာ့နိုင်ငံရေးကိစ္စများကို နိုင်ငံရေးဥပစာတွင် နိုင်ငံရေးနည်းဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြေရှင်းနိုင်ဖို့ တည်ထောင်ထားသော နိုင်ငံရေးပါတီဖြစ်ပါသည်။

၂။ UNCပါတီသည် မြန်မာ့နိုင်ငံရေးကိစ္စများကို အားလုံးနှင့်အတူ ဝိုင်းကူဖြေရှင်းရင်း မိမိအစုအဖွဲ့၏ တာဝန်ထမ်းဆောင်မှုကို ပို၍ ပီပြင်ထင်ရှားစေရမည် ဖြစ်ပါသည်။

၃။ ယင်းသို့ ကြိုးပမ်းကြရာတွင် UNC သည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်၍ နှစ်သက်ရာ ယဉ်ကျေးမှုကို တည်ဆောက်နိုင်ခွင့်၊ လူ့အခွင့်အရေးစံနှင့် လူ့ဂုဏ်သိက္ခာစံအပေါ် အလေးထား လေးစားယုံကြည်၍ လူမျိုးဘာသာ၊ လိင်မခွဲခြားသော စစ်မှန်သည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ပေါ်ထွန်းလာရေးကို ဦးလည်မသုန် ကြိုးပမ်းလျက်ရှိကြကုန်သော လူမျိုးစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့်သစ္စာထား၍ အတူတကွ ပူးပေါင်းဆောင်ရွက်သည်။

၄။ ကျွန်ုပ်တို့၏ UNC ပါတီသည် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရေး၊ အာဏာရှင်အုပ်စိုးမှု ပပျောက်ရေး၊ လူမျိုးကြီးဝါဒ လွှမ်းမိုးမှုမှ လွတ်မြောက်ရေး၊ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား၊ ကုန်သည်၊ ဝန်ထမ်းနှင့် ရဟန်းရှင်လူ၊ ကိုးကွယ်ယုံကြည်သူအားလုံး၏ လွတ်လပ်ခွင့်အတွက် သမိုင်းတစ်လျှောက် တိုက်ပွဲဝင်ခဲ့ကြသူ၊ တိုက်ပွဲဝင်လျက်ရှိကြသူ၊ ဝိုင်းဝန်းကြိုးပမ်းကြသူအားလုံးနှင့်အတူ တစည်းတလုံးတည်း ရှိသည်။

၅။ ကျွန်ုပ်တို့သည် ပြည်သူအားလုံးတို့အား အမုန်းစကားကိုမဆို၊ အချစ်စကားကိုသာဆို၍ ခွဲခြားခြင်းကို မလို၊ ပေါင်းစည်းခြင်းကိုသာလို၍၊ ချုပ်ချယ်ခြင်းကိုမလို၊ လွတ်လပ်ခြင်းကိုသာလို၍ မဲဆန္ဒရှင်ပြည်သူအားလုံးတို့၏ မြတ်သောအလိုဟူသမျှ ပြည့်ဝစေ၊ မချစ်မနှစ်သက်သောအရာဟူသမျှ ဝေးကွာစေဟူသော စိတ်စေတနာဖြင့် ပြည်သူ့အကျိုးကိုဆောင်ပါမည်။

၆။ ကျွန်ုပ်တို့သည် ဤနှယ်မူဝါဒ ဤသို့သော လုပ်ငန်းစဉ်များဖြင့် ကျွန်ုပ်တို့အပေါ် အထင်မှားသူများလည်း အမြင်မှန်စေ၊ ကျွန်ုပ်တို့အပေါ် နားလည်မှုလွဲသူများလည်း နားလည်မှုရစေ၊ ဤသို့သော ကြည်လင်မှုဖြင့်နိုင်ငံ့အရေး ပူးပေါင်းလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် မိမိတို့ရယူလိုသော အခွင့်အရေးများနှင့် ထမ်းရွက်လိုသော တာဝန်များကို လွှတ်တော်ပြင်ပတွင်သာမက လွှတ်တော်အတွင်း၌ပါ သိုင်းဝိုင်းဆောင်ရွက်နိုင်ခြင်း အလို့ငှာ UNC ပါတီကိုကြည်ဖြူသူ၊ ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမဲကိုယုံကြည်စွာအားကိုးတောင်းခံ၍ ဤပါတီစုံရွေးကောက်ပွဲကြီးသို့ ရဲဝံ့စွာဝင်ရောက်ပြီဖြစ်ပါကြောင်း မြတ်နိုးလေးစားစွာ အသိပေးအပ်ပါသည် ခင်ဗျား-

**လူ့အခွင့်အရေး စံနှင့်အညီ လူ့တန်ဖိုးပြည့်ဝစေဖို့**
**UNC ကိုမဲပေးစို့**